
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


ပထမအကြိမ် - ၂၀၁၉ မေ

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၅၀၀ ကျပ်

မျက်နှာဖုံးဒီဇိုင်း - ချယ်ရီမေ

ကွန်ပျူတာ - မာမာဖြူ(ပွင့်ဖြူ)

အတွင်းဖလင် - ADORN၊ ၀၉-၄၅၀၀၁၇၃၃၂

ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၄၀၀၄)
စင်ရုတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၇၃၄၆)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


BURMESE CLASSIC .com


မောင်မှိုင်းညို(ချောင်းဦး) ၃၉၈.၂
ဘုရားခံဖြစ်သွားသောသက်သေနှင့်ဖြစ်ရပ်မှန်မှုခင်းများ/
မောင်မှိုင်းညို(ချောင်းဦး)/ရန်ကုန်၊
စင်ရုတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၉။
၂၁၆-စာ၊ ၁၂ x ၁၈ စင်တီ


www.burmeseclassic.com

www.burmeseclassic.com

# တရားခံဖြစ်သွားသောသက်သေ

# နှင့်

# ဖြစ်ရပ်မှန်မှုခင်းများ

မောင်ရှိုင်းညို (ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

+++

၁။ တရားခံဖြစ်သွားသောသက်သေ — ၃

၂။ မှုန့်ပုံးလေးလက်ဆောင် — ၂၉

၃။ ကံစီမံရာ ဦးဩဘာ — ၅၃

၄။ ခြောက်ငါးလီသုံးသိန်း — ၇၇

၅။ ဖိုးသမားမယား — ၁၀၂

၆။ မနမ်းထိုက်တဲ့ပန်း — ၁၃၈

၇။ ခွကောင် — ၁၅၁

၈။ ဟော့ ... ဟော့ ... ဝေမ — ၁၇၀

၉။ ဆယ့်သုံးတစ်လီ အမုန်း — ၁၉၄

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အရေးခံဖြစ်သွားသောသက်သေ

(တစ်)

(၁၉၈၃) ခုနှစ် ဇွန်လထဲတွင် ဖြစ်ပါသည်။

ကျွန်တော် အင်းစိန်မြို့နယ် ပြည်သူ့တရားရုံး၌ ီအို) တာဝန်ထမ်းဆောင်နေချိန်လည်း ဖြစ်၏။

(စီပီအို) တာဝန်ရဲအရာရှိမှာ ရဲအုပ်အုန်းကျော် ်သည်။

ကျွန်တော်က သူ့အောက်တစ်ဆင့်နိမ့် ဒုရဲအုပ် န်းမှူး) အဆင့်ဖြင့်ဖြစ်၏။

အပြာဝိုင်းလေးပေါ်တွင် ငွေကြယ်တစ်ပွင့် တင် းရ၍ အပြာခံ စခန်းမှူးဟုလည်း သတ်မှတ်ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



(စီပီအို) ကို မြန်မာစကားဖြင့် မှုအမှုလိုက်အရာရှိ ခေါ်၏။

သူ၏တာဝန်မှာ ယခုခေတ်ဥပဒေအရာရှိများ ကဲ့သို့ အစိုးရဘက်မှ အမှုများကို လိုက်ပါဆောင်ရွက်ရ၏။

ထို့ကြောင့် ‘ ဆွဲချ ’ ဟူသည့် အမည်တစ်ခုလည်း ရပြန်၏။

ဥပဒေအရာရှိကဲ့သို့ပင် လုပ်ငန်းသဘာဝရှိသော်လည်း တာဝန်က ဥပဒေအရာရှိထက် များပြား၏။ ရှုပ်ထွေး၏။

တရားရုံး ထုတ်လာသည့် တရားခံမိုက်ဖမ်းမြေ လည်း သူ့တာဝန်။

တရားခံ ထွက်ပြေး လွတ်မြောက်မှု မရှိစေမှုလည်း သူ့တာဝန်။

တရားရုံးအတွင်း ငြိမ်ဝပ်ပိပြားရေးနှင့် စည်းကမ်း သေဝပ်ရေးကလည်း သူ့တာဝန်။

တာဝန် . . . တာဝန်တွေက ကြီးလေးများ ပြောင် လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်အချိန်က (စီပီအို) တာဝန်ကို ရဲကြပ်ကြီးများပင်လျှင် ရဲအရာရှိ၏၊ တာဝန်ခံမှုဖြင့် လုပ်ခွင့်ရ၏။

(၈၂) ခုနှစ်ကျမှ ရဲအရာရှိများသာ ထမ်းဆောင်ရမည်ဟု ညွှန်ကြားလာခဲ၏။

ထို့ကြောင့်ပင် အင်းစိန်ရဲစခန်းအမှုစစ်အဖြစ်မှ အင်းစိန်တရားရုံး (စီပီအို) ဖြစ်ခဲ့ရခြင်းဖြစ်သည်။

ထိုစဉ်က ကျွန်တော်သည် ဝိဇ္ဇာဘွဲ့လက်မှတ်တစ်ခုနှင့် အထက်တန်းရှေ့နေ စာမေးပွဲအောင်လက်မှတ်တစ်ခု ရရှိထားခဲ့၏။

မှတ်ပုံတင်ရှေ့နေ (RL) ပထမနှစ်လည်း စာက်ရောက်ချိန်ဖြစ်နေ၍ စီပီအိုတာဝန်နှင့် ကျွန်တော်၊ ကျွန်တော်နှင့် စီပီအိုတာဝန်၊ အလွန် အင်မတန် သင့်လျော်သည်ဟု ဆိုရပါလိမ့်မည်။

အမှုစစ်သာ လုပ်ဖူးသည့် . . . ကျွန်တော်
အမှုလိုက်မလုပ်ဖူးသည့် . . . ကျွန်တော်
တရားရုံးတွင် အခက်အခဲမျိုးစုံတွေ့ကြုံခဲ့ရ၏။
ထိုအခါမျိုးတွင် ကျွန်တော့်ကို နည်းပေးကာ လမ်း

www.burmeseclassic.com

www.burmeseclassic.com



ပြခဲ့သည့် ဥပဒေရေးရာအဖြာဖြာကို သင်ပြခဲ့သည့် ဆရာဦးငြိမ်း၏ ကျေးဇူးကို ကျွန်တော် ယခုတိုင် တသသဖြစ်လျက်ရှိပါသေး၏။

(ထိုစဉ်က ဥပဒေဝန်ထမ်း အဲဆင့် (၃) ဦးမြငြိမ်းကား ယခုအချိန်တွင် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်တစ်ဦး ဖြစ်နေပေပြီ)

ဤသို့သော အခြေအနေနှင့် ဤသို့သော အချိန်အခါမှာပင် တရားခံဖြစ်သွားရရှာသော သက်သေကို ခေါ်ဆောင်လာမည့် နာမည်ရ ထိတ်ထိတ်ကြ ရှေ့နေကြီးတစ်ဦးနှင့် ကျွန်တော်တရားရုံးခန်းထဲ၌ ရင်ဆိုင်တွေ့ဆုံခဲ့ရပါတော့သည်။

(နှစ်)

အင်းစိန်မိုးက တစိမ့်စိမ့်၊ တဖွဲဖွဲ၊ မစဲဘဲရွာနေ၏။

ကျွန်တော်သည် ရဲအုပ်အုံးကျော်နှင့်အတူ မှုခင်းအကြံပေးချက်များ ရေးသားရန် ရဲစာတွဲများအား ဖတ်ရှုနေလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မရှင်းလင်းသည့် ဥပဒေကိစ္စများကိုလည်း ဝါရင့်ရဲအရာရှိ ရဲအုပ်အုံးကျော်ထံမှ မေးမြန်းသင်ယူနေရ၏။

နံနက် (၁၀) နာရီခန့်၌ တရားစီရင်ရေးအဖွဲ့ (၂) ၁ ရှေ့ဖတ်စာရေးရောက်လာသည်။

အမှုစစ်ဆေးရန်အတွက် ကျွန်တော့်ကို လာ ောက် အကြောင်းကြားခြင်းဖြစ်၏။

ရဲအုပ်အုံးကျော်၏ ခွင့်ပြုချက်ဖြင့် ကျွန်တော် တရားခွင်သို့ လိုက်သွားခဲ့သည်။

တရားခွင်တွင် တရားသူကြီးသုံးဦးစုံညီစွာ ရောက် ိနေပေပြီ။

တရားခံ(၇)ဦးမှာလည်း သက်မှတ်နေရာ၌ ရဲ စောင့်များနှင့်အတူရှိနေ၏။

တရားသူကြီးအဖွဲ့ကို အရိုအသေပြုပြီး ရုံးအမှု ိုက်အရာရှိ နေရာတွင် ကျွန်တော် ဝင်ထိုင်၏။

မျက်လုံးဝေ့ကြည့်လိုက်တော့ တရားခံ အကျိုး ဆောင်ရှေ့နေကြီး မရောက်လာသေး။

တရားခံများဘက်မှ လက်ဖက်ရည်ဆိုင်တွင် လိုက်

www.burmeseclassic.com

www.burmeseclassic.com



ခေါ် နေကြောင်း ပြောနေသံကို ကြားရ၏။

အတန်ကြာမှ ရွှေနေကြီးရောက်လာသည်။

သူ့နောက်တွင် အလုပ်သင်ရှေ့နေ သုံးယောက် လောက်ပါလာ၏။

သူတို့နောက်မှ တရားခံများ၏ ဆွေမျိုးများဖြစ် ဟန်တူသူ စတော်တော်များများလည်း ကပ်ပါလာ၏။

ရွှေနေကြီး ကြွလာပုံက မင်းခမ်းမင်းနားနှင့် ကြွလာသည့် ဇာတ်ထဲက ဝန်ကြီးတစ်ဦးပမာ ဟိတ်နှင့်ဟန်နှင့် ရှိလှသည်။

ရွှေနေကြီးက ကွမ်းများကို ပလုပ်ပလောင်း ဝါး ရင်း တရားသူကြီးအဖွဲ့ကို အရိုအသေပြု၏။ ပြီးသည်နှင့် သူ့နေရာတွင် ဝင်ထိုင်၏။

ချိန်ဘာဆင်းနေသည့် တပည့်လေးများကလည်း ဆရာ့နည်းတူဝင်လာကြ၏။

“ အရင်အပတ် ရုံးချိန်းတုန်းကအခြားရုံးသွားစရာ ရှိလို့ အမှုကို စောစောစစ်ပေးပါလို့ အကျိုးဆောင်ကြီးပဲ ပြောခဲ့တယ် မဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com



အခုတော့လည်း လိုက်ခေါ်မှ လာတော့တယ်။

လာပြန်တော့လည်း ကွမ်းတွေ ဝါးနေတယ်။

ရုံးခန်းထဲ မထွေးမိပါစေနှင့် ”

တရားစီရင်ရေးအဖွဲ့ဝင်တစ်ဦးက လေအေးအေးဖြင့် ခပ်မာမာပြောလိုက်သည်။

ရှေ့နေကြီးက ဝါရင့်ရှေ့နေကြီးပီပီ အရေထူလှ၏။

မျက်နှာတစ်ချက် ပျက်သည်ကို ကျွန်တော် မတွေ့ရ။

တဟဲဟဲ ရယ်မောရင်း အပြင်ဘက်ထွက်ပြီး ကွမ်းများကို ထွေးထုတ်ပြီး ပြန်ဝင်လာပါသည်။

ထိုရှေ့နေကြီး၏အမည်မှာ ဦးကျော်အောင် ဖြစ်၏။

သူနှင့်ကျွန်တော် တရားခွင်တွင်တစ်ကြိမ်မျှ မဆုံဘူးသေး။

သို့သော် ဥပဒေပညာ ကျွမ်းကျင်ခြင်း၊ စကားပြောကောင်းခြင်းနှင့် ဟိတ်ဟန် မှင်မောင်း၊ ဥပမိရုပ်ကောင်းသည့် သူကိုတော့ ကျွန်တော်သိနေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ရုံးချိန်းတိုင်း မှန်မှန်မတက်ဘဲ တပည့်များနှင့် မျက်နှာလွှဲခဲ့ပစ်လုပ်တတ်သည့် သူ့အကျင့်၊ တရားမျှတမှု ရှိသည်မရှိသည် မလိုအပ်၊ ကိုယ့်အမှုသည် နိုင်ဖို့အဓိက ဟူသည့် ခံယူချက်ဖြင့် အထက်လမ်း၊ အောက်လမ်း၊ နည်းစုံ လမ်းစုံ သုံးတတ်သည့် သူ၏အကျင့်တို့ကိုလည်း ကြားသိခဲ့ပြီးဖြစ်ပါသည်။

ထိုရှေ့နေကြီးနှင့်မှ ကျွန်တော်ယခုသော် . . .

တရားခွင်အတွင်း မျက်နှာချင်းဆိုင် ထိုင်နေကြရချေပြီ။

အမှုကတော့ ကြီးကျယ်သည့် အမှုမဟုတ်ပါ။

စိတ်ဝင်စားစရာလည်း မကောင်း။

" တရားမဝင် ကျွဲနွားသည်ဆောင်လာမှု " ဟု အရင်ပြော ပြောရမည့် အရေးမပါလှသည့် သာမန်အမှုလေးသာ ဖြစ်သည်။

အမှုကြီး (၁၀) မျိုးစာရင်းဝင်မဟုတ်သဖြင့် အရေးမပါသည့် အမှုဟု ဆိုရသော်လည်း စွဲဆိုသည့် နှစ်မကတော့ (၁၉၄၇) ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့်



www.burmeseclassic.com

www.burmeseclassic.com


ဆောင်ရွက်မှုများဆိုင်ရာ ဥပဒေပုဒ်မ ၈(၁)။

(၃) နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်တစ်ထောင်ဖြစ်စေ၊ ဒဏ်နှစ်လုံးဖြစ်စေ ချမှတ်ခံရနိုင်ပြီး ပစ္စည်းအားလုံးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရမည်ဟုလည်း ဖြစ်ဒဏ်သတ်မှတ်ထား၏။

စိတ်ဝင်စားစရာ ကောင်းသည့်အမှု မဟုတ်ရသည့်အထဲ၊ အကြောင်းချင်းရာကလည်း ဖြစ်ရိုးဖြစ်စဉ်အတိုင်း သိပ်ထူးခြားမှု မရှိ။

နွား(၁၅)ကောင်ကို လူ(၇)ယောက်က ထန်းတပင်မြို့နယ်မှ အင်းစိန်မြို့နယ်ထဲသို့ သယ်ဆောင်လာသည်။

ရဲနှင့် ရပ်ကွက်လူကြီးက စစ်သည်။

သူတို့ထံ၌ တစ်မြို့နယ်မှ တစ်မြို့နယ်သို့ နွားများသယ်ယူရန် ခွင့်ပြုချက်မပါရှိ၊ ထို့ကြောင့် ရဲကတရားလိုပြုလုပ်ကာ တရားစွဲသည့်အမှုဖြစ်၏။

(ဥပဒေအရ ကျွဲနွားများကို မြို့နယ်ကျော်၊ တိုင်းကျော် သယ်ဆောင်လိုပါက သက်ဆိုင်ရာ မြို့နယ်၊ တိုင်းအလိုက် ထုတ်ပေးသည့် ခွင့်ပြုချက်ရှိရမည် ဖြစ်ပါသည်)


www.burmeseclassic.com

www.burmeseclassic.com



အမှုကာလည်း ရုံးတွင် တော်တော် ခရီးပေါက်နေပါပြီ။

တရားလိုနှင့် သက်သေတွေစစ်ဆေးပြီး၍ တရားရုံးစွဲချက်ပင် တင်ပြီးလေပြီ။

ယခင်က စီပီအို တပ်ကြပ်ကြီးအောင်ကြည် လိုက်ပါဆောင်ရွက်ခဲ့၏။

ယခုတော့ ကျွန်တော့်တာဝန်ဖြစ်နေချေပြီ။

" နွားပိုင်ရှင်က လှိုင်မြို့နယ်မှာနေတဲ့ ဦးလှသောင်းဖြစ်ပါတယ်။ အစာရေစာ ရှားပါးတဲ့အတွက် အင်းစိန်မြို့နယ် အလယ်ရွာက ဦးကြာအေးထံမှာ ခေတ္တထားခြင်းဖြစ်ပါသည်။

ယခု မိုးဦးကျချိန် အစာရေစာ ပေါများလာ၍ ပြန်လည်ယူဆောင်ရာမှာ ကျွန်တော်တို့က အခကြေးငွေ ယူပြီးနွားများကို ပို့ဆောင်ပေးရခြင်း ဖြစ်ပါတယ် "

တရားခံ (၇) ဦးစလုံးကပင်သည်အတိုင်း တညီတညွတ်တည်းထွက်ဆိုခဲ့ကြ၏။

တရားခံများကို တစ်ယောက်ချင်းမေးပြီးသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီးက သူ့နေရာတွင် ပြန်ထိုင်သည်။

ပြီးတော့ - ကျွန်တော့်ကို ပြုံးစစနှင့် ကြည့်၏။

သူ့အပြုံးနှင့် သူ့မျက်လုံးတွေက " ကိုယ့်နွား ကိုယ်ဆွဲတာ ဘာဖြစ်လဲ " ဟူသည့် စကားတွေ ပြောနေ၏။

သည်အထိ ကျွန်တော် မည်သို့မျှ မခံစားရသေး။

" ဆင်းရဲလို့ ဇာတ်ထဲလိုက်ပါတယ်၊ နဲ့ကြီးနင်းမိလို့ ငါးကျပ်လျှော်ရကိန်းဆိုက် " စကားလို

ပိုက်ဆံမရှိလို့ နွားအငှားဆွဲမိပါတယ်၊ တရားခံဖြစ်တာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်နေရှာမည့် တရားခံများကိုသာ တွေး၍ သနားနေမိသည်။

ထွက်ဆိုကြသည့်အတိုင်းသာ မှန်ကန်ပါက သူတို့တွေ သည့်ထက်ပိုပြီး နစ်နာစေဖို့မသင့်ဟု ကျွန်တော်တွေးမိ၏။

" အမှုလိုက်ရဲအရာရှိအနေနှင့် ဘာများ မေးစရာရှိသေးလဲ"

" မေးစရာမရှိပါဘူးခင်ဗျာ "

" တရားခံအကျိုးဆောင်ကြီးကရော သက်သေ

မင်းခိုက်စိုးစန်

www.burmeseclassic.com

www.burmeseclassic.com


တင်ပြဖို့ ရှိသေးလား"

ရှေ့နေကြီးက ထရပ်လိုက်သည်။

သူ့အသွင်က ပပလွှားလွှား၊ ကြွားကြွားဝင့်ဝင့်နှင့်. . .

သူက တရားစီရင်ရေးအဖွဲ့ကို အရိုအသေပြုကာ တရားရုံးခန်းပြင်ပမှ ပရိသတ်ဆီ တစ်ချက်ဝေ့ကြည့်၏။

ထို့နောက် အင်္ဂလိပ်ဘာသာစကားဖြင့် တင်ပြသည်။

တစ်ဖန် မြန်မာပြန်ပြ၏။

ပြီးတော့ အင်္ဂလိပ်ဘာသာစကားဖြင့် ဆက်တင်ပြ၏။

တစ်ဖန် မြန်မာပြန်ပြ၏။

ပြီးတော့ အင်္ဂလိပ်ဘာသာစကားဖြင့် ဆက်တင်ပြ၏။

ပြီးတော့ မြန်မာစကားဖြင့် ပြန်ဆိုတင်ပြပြန်၏။

သည်လို သည်လိုတွေ သမားဂုဏ်ပြဝင့်ကြွား တင်ပြနေစဉ်မှာလည်း "ငါ့အကြောင်း နည်းနည်းမှ မကြား

မိုးသောက်စာပေ
www.burmeseclassic.com

www.burmeseclassic.com


ဒူးဘူးလား ” ဟု ပြောနေသယောင်အကြည့်တွေနှင့် ဘွန်တော်ကို ကြည့်လိုက် . . .

ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် ပရိသတ်ဘက် ဝေ့ကြည့် လိုက် . . .

တရားစီရင်ရေးအဖွဲ့အား ထိမထင်ဟန် ကြည့် လိုက်နှင့် မာန်မာနတလူလူ လွှင့်ထူနေကြောင်း သိသာ လှပါ၏။

“ အမှန်တရားအတွက် အမှုစစ်ဆေးရာမှာ သိနိုင် ညေ့်သူ၊ သိနိုင်လောက်သည်ဟု ထင်မြင်ယူဆရမည့်သူကို စစ်ဆေးရန် ခွင့်ပြုရမည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေမှာ အတိအလင်း ဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ နွားပိုင်ရှင် ဦးလှသောင်းနှင့် နွားများ အား ထိန်းသိမ်းခဲ့သူ ဦးကြာအေးတို့အား ခေါ်ယူစစ်ဆေး ဆေးပါရန် ရုံးတော်သို့ ရိုသေစွာ လျှောက်ထားအပ်ပါသည် ခင်ဗျား ”

နာရီဝက်ခန့်ကြာမှ လိုရင်းကိုတင်ပြပြီး ရှေ့နေကြီး ခြန့်ထိုင်သည်။

ခင်ခင်ထူးစာပေ
www.burmeseclassic.com

www.burmeseclassic.com



အမှုသည် အထင်ကြီးအောင်၊ လူပိန်းကြိုက် ဟိတ်လုံးဟန်လုံးတွေနှင့် မလိုအပ်ဘဲ အင်္ဂလိပ်စကားတွေ ရှည်ရှည်ဝေးဝေး လုပ်နေကြောင်း ကျွန်တော် ရိပ်မိလိုက်၏။

ထို့အပြင် သူ့ဟန်အမူအယာနှင့် အကြည့်ဆိုးတွေကို မကြိုက် . . .

" ဘယ်သူ့မှ မှုစရာမလိုဘူး" ပြောနေသယောင် စိန်ခေါ်နေသယောင်ဟုပင် စိတ်ထဲက ထင်မြင်မိလိုက်သည်။

" စီပီအိုကြီး ဘာပြောစရာရှိပါသေးလဲ " ဟု တရားစီရင်ရေး ဥက္ကဋ္ဌက မေးသည်နှင့် ကျွန်တော် ထရပ်လိုက်သည်။

အင်္ဂလိပ်စာမတတ်တဲ့ ပြည်သူများအပေါ် အင်္ဂလိပ်စာတတ်သည့် ပုဂ္ဂိုလ်များက ဟိတ်ဟန်ထုတ်၊ ခြောက်လှန့်အနိုင်အထက် ပြုနေခြင်းကို နိုင်ငံတော်အစိုးရက သိရှိပါသည်။

ထို့ကြောင့်လည်း ပြည်သူအများရဲ့ မသိနားမလည်မှုအပေါ် အမြတ်မထုတ်နိုင်ရန် (၁၉၆၆) ခုနှစ်ကစပြီး မြန်မာ

မိုးဝေ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ် တရားဝင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။

တည်ဆဲဥပဒေများကိုလည်း အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ အားလုံးပြန်ဆိုထားပြီး ဖြစ်ပါတယ်။

သို့ပါလျက် တစ်ဘက်အကျိုးဆောင် ရှေ့နေကြီးဟာ ပြည်သူတွေထင်ယောင်ထင်မှားဖြစ်အောင် အင်္ဂလိပ်စကားတွေနှင့် ရုံးတော်မှာ လျှောက်ထားတင်ပြလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ တစ်ဘက်အကျိုးဆောင်ရှေ့နေကြီးအား မြန်မာလူမျိုးပီပီ၊ မြန်မာစကားဖြင့်သာ ပြန်လည်လျှောက်ထားတင်ပြရန် ရုံးတော်သို့ ရိုသေစွာ လျှောက်ထားတင်ပြအပ်ပါတယ် . . .

တရားစီရင်ရေးအဖွဲ့ဝင်တစ်ဦးက . . .

" ဟုတ်သားပဲဗျ၊ အကျိုးဆောင်ကြီးရဲ့ တစ်ခါတလေ၊ ဥပဒေဆိုင်ရာအချက်အလက်အချို့ ရှိလာရင် မြန်မာဘာသာဖွင့်ဆိုချက် အပြင် လိုအပ်လာရင် အင်္ဂလိပ်ဘာသာဖြင့်လည်း ရှင်းလင်းတာကိုတော့ ခွင့်ပြုပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မလိုအပ်ပဲနဲ့ အင်္ဂလိပ်ဘာသာစကားနဲ့ တင်ပြတာမျိုးတော့ ရှောင်သင့်ပါတယ်။ မြန်မာပဲဗျာ မြန်မာစာ မြန်မာစကားကို ဦးစားပေး စေလိုပါတယ် ”

တစ်ဘက်အကျိုးဆောင် ရှေ့နေကြီး ထရပ်လိုက်သည်။

ပညာတတ်လူလိမ္မာပီပီ ဟန်မပျက် ဣန္ဒြေဆည်နေသော်လည်း သူ့မျက်နှာတ သိသိသာသာပင် နီရဲနေ၏။

လျှောက်လဲတင်ပြချက်ပင် ချက်ချင်းမပြုနိုင် . . .

ကျွန်တော့်မျက်နှာကို စူးစူးစိုက်ကြည့်၏။ သူ့နှုတ်ခမ်းထောင့်စွန်းတစ်ဘက်က လှို့ဝှက်သည့် အပြုံးတစ်ခုကို ကျွန်တော် တွေ့လိုက်၏။

ထိုအပြုံး၏အဓိပ္ပါယ်ကို ကျွန်တော် သိသည်။

“ မင်းတော့၊ တစ်နေ့နေ့ ငါနှင့်တွေ့မယ် . . . ” ဟု တေးလိုက်သည့် အဓိပ္ပါယ်ပင် ဖြစ်ပါသည်။

(သုံး)

“ ကဲ . . . အကျိုးဆောင်ကြီး တရားခံပြသက်သေ

www.burmeseclassic.com

www.burmeseclassic.com



ရာ ပါလာလား ”

တရားစီရင်ရေးအဖွဲ့ဝင်တစ်ဦးက မေးသည်။

“ ဟုတ်ကဲ့ နွားပိုင်ရှင် ဦးလှသောင်း တစ်ယောက်တော့ ရုံးရှေ့မှာ ရောက်ရှိနေပါပြီ . . . ”

“ ကဲ ဒါဆိုရင်လည်း စစ်လိုက်ကြရအောင် . . . ”

နွားပိုင်ရှင်ဆိုသူ ဦးလှသောင်း တရားခွင်ထဲ ဝင်လာ၏။

သူသည် အသက် (၅၀) ခန့်ရှိပြီး၊ အသားလတ်လတ် ပိန်ပိန်ပါးပါးဖြစ်သည်။ ရိုးသားအေးဆေးသည့် သူ့စိတ်ထားက မျက်နှာပေါ်တွင် ထင်ဟပ်နေသည်။

တရားခံအာကျိုးဆောင် ရှေ့နေကြီး၏ ဦးဆောင်မေးခွန်းတွေအတိုင်းအေးအေးဆေးဆေးပင် ထွက်ဆိုနိုင်ပါ၏။

“ ကျွန်တော့်နာမည် ဦးလှသောင်းဖြစ်ပါတယ်၊ လှိုင်မြို့နယ် ဘူတာရုံလမ်းမှာ နေပါတယ်၊

အဖမ်းဆီးခံရတဲ့ နွား (၁၅) ကောင်စလုံး ကျွန်တော်၏ နွားများဖြစ်ပါတယ်။

လွန်ခဲ့တဲ့ လေးငါးလခန့်ကတည်းက အစာရေစာ



www.burmeseclassic.com

www.burmeseclassic.com


ရှားပါး၍ ကျွန်တော်၏နွားများကို အင်းစိန်မြို့နယ်၊ အလယ်ရွာမှာနေတဲ့ ကျွန်တော့် မိတ်ဆွေဦးကြာအေးထံ အပ်နှံထားခဲ့ပါတယ်။

ယခု မိုးဦးကျကာလ အစာရေစာပေါ်များလာ၍ ကျွန်တော့်နွားတွကို ပြန်လည် ယူဆောင်ခဲ့ပါတယ်။

နွားများယူဆောင်ရာမှာ ရုံးရှေ့ရှိ တရားခံများကို အခကြေးငွေ ပေးပြီးခိုင်းစေခဲ့ပါတယ်။

မိမိပိုင်နွားများကို သယ်ယူခြင်း၊ ဆက်စပ်နေတဲ့ မြို့နယ်များဖြစ်ခြင်း၊ မြို့နယ်ကောင်စီမှ မြို့နယ်ကျော်သယ်ယူခွင့် တောင်းခံရမည်ကို မသိခြင်းတို့ကြောင့် သည်အတိုင်းပဲ သယ်ဆောင်ခဲ့ပါတယ် . . . ”

ရှေ့နေကြီးက တရားခံပြသက်သေ စစ်မေးခြင်းကို အဆုံးသတ်လိုက်သည်။

တရားစီရင်ရေးအဖွဲ့ဝင်များက ကျွန်တော့်ကို လှမ်းကြည့်လိုက်ကြ၏။

“ အမှုလိုက်အရာရှိ အလှည့်၊ ဘာမေးစရာရှိသေးလဲ ” ဟူသည့်သဘော။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် ထရပ်ကာ အရိုအသေပေးလိုက်သည်။

ဤနေရာတွင် မှန်သည့်စကားကို ကျွန်တော် ဆိုချင်ပါ၏။

သည်အချိန်ထိ သည်အမှုကို ဖြစ်ရိုးဖြစ်စဉ် အမှုတစ်ခုအဖြစ်သာ ကျွန်တော် ထင်မြင်နေဆဲဖြစ်သည်။

တရားခံများအပေါ်တွင်လည်း သည့်ထက်ပိုပြီး နစ်နစ်နာနာ ဖြစ်သွားမှာ ကျွန်တော် မလိုလား . . .။

တရားခံအကျိုးဆောင် ရှေ့နေကြီးကို မကြည်လင်ဖြစ်၍ သူ့ဘက်က သက်သေကို မပျက်ပျက်အောင် မေးခြင်း မဟုတ်။

နွားပိုင်ရှင် ဦးလှသောင်းအပေါ် တရားစီရင်ရေးအဖွဲ့က အမြင်ရှင်းစေရန် လိုအပ်နေသည့် အချက်ကလေး အချို့ကိုသာ မေးလိုက်ခြင်း ဖြစ်ပါသည်။

" အရင်က အစာရေစာ ရှားလို့ပို့ထားတယ်၊ အခုတော့ အစာရေစာပေါလာလို့ နွားတွေကို ပြန်ယူတာပေါ့နော်၊ အဲဒီအတိုင်း ဟုတ်သလား "

" ဟုတ်ပါတယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



" အဲဒီနွားတွေကို အရင်တုန်းက ဘယ်သူ့ဆီက ဝယ်ခဲ့တာလဲ "

" ကုလားဆီကပါ . . . "

" ကုလားဆိုတာ၊ လူနာမည်လား၊

" လူနာမည်ပါ "

" ဝယ်တုန်းက ငွေဘယ်လိုပေးပြီး ဝယ်ရတာလဲ. . . "

" နွားလေးတွေက တစ်ကောင် ငါးရာပါ၊ ခိုင်းနွားတွေက တစ်ကောင်ခုနှစ်ရာပါ၊ နို့စားနွားမကြီးကလည်း ခုနှစ်ရာပါ "

" နွားမကြီးက တစ်နေ့ကို နို့ဘယ်နှစ်ပိဿာထွက်သလဲ . . . "

" တစ်နေ့ ငါးပိဿာထွက်ပါတယ် "

" တစ်နေ့ နို့ငါးပိဿာထွက်တဲ့ နွားမကြီးကို ခုနှစ်ရာထဲနဲ့ ရောင်းတာဆိုတော့ အဲဒီကုလားဟာ ရူးနေလား "

" မရူးပါဘူး . . . "

ကာလပေါက်ဈေး၊ နှစ်ထောင်ကျော် သုံးထောင်

www.burmeseclassic.com

www.burmeseclassic.com



တန်သည့် နို့စားနွားမကြီးကို ခုနှစ်ရာတည်းနှင့် ရသည်ဆိုသောကြောင့် ကျွန်တော် ဘဝင်မကျ။

သို့သော် နှိုက်နှိုက်ချွတ်ချွတ်တွေ မေးနေလျှင် သက်သေချာချာလည်သွားမည်။

သက်သေ ချာချာလည်ပြီး လျှောက်ပြောနေလျှင် တရားခံတွေ ထောင်ကျကုန်တော့မည်။

ထို့ကြောင့် ကျွန်တော်က လွယ်ကူမည့် မေးခွန်းကို ပြောင်း၏။

“ နွားတွေကို လာကျွေးလဲ . . .”

“ ကောက်ရိုးကျွေးပါတယ် ”

“ အခြားဖြည့်စွက်အစာ ဘာထည့်သေးလဲ . . .”

နွားကျွေးလျှင် ကောက်ရိုးချည်း၊ မြက်ချည်း ကျွေးသည်မဟုတ်။ ပဲဖတ်၊ နှမ်းဖတ်လေးအစ ဖွဲနုလေးပွိုင့်လေးအစ ထည့်ရတတ်သည်။

သည်လောက်ကတော့ လယ်သမားမဟုတ်သည့် ကျွန်တော်ပင် သိ၏။ နွားပိုင်ရှင်အနေနှင့်လည်း လွယ်လင့်တကူ ဖြေနိုင်မည်ဟု ယူဆ၍ သည်မေးခွန်းကို မေးလိုက်

www.burmeseclassic.com

www.burmeseclassic.com


ခြင်း ဖြစ်သည်။

သို့သော် ကျွန်တော် မျှော်လင့်သလို သူ မဖြေပါ။

" ဘာမှမထည့်ပါဘူး "

ကျွန်တော် အံ့ဩသွား၏။

" နွားစာထဲမှာ ပဲဖတ်၊ နှမ်းဖတ်တို့ ဖွဲနုတို့ကို ထည့်ကျွေးရတယ်ဆိုတာရော သိရဲ့လား . . . "

" ဟုတ်ကဲ့ ကြားဖူးပါတယ် "

" ဒါဆိုရင် ဘာဖြစ်လို့ ထည့်မကျွေးတာလဲ . . . "

သက်သေ၏အသံက ပုံမှန်မဟုတ်တော့၊ စိုးရွံ့မှုတွေ ပါနေသည်။

" နွားစာကို ကျွန်တော့်မိန်းမ ကျွေးတာပါ၊ ဒါကြောင့် ကျွန်တော်မသိတာပါ . . . "

ကျွန်တော့်စိတ်ထဲ သံသယတွေ ကြီးထွားလာ၏။

ပိရိမှုမရှိသည့် မုသားထွက်ဆိုချက်များဟုလည်း ရိပ်မိလိုက်သည်။

ထို့ကြောင့် ရုတ်တရက်ကောက်မေးလိုက်၏။

" နွားတွေဟာ ခင်ဗျားနွားတွေ မဟုတ်ဘူး မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သား”

“ ဟုတ်ကဲ့၊ ကျွန်တော့်နွားတွေ မဟုတ်ပါဘူး . . . ”

“ ဒါဆိုရင်၊ ခင်ဗျား ရုံးတော်ကို လာပြီး လိမ်လည်ထွက်ဆိုနေတာရပေါ့ . . . ”

တရားစီရင်ရေးအဖွဲ့ဝင်တစ်ဦးက မေးလိုက်သည်။

“ ဟုတ်ပါတယ်၊ ကျွန်တော်နွားပိုင်ရှင်အနေနှင့်သက်သေထွက်ပေးရင် လွတ်မယ်ဆိုလို့ လာထွက်ပေးရတာပါ. . . ”

မြန်မာ့လူ့ဘောင်၏ တရားမျှတမှု၊ အဓိကမဏ္ဍိုင်တရားရုံးတော်ကိုမှ တက်၍ လိမ်လည်နေချေပြီ။

တရားစီရင်ရေးအဖွဲ့၏ ရှေ့မှောက်၊ ပရိသတ်တို့၏ရှေ့မှောက်တွင် ကျူးလွန်သည်၊ သည်သက်သေကို မသိကျိုးကျွံ၊ မျက်ကွယ်ပြု၍ မဖြစ်တော့။

“ တရားစီရင်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များခင်ဗျား၊ ဒီသက်သေဦးလှသောင်းဟာ ရုံးတော်ကို မထေမဲ့မြင်ပြုပြီး မမှန်မကန် လိမ်လည်ထွက်ဆိုနေကြောင်း ထင်ရှားပေါ်ပေါက်နေပါသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၁၉၃)

မိုးတိမ်ဘွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



မမှန်သက်သေခံမှုဖြင့် ရုံးတော်မှ အရေးယူဆောင်ရွက်ပေးနိုင်ရန် တင်ပြလျှောက်ထားအပ်ပါတယ် ”

ဦးလှသောင်းခင်ဗျာ ကြောက်လန့်မှုဖြင့် တုန်ရီနေရှာ၏။

သက်သေကား တရားခံဖြစ်သွားရလေပြီ။

သူတို့တရားစီရင်ရေးအဖွဲ့ (၂) ဥက္ကဋ္ဌက အင်းစိန်မြို့နယ် တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးတွင် တရားစွဲဆိုလိုက်သည်။

ထိုပြစ်မှုဖြင့် သူထောင် (၆) လ ကျသွား၏။

တကယ်တော့ အမှုသက်သေ ဦးလှသောင်းကို အောက်လမ်းနည်းဖြင့် ပွဲထုတ်၊ တရားခွင်ထဲအရောက် ခေါ်ဆောင်လာသူမှာ ရှေ့နေကြီး ဦးကျော်အောင်ပင် ဖြစ်သည်။

သူသည် တရားမျှတမှုနှင့် မှန်ကန်ခြင်းဘက်မှ မနေခဲ့။

တရားစီရင်ရေးလုပ်ငန်းတွင် သစ္စာရှိရှိ၊ သမာဓိတည်တည်၊ ရိုးသားဖြောင့်မတ်ရမည်ဆိုသည့် ရှေ့နေတဦး၏ တာဝန်ကို မေ့လျော့နေပုံရ၏။

www.burmeseclassic.com

www.burmeseclassic.com


" သိလျက်နှင့် မမှန်မကန် တင်ပြလျှောက်ထားခြင်း ပြုသင့် "

နွားပိုင်ရှင်မဟုတ်သည့် ဦးလှသောင်းကို နွားပိုင်ရှင် အပြအသုံးတော်ခံစေခဲ့၏။

သို့သော် အမှားသည် အမှားသာတည်း။

အမှားကို အမှန်တရားအဖြစ် အစမွှစ်ရင်၍ မရနိုင် ပါ။

နွားသယ်ဆောင်သူ တရားခံ (၇) ဦးမှာလည်း အကိုးဆောင်ကြီး၏ အောက်လမ်းနည်းပညာကြောင့် ' ရှေ့ နေတယ်မှ ထောင်လုံးလုံးကျ' သည့်ကိန်း ဆိုက်သွားရပါ၏။

မည်သို့ပင်ဖြစ်၍၊ မည်သူတွေထောင်ကျသွားပါစေ ခြတ်ထွက်သူတစ်ယောက်ကတော့ ရှိနေမြဲပင် ဖြစ်သည်။

သူကား ရှေ့နေကြီး ဦးကျော်အောင်ပင်ဖြစ်ပါ၏။

တရားမဝင် နွားသယ်ဆောင်သည့် အမှု၌ တရားခံ ၇ ဦးဘက်မှ အကျိုးဆောင်အဖြစ် လိုက်ပါဆောင် ရွက် သည့်အပြင် . . .

တရားခံဖြစ်သွားသည့် သက်သေကြီး ဦးလှသောင်း

www.burmeseclassic.com

www.burmeseclassic.com



၏ အမှုတွင်လည်း ရှေ့နေခ မြိုးမြိုးမြက်မြက်ကလေး ရလိုက်သောကြောင့် ဖြစ်ပါတော့သည်။

◈◈◈

www.burmeseclassic.com

www.burmeseclassic.com

# ရွှေပုံးလေးလက်ဆောင်

(တစ်)

"မလွယ်ပါဘူး ဆရာရယ်၊ ရဲလုပ်ရတာ တကယ် မလွယ်ပါဘူး"

ကျွန်တော့်ရှေ့နေရုံးခန်းထဲသို့ ညည်းညူသံနှင့် ဝင်လာသူက ဒုရဲအုပ်ဝင်းထိုက်ဦး။

သူက အင်းစိန်စီအိုင်ဒီမှ ရဲအရာရှိလေးဖြစ်သည်။

ကျွန်တော် ရဲတပ်ဖွဲ့မှ အငြိမ်းစားမယူမီက သူနှင့် အတန်ကြာ လက်တွဲခဲ့ရ၏။

မှူးခင်းတပ်ဆွယ်ရုံးများ ဖွင့်သည်နှင့် ပဲခူးတိုင်း တပ်

www.burmeseclassic.com

www.burmeseclassic.com


ဆွယ်မှုအဖြစ် ကျွန်တော် တာဝန်ယူရသည်။

ဒုရဲအုပ်ဝင်းထိုက်ဦးက ကျွန်တော့်လက်အောက်

အရာရှိငယ်ဖြစ်၏။

သူက ပဲခူးသားဖြစ်ပြီး မြို့မျက်နှာဖုံးဝင် ဆွေ

မျိုးကြီးထဲကလည်း ဖြစ်၍ မိတ်ဆွေအပေါင်းအသင်း

၏။

ခေတ်ပေါ်ဆိုင်ကယ်ယဉ်ကျေးမှု၊ ဂျပန်ကား ယဉ်

ကျေးမှုတွင်လည်း နှံ့စပ်ပျော်ဝင်သူဖြစ်ပြီး၊ အီလက်ထရော

နစ်ပစ္စည်းဘက်တွင်လည်း ကျွမ်းကျင်လှသည်။

ပဲခူးတိုင်းတပ်ဆွယ်တွင် နေစဉ်က ကျွန်တော် စ

ဆေး ဖော်ထုတ်ခဲ့သည့် အမှုတချို့တွင် သူ၏ နှံ့စပ်ကျွမ်း

ကျင်မှု အကူအညီများ ပါဝင်ခဲ့ခြင်းကို ကျွန်တော် မမေ့နိုင်

ပါ။

(၂၀၀၄) ခုနှစ်တွင် ကျွန်တော် အငြိမ်းစားယူလိုက်

သည်။ အင်းစိန် စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးအောက်ထပ်

တွင် ရုံးခန်းဖွင့်ကာ ရန်ကုန်ရှေ့နေလောကထဲသို့ ဝင်ခဲ့

သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် ဒုရဲအုပ်ဝင်းထိုက်ဦးလည်း ပဲခူးမှ မြန်တုန်မြို့ပေါ် နယ်မြေတစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရကြောင်း သိရ၏။

စီအိုင်ဒီနှင့် ကျွန်တော့်ရုံးခန်းက သိပ်မဝေး၍ မကြာခဏ သူရောက်လာတတ်သည်။

သူရောက်လာတိုင်းလည်း ကိုယ်ရေးကိုယ်တာဖြစ်ချစ်၊ လုပ်ငန်းတာဝန်နှင့် ပတ်သက်၍ပဲဖြစ်ဖြစ် ရင်ဖွင့်စရာ တစ်ခုခုတော့ ပါလာတတ်စမြဲ။

ကျွန်တော်ကလည်း အကျွေးအမွေးတစ်ခုခုဖြင့် ဧည့်ခံပြီး အောင့်အီးနားထောင်ရစမြဲ . . .။

ယခုလည်း ညည်းသံကလေးနှင့် သူရောက်လာခြင်းပါပြီ။

"ဟေး. . . ဝင်းထိုက်ဦး၊ ခိုညည်းသလိုတော့ ညည်းလာနှင့်၊ ပြော. . . လက်ဖက်ရည်သောက်မလား၊ ဆီချက်စား မလား. . ."

ကျွန်တော်က ပြောမနာဆိုမနာ ချစ်တပည့်ကို ခပ်ငေါက်ငေါက်လေး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ကားသော့နှင့် ဟန်းဖုန်းကို ကျွန်တော့်စားပွဲပေါ် တင်လိုက်သည်။

ပြီးတော့မှ သူ့ထုံးစံအတိုင်း ခေါင်းတခါခါလုပ်ရင်း . . .

"မဟုတ်ဘူး ဆရာ၊ ဒီတစ်ခါတော့ ကျွန်တော် တော် စိတ်ဆင်းရဲသွားပြီ . . ."

ကျွန်တော် သူ့မျက်နှာကို ကြည့်မိသည်။ "တကယ် ခံစားနေရတာနှင့်တူရဲ့ . . ." အမြဲလိုလိုပြုံးပြုံးရွှင်ရွှင် ကြည် လင်နေတတ်သော သူ့မျက်နှာ၊ ယခု မှုန်မှိုင်းဝေရီနေသည်

သူ့အကွက် ဘေးဆိုင်မှ လက်ဖက်ရည်တစ်ခွက် မှာပေးလိုက်၏။

" ကဲ ဝင်းထိုက်ဦး၊ မင်းမှာ ဘာရင်ဖွင့်စရာပါလာလဲ မြန်မြန်ပြောနော်၊ ငါ သိပ်အချိန် မပေးနိုင်ဘူး၊ ရုံးမှာ လျှောက်လွှဲချက်ပေးစရာ တစ်မှုရှိတယ်၊ ခဏကြာရင် သွားရမယ် "

" ဒီလိုပါဆရာ . . . ကျွန်တော်နှင့် သိပ်ခင်မင်ရင်း နှီးတဲ့ မိတ်ဆွေတစ်ယောက် ရှိတယ် . . ."



www.burmeseclassic.com

www.burmeseclassic.com


“ ကောင်မလေး တစ်ယောက် မဟုတ်လားကွာ”

ကျွန်တော်က သူခံစားနေရမှုတွေ ပေါ့ပါးသွားစေရန် ဟာသနှောလိုက်သည်။

“ လုပ်ပြီ ဆရာကတော့၊ ကျွန်တော် တကယ်ခံစားနေရတာ ဆရာ . . . အမျိုးသားတစ်ဦးပါ၊ ကျွန်တော်နှင့် ညီလိုအစ်ကိုလိုပဲ၊ အရမ်းခင်တယ်၊ ကျွန်တော့်ကိုလည်း အရမ်းအကူအညီပေးဖူးတယ်၊

အခု သူ (၃၂၆) နှင့် အချုပ်ထဲ ရောက်နေတယ်”

((၃၂၆) မှာ ထက်မြက်သော လက်နက်နှင့် အပြင်းအထန် နာကျင်စေမှု ပုဒ်မဖြစ်သည်။ ရဲစခန်းမှာ အာမခံပေးနိုင်။)

“ အမှုကလည်း အမှုမှန်၊ သက်သေတွေကလည်း အထင်အရှား၊ ပြီးတော့ သူ့ကိုလည်း ဖမ်းပြီး ရိမန်ယူ ထားပြီးပြီ၊ ဒီလိုအမှုမျိုးဆိုတာက နစ်နာသူ တရားလိုရဲ့အပေါ်မှာ အဓိကကျတာ မဟုတ်လား ဆရာ၊ တရားလိုနှင့်ညှိနှိုင်းဖို့ ကျွန်တော် သွားတွေ့ပါတယ်၊ ဟိုက လုံးဝ လက်မခံဘူး၊ သူ့ကိုထောင်မကျကျအောင် လုပ်မယ်လို့ ပြောတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာလုပ်ပေးလို့ရမလဲ ဆရာ. . .။

အဲဒါကို ကျွန်တော့်မိတ်ဆွေက မကျေနပ်ဘူး၊ ကျွန်တော်သာ ဒီလိုဖြစ်နေရင် သူ မလွတ်လွတ်အောင် လုပ်ပေးမှာတဲ့၊ ရဲတစ်ယောက်ဖြစ်ပြီး အာမခံလေးတောင်ရအောင် လုပ်မပေးနိုင်ဘူးတဲ့၊ ကျွန်တော့်ကို ငိုပြီးပြောတယ် ဆရာ. . .။

ကျွန်တော် သူ့ကို သနားလည်း သနားတယ်၊

လွတ်လည်း လွတ်စေချင်တယ်၊ ဒါပေမဲ့ . . . ဘာမှလဲ မတတ်နိုင်ဘူး ဆရာ . . .”

ရဲဖြစ်သည်နှင့် သည်လို ပြဿနာမျိုးကတော့ တစ်နေ့မဟုတ် တစ်နေ့ ကြုံကြရမည် ဖြစ်ပါသည်။ သို့သော် လူမှုရေးက လူမှုရေး၊ ဥပဒေက ဥပဒေသာ ဖြစ်သည်။ ဥပဒေအထက်၌ မည်သူမျှမရှိဟုဆိုသည် မဟုတ်ပါလား။ ရဲသည်လည်း ဥပဒေဘောင်အတွင်းကသာ ကူညီမှု ပြုနိုင်မည်ကို သဘောပေါက်သင့်သည်။

“ရဲက အာမခံမပေးနိုင်ပေမယ့် တရားရုံးက အာမခံပေးနိုင်တာပဲကွာ၊ တရားရုံး အာမခံရအောင် ကြိုးစားကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ တရားရုံးကလည်း နစ်နာသူရဲ့ ဒဏ်ရာအနေအထား၊ ဆေးကုသမှု အနေအထားကို ကြည့်မယ်၊ လုံလောက်တဲ့ ခံနှံသူနှစ်ဦးလည်း ပေးနိုင်တယ်၊ ချုပ်နှောင်ထားဖို့လည်း လိုအပ်ဘူးဆိုရင် အာမခံပေးပါလိမ့်မယ်။

တကယ့် အခက်အခဲကြုံချိန်မှာ အနီးကနေ ကူညီ ောင့်ရှောက်မှု မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းမို့ သူဘယ် ာက်ပဲ မကောင်းမြင်နေပါစေ မင်းကတော့ ဥပဒေ ဘောင်ထဲကနေ အတတ်နိုင်ဆုံး အကူအညီပေးပါ၊ တ ဖြည်းဖြည်းနှင့် မင်းအပေါ် နားလည်လာပါလိမ့်မယ် . . .”

“ကျွန်တော်လည်း ဒီလိုပဲ ခံယူထားပါတယ် ဆရာ”

“ဒါဆိုလဲ ပြီးပြီပေါ့ကွာ၊ ကဲလက်ဖက်ရည်လေး ဆောင်လိုက်ပါဦး . . .”

ဝင်းထိုက်ဦးတစ်ယောက် လက်ဖက်ရည်သောက် ကျွန်တော့်ကို နှုတ်ဆက်ကာ ပြန်ထွက်သွားသည်။

“ရဲတပ်ဖွဲ့ဝင် တစ်ယောက်ရဲ့ လူမှုရေးနှင့် တာဝန် ဆရား၊ ဥပဒေဘောင်ထဲကသာ ကူညီနိုင်မှုဆိုသည့် တိုင်းအတာတွေကို သဘောမပေါက်ကြသမျှ အထင်

www.burmeseclassic.com

www.burmeseclassic.com



အမြင် လွဲမှားမှုတွေ ရှိနေဦးမှာပဲ ဝင်းထိုက်ဦးရေ့ . . .

သူ့ကျောမြင်ကို ကြည့်ရင်း ကျွန်တော် ရေရွတ်လိုက်မိပါသည်။

တစ်ချိန်သောအခါက ကျွန်တော်လည်း ဝင်းထိုက်ဦးလိုပင် ကြုံခဲ့ဖူးပါသည်။

ရဲအရာရှိတစ်ဦးဘဝဖြင့် ဖြူစင်သောမေတ္တာစေတနာတွေ ပုံအောကာ ကူညီခဲ့သမျှ အနင်းခြေခံခဲ့ရဖူးပါသည်။

ဟုတ်ပါသည်။ လွန်ခဲ့သည့် (၁၉၉၀) ခုနှစ်။

ကျွန်တော် ဗဟန်းမြို့နယ် ရဲစခန်းတွင် စခန်းမှူးတာဝန်ထမ်းဆောင်စဉ် အချိန်က ဖြစ်ပါသည် . . . ။

(နှစ်)

"အန်ကယ်ကို သမီး ကန်တော့ပါရစေ . . ."

ပြောပြောဆိုဆိုပင် သူမက အသင့်ပါလာသည့်နိုင်ငံခြားဖြစ် မုန့်ပုံးတစ်ပုံးကို စားပွဲပေါ် တင်သည်။

တစ်ဆက်တည်းပင် သမ်တလင်းပေါ် ကျုံ့ကျုံ့

www.burmeseclassic.com

www.burmeseclassic.com


လေး ထိုင်ချသည်။

ပြီးတော့ လက်အုပ်ချီ၍ ကျွန်တော့်ကို ကန်တော့သည်။

ကျွန်တော်ပင် တားမြစ်ချိန်မရလိုက်၊ မထူးသည့် အတူတူ ကျွန်တော်က ကန်တော့ခံပြီး ဆုမွန်ကောင်းတွေ ပေးလိုက်၏။

သူမနှင့် ကျွန်တော်အတန်ကြာမျှ အလာပသလာပ စကားများပြောဖြစ်၏။ ထို့နောက် သူမ ပြန်သွားသည်။

သူမ၏ အမည်က မငြိမ်းမွန်ဖြစ်၏။ အသက် တတော့ နှစ်ဆယ်ကျော်ရုံရှိဦးမည်။ မြန်မာစာအဓိကဖြင့် ဘွဲ့ယူပြီးပြီဆို၏။

ခေတ်လူငယ်၊ ပညာတတ်၊ တစ်ဦးဖြစ်၍လည်း အပြုအပြင် အနေအထိုင်တတ်၏။ သွက်လက်ချက်ချာ၏။ ပြောတတ်ဆိုတတ်၏။

ထို့ကြောင့်လည်း ရွှေဂုံတိုင်မှ သူဌေးကြီး ဦးအောင် ကောင်းနှင့် ဇနီးဒေါ်ခင်ခင်ညိုတို့၏ မျက်နှာလွှဲရသော၊ လက်လွှဲရသော၊ ယုံကြည်စိတ်ချရသောသူ ဖြစ်ခဲ့ဟန်တူ၏။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးဦးအောင်ကောင်းနှင့် ဒေါ်ခင်ခင်ညိုတို့၏ တူမအရင်းဟု သိရသော်လည်း မည်သည့်တက်က တော်စပ်မှန်းတော့ ကျွန်တော်မသိခဲ့။

ဦးအောင်ကောင်းတို့ ဇနီးမောင်နှံက စီးပွားရေး လုပ်ငန်းများရှိရာ မြိတ်သို့ မကြာခဏ သွားရတတ်သည်။

ရန်ကုန်ရှိ အိမ်မှုကိစ္စအဝဝနှင့် လုပ်ငန်းအဝဝကို မငြိမ်းမွန်ကသာ တာဝန်ယူနေရ၏။

ဦးအောင်ကောင်းနှင့် ကျွန်တော် သိကျွမ်းခဲ့သည်မှာ လအနည်းငယ်ခန့်သာ ရှိသေးသော်လည်း၊ လျှင်လျှင်မြန် မြန်ရင်းရင်းနှီးနှီးဖြစ်ရခြင်းမှာမငြိမ်းမွန်၏သွက်လက်ချက် ချာမှုများကြောင့်ဟုကျွန်တော်ထင်မိပါသည်။

အမှန်တကယ်လည်းမငြိမ်းမွန်သည် သွက်သွက် လက်လက်ရှိလှပါသည်။

(သုံး)

" လာ ကိုစောသိန်း၊ ကိုယ်နှင့် ခဏလိုက်ခဲ့ .. ကိုယ့်မိတ်ဆွေတစ်ယောက်နှင့် မိတ်ဆက်ပေးမယ် "

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်ကို လာခေါ်သူမှာ ရဲမှူးကြီးတစ်ဦး ဖြစ်သည်။ ယခင်ရန်ကုန်တိုင်းတွင် ဒုတိုင်းတပ်ဖွဲ့မှူး တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ အခြားတိုင်းတစ်ခုတွင် တိုင်းတပ်ဖွဲ့မှူး တာဝန်ထမ်းဆောင်လျက်ရှိ၏။ ရန်ကုန်သို့ ခေတ္တရောက်ရှိစဉ် ကျွန်တော့်ထံ ရောက်လာခြင်း ဖြစ်သည်။

ကျွန်တော် လေးစားချစ်ခင်ရသော အထက်အကြီးအကဲဖြစ်၍ ကျွန်တော် ချက်ချင်းပင် ထလိုက်ခဲ့၏။

" သူတို့က လူချမ်းသာ သူဌေးတွေကွ၊ မင်းအကူအညီလိုရင် တောင်းနိုင်တယ်၊ သူတို့ အကူအညီတောင်းရင်လည်း ပေးလိုက် . . . "

ရဲမှူးကြီးက ကားကို ကိုယ်တိုင်မောင်းရင်း ကျွန်တော့်ကို ပြော၏။

ကားက ရွှေဂုံတိုင်ထဲမှ သားနားသပ်ရပ်လွန်းသည့် အုတ်မီးနှစ်ထပ်တိုက်ကြီး၏ ဆင်ဝင်အောက်တွင်ရပ်သည်။

အိမ်အဝင်မှ ခရီးဦးကြိုပြုနေသူတွေက သူဌေးကြီး ဦးအောင်ကောင်း၊ ဇနီးဖြစ်သူ ဒေါ်ခင်ညိုညိုနှင့် မငြိမ်းမွန်တို့ ဖြစ်ဦး။

ခိုင်ဒေသာစာပေ
www.burmeseclassic.com

www.burmeseclassic.com


ဤသည်ပင် သူတို့နှင့် ကျွန်တော်သိကျွမ်းမှု၏ အစ ဖြစ်ပါသည်။

" ကျွန်တော်တို့က အလုပ်ကိစ္စနှင့် ဘိတ်ကို မကြာခဏ သွားရတော့ အိမ်မှာ မငြိမ်းမွန်နှင့် အလုပ်သမားအချို့ပဲ ကျန်ခဲ့တတ်ပါတယ်၊ လိုအပ်သလို စောင့်ရှောက်ကူညီပေးပါဦး၊ ဦးစောသိန်း"

ဦးအောင်ကောင်းက တွေ့ခိုက်ကြုံခိုက် မေတ္တာရပ်ခံ၏။

သည့်နောက်ပိုင်းတွင်တော့ မငြိမ်းမွန်၏အသံက တယ်လီဖုန်းမှ တစ်ဆင့် ကျွန်တော့်ထံရောက်လာတတ်သည်။

" အန်ကယ်ရေ ခြံရှေ့လမ်းပေါ်မှာ လူတွေ ဆဲဆိုရန်ဖြစ်နေကြတယ် . . .၊ သမီးအိပ်လို့မရတော့ဘူး ရှင်းပေးပါဦး"

" အန်ကယ် လမ်းပေါ်မှာ အမှုသမားတွေ သောင်းကျန်းနေကြတယ် . . ."

" အန်ကယ် ခြံရှေ့မှာ မသင်္ကာစရာလူရိပ်တွေ


www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီးပျောက်သွားလို့ . . .”

ဆိုသည့်အခါတိုင်းတွင် သွားရှင်းပေးခဲ့ရသည်။ ရဲဖန်ရဲခါ ကျွန်တော် လိုက်သွား၏။ ရဲဖန်ရဲခါတော့ နယ်ထိန်းအဖွဲ့လွှတ်၍ ရှင်းခိုင်းသည်။

နောက်ရက်များ၌ မငြိမ်းမွန် ရောက်လာတတ်၏။ ကျေးဇူးတင်ကြောင်း ပြော၏။ တစ်ခါတစ်ရံ သူ့သူငယ်ချင်းတွေ တစ်အုပ်ကြီး မ,လာ၏။

ကျွန်တော်က လိုင်းခန်းမအားသေး၍ အိမ်မရှိသူ၊ ခန်းကလည်း အင်းစိန်တွင် ကျောင်းဆရာမ၊ တစ်ဦးတည်းသော သမီးကလည်း ဆေးတက္ကသိုလ်တက်နေ၏။ ကျွန်တော် တစ်ဦးတည်း ရုံးခန်းထဲမှာပင် ခုတင်ချပြီး အိမ်အမှတ်ဖြင့် နေ,နေရသည်။

စားစရာ သောက်စရာများကလည်း အဆင်သင့်ရှိ၍ သူတို့ကို ကျွေးမွေးဧည့်ခံနိုင်ခဲ့၏။

မှန်ရာဝန်ခံရလျှင် ကျွန်တော့်ဆရာရဲမှူးကြီးကိုယ်တိုင် အပ်ပေးထားသူ ရဲမှူးကြီး၏ မိတ်ဆွေဖြစ်၍ ကျွန်တော် ဝရုစိုက်မှုအနည်းငယ် ပိုချင် ပိုပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့ထံက မည်သည့်အကူအညီကိုမှ တောင်းခံရန် စိတ်မကူးခဲ့ပါ တောင်းခံခဲ့ဖူးခြင်းလည်း မရှိပါ။

မငြိမ်းမွန် မုန့်ပုံးလက်ဆောင်ပေးရာတွင်လည်း မေတ္တာစေတနာဖြင့် စောင့်ရှောက်ကူညီသူကို ကူညီခံရသူက ဖြူဖြူစင်စင် တုံ့ပြန်ခြင်းဟု မှတ်ယူမိခြင်း။

ကြီးသူနှင့် ငယ်သူဖြစ်ခြင်း။

မြန်မာ့ယဉ်ကျေးမှုနှင့်အညီ လက်အုပ်ချီကန်တော့ခြင်းတို့ကြောင့် စိတ်သန့်သန့်ဖြင့် လက်ခံလိုက်ခြင်း ဖြစ်ပါသည်။

သို့သော် တစ်နေ့သောအခါ၌ ထိုမုန့်ပုံးကလေးက ကျွန်တော်၏ ရိုးသားဖြူစင်သော မေတ္တာစေတနာတို့ကို ဖျက်ဆီးလိမ့်မည်ဟု ကျွန်တော်လုံးဝ မထင်မှတ်ခဲ့ပါ။

ထို့ကြောင့်လည်း ကျွန်တော့် အိပ်ရာဘေးမှ ဘီရိုပေါ်သို့ ထိုမုန့်ပုံးကလေးကို တင်မိလိုက်ခြင်း ဖြစ်ပါသည်။

(လေး)

" အနန်ကယ် ညကလေသမီးတို့ တစ်ညလုံး မအိပ်

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရဘူး။ သမီးတို့ ခြံဝင်ပေါက်အနီးမှာ မသင်္ကာစရာ လူရိပ်တွေ တွေ့နေရတယ်။ ညကတည်းက အန်ကယ့်ဆီ အကြောင်းကြားမလို့ဘဲ၊ အရမ်းအားနာတာနှင့် အကြောင်း မကြားတာ၊

နံနက်လင်းလို့ သမီး စုံစမ်းကြည့်တော့ ရန်ကင်းရဲစခန်းက ရဲတွေလို့ သိရတယ်၊ သမီးတို့အိမ်ကို ဘာလာချောင်းတာလဲ မသိဘူး၊ ဦးတို့ အန်တီတို့ကလည်း ခရီးထွက်သွားကြတယ်၊

အန်ကယ် ကြည့်ပြောပေးပါဦးနော် . . . ”

နံနက် (၈)နာရီခန့်တွင် မငြိမ်းမွန်ဆီက ဖုန်းလာ၏။

ကျွန်ုပ်တော် ရန်ကင်းရဲစခန်းသို့ ဆက်သွယ်လိုက်သည်။

စခန်းမှူး၏ ပြောပြချက်အရ မငြိမ်းမွန်တို့ အိမ်သို့ ညက လာရောက်စောင့်ကြည့်သူမှာ နယ်ထိန်းအရာရှိ ဒုရဲအုပ် မိုးနိုင်ဖြစ်ကြောင်း သိရ၏။

ဒုရဲအုပ်မိုးနိုင်နှင့် ကျွန်ုပ်တော်က တိုင်းရုံးအစည်းအဝေးတွင် အမြဲတန်းလိုလို တွေ့နေကျဖြစ်၍ ခင်မင်ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်သည်။ ထို့ကြောင့် သူနှင့်ဆက်သွယ်ပြီး အကျိုး အကြောင်း မေးကြည့်၏။

"ရန်ကင်းမှာဖြစ်တဲ့ အမှုတစ်မှုက သက်သေခံကား ကို ဦးအောင်ကောင်းတို့ ဝယ်ထားတယ်လို့ သိရပါတယ် အစ်ကိုကြီး . . .၊

ဦးအောင်ကောင်းကို စစ်ကြည့်တော့ ကားက နယ် ထွက်သွားတယ်လို့ ပြောပါတယ်၊

ကားပြန်လာတာနှင့် ရဲစခန်းလာအပ်ဖို့ မှာခဲ့ပေမယ့် ခုချိန်ထိ ကားလာမအပ်တဲ့အပြင် ဦးအောင်ကောင်းက လည်း ခရီးထွက်သွားတယ်လို့ သိရပါတယ်။

အဲဒါကြောင့် ဒီကားအဝင်အထွက်လုပ်တာနှင့် ဖမ်း ဆီးနိုင်အောင် စောင့်ကြည့်နေတာပါ . . ."

" အေး . . . ဟုတ်ပြီ ညီလေးရာ၊ ညီလေး လုပ်တာမှန်ပါတယ်၊ ဒါပေမဲ့ အစ်ကို့အပိုင်ထဲမှာဆိုတော့ အစ်ကို့ကိုလည်း အသိပေးမှပေါ့၊ ကူညီစရာရှိတော့လည်း ကူညီနိုင်တာပေါ့ကွာ "

" ဟုတ်ပါတယ် . . . အစ်ကိုကြီး၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒစောသွားမိလို့ခွင့်လွှတ်ပါ . . .”

“ ရပါတယ် ညီလေးရာ၊ အစ်ကိုက အပြစ်ပြောတာ မဟုတ်ပါဘူး၊ ကူညီနိုင်အောင်လို့ပါ၊ ပြီးတော့ သူတို့က အစ်ကိုနှင့်လည်း အရမ်းရင်းနှီးတဲ့ မိတ်ဆွေတွေမို့ လိုအပ်တာရှိလည်း အစ်ကို့ကို ပြောပါ . . .”

“ ဟုတ်ကဲ့ အစ်ကိုကြီး သက်သေခံကားအပ်ဖို့လည်း သူတို့ကို ပြောပြပေးပါဦး၊ တစ်ဘက်ကလည်း ကျွန်တော့်ကို အထင်လွဲနေကြပြီ . . .”

“ အေးပါကွာ အစ်ကို သူတို့ကို ရှင်းပြပေးပါ့မယ်”

“ ဟုတ်ကဲ့ ကျေးဇူးပဲ အစ်ကိုကြီး . . .”

ဖုန်းချပြီးသည်နှင့် မရှေးမနှောင်းမှာပင် မငြိမ်းမွန် ရောက်လာ၏။

ကျွန်တော်က သူမကို ကော်ဖီတစ်ခွက်ဖြင့် ဧည့်ခံရင်း ရှင်းပြ၏။

“ကိုယ်က ရိုးရိုးသားသားတန်ရာတန်ဖိုးနှင့် ဝယ်တာဖြစ်တဲ့အတွက် ရဲက ပစ္စည်းလက်ခံစာရင်းဇဲ ဆွဲထည့်မှာ မဟုတ်ပါဘူး၊ ရုံးတော်ရောက်တော့လည်း တခြား

www.burmeseclassic.com

www.burmeseclassic.com


သူကြီးတွေက နှစ်နာသူဘက်က မျှမျှတတ စဉ်းစားပေးပါလိမ့်မယ်၊

အခု အရေးကြီးနေတာက သမီးတို့ဘက်က ကားအပ်ပေးဖို့ပဲ . . .

ကားအပ်ပြီးရင်လည်း ရဲက ဓာတ်ပုံလေးဘာလေး ရိုက်ယူပြီး ခံဝန်နှင့် ပြန်ပေးထားမှာပါ၊

အန်ကယ်ပြောတာ သမီးနားလည်တယ်နော်၊ ဦးအောင်ကောင်းတို့ကိုလည်း ဒီအတိုင်းပြောပြလိုက်ပါ"

" ဟုတ်ကဲ့ အန်ကယ်၊ ကျေးဇူးပါပဲ . . . "

သည့်နောက်တွင်တော့ ထိုပြဿနာက ကျွန်တော့်ခေါင်းပေါ် ပုံကျလာသကဲ့သို့ ဖြစ်ခဲ့ရသည်။

ရန်ကင်းရဲစခန်းမှ ဒုရဲအုပ်မိုးနိုင်က ကျွန်တော့်ထံ အကြိမ်ကြိမ်အကူအညီတောင်း၏။

" အစ်ကိုကြီး မိတ်ဆွေတွေကို ရှင်းပြပေးပါဦး၊ အစ်ကိုကြီးရယ်၊ တစ်ဘက် ကားပိုင်ရှင်ကလည်း အထင်လွဲပြီး ဟိုတိုင်သည်တိုင်လုပ်နေပြီ၊ အထက်ကလည်း ဒါလေးမှ ရအောင် မလုပ်နိုင်ဘူးလားလို့ ကျွန်တော့်ကို

မိုးဝေ
www.burmeseclassic.com

www.burmeseclassic.com



နေပြီ"

ထို့ကြောင့် ကျွန်တော်ကလည်း မငြိမ်မွှန်ကို အခါခါ ပြရ၏။

" ကားအပ်ပြီးတာနှင့် ခတ်ပုံ ရိုက်ပြီး သံမီးတို့ကို ပြန်ပေးထားမယ်လို့ ရန်ကင်းက ကတိပေးထားတယ်၊ ပြန်ရောက်တာနှင့် တစ်ခါတည်း အပ်လိုက်ပေတော့ "

နောက်ပိုင်း မငြိမ်းမွှန် တစ်ယောက် ကျွန်တော့်ထံ ကျဲသွားသလို ဖုန်းဆက်လည်း ကျဲသွားသည်ကို တော် သတိပြုမိ၏။

ကျွန်တော်ကတော့ "မအားလပ်လို့ဖြစ်မယ်" ဟု တောင်းမြင်တွေးသည်။ မိတ်ဆွေကောင်းတို့ ဝတ္တရား ပိုင်း ကူညီစောင့်ရှောက်ရန် သတိရနေခဲ့သည်။

ထို့ကြောင့်လည်း အလုပ်အားလပ်သည့် နေ့လယ် တစ်ချိန်၌ မငြိမ်းမွှန်ထံ ဖုန်းဆက်ကြည့်ရန် စိတ်ကူးမိ၏။

ဖုန်းခွက်ကို ဆွဲယူပြီး ဂဏန်းလေးတွေကို လှည့် သည်။ " ဟလို . . . " ဟူသော အသံ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်မှ မထွက်မိမှာပင် မထင်မှတ်သော အသံများအား ဖု
ခွက်ထဲမှ တစ်ဆင့်ကြားလိုက်ရပါတော့သည်. . .။

"မငြိမ်း အိမ်မှာအားလုံးအဆင်ပြေရဲ့လား . .

"ဟုတ်ကဲ့ အဆင်ပြေပါတယ် အန်တီ၊ အခု ဘိ
က ဆက်တာလား . . ."

"အေး ဟုတ်တယ်၊ ဒါနှင့် ကားကိစ္စအခြေအ
ဘယ်လိုရှိလဲ"

"ရန်ကင်းစခန်းကတော့ ခဏ ခဏ လာတ
အန်တီ၊ တစ်ခါ တစ်ခါ ညဘက်လာလာချောင်းတာ
တယ်၊ သမီးလည်း အန်တီသင်ထားတဲ့အတိုင်း ကား
လွှန်နေတယ်လို့ပဲ ပြောထားတယ်"

"အေး ကောင်းတယ်၊ ဒါထက် အမှုကိုင်
ဘယ်သူတဲ့လဲ"

"ဒုရဲအုပ် မိုးနိုင်တဲ့ အန်တီ"

"သူ့ပုံပန်းက ဘယ်လိုလဲ မငြိမ်း"

"အသက်ကတော့ အစိတ်လောက်ရှိမယ်
တယ်၊ အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် ရုပ်ချော



www.burmeseclassic.com

www.burmeseclassic.com



န်တီ . . .”

“ ဒါနဲ့ မျှားအေး ညှဲ့လိုက်တာ ပွဲပြတ်အောင် တစ်ခါ
ည်း ပစ်ပေါင်းထားလိုက်ပါလား . . .”

မငြိမ်းမွန်နှင့် သူ့အန်တီ ဒေါ်ခင်ခင်ညိုတို့ စကား
ပြာနေခြင်းဖြစ်ကြောင်း ကျွန်တော်သိလိုက်သည်။

ခိုးနားထောင်သည်ဟု ထင်မှာစိုး၍ ကျွန်တော်
ဘား မပြောရ။ ဖုန်းချပြန်လျှင်လည်း အသံကြားသွားပြီး
တို့ စိတ်အနှောင့်အယှက်ဖြစ်မည်။

မထူးဟု သဘောထားကာ သည်အတိုင်းပဲ
န်တော်ဆက်၍ နားထောင်နေလိုက်သည်။

“ညည်း . . . အန်ကယ် ဦးစောသိန်းဆီ မသွားဘူး
း . . .”

ကျွန်တော့်နာမည်ပါလာသဖြင့် စိတ်ဝင်စားစွာ
ိုက်မိ၏။

“ သွားပါတယ် အန်တီ”

“ သူက ဘာပြောလဲ”

“ အံမယ် သူက အရင်လို မဟုတ်တော့ဘူး၊ လေသံ



www.burmeseclassic.com

www.burmeseclassic.com


တွေတောင် ပြောင်းနေတယ် အန်တီ၊ ကားအစ်ပေး

ပြောနေတယ် . . .”

“ဟိုဘက်က လိုင်းဝင်ထားလို့နေမှာပေါ့အေ . .

“ ဟုတ်နိုင်တယ် အန်တီ ”

မယုံနိုင်စရာ အသံကြောင့် ကျွန်တော့်တစ်ကိုယ်

တောင့်တင်းသွားသည်။

“ညည်းက လက်ဆောင်လေး ဘာလေး သွားမ

ဘူးလား”

“ ပေးတာပေါ့ အန်တီ၊ မုန့်တစ်ပုံးသွား

တယ် . . ၊ အားနာပါးနာနှင့် နေပါစေသမီးရယ်လို့တော

မပြောဘူး တစ်ခါတည်း ယူထားလိုက်တယ်လေ . .

ဟင်း . . . ဟင်း. . . ”

“ ငါတို့ပေးတာ နည်းလို့ နေမှာပေါ့အေ”

ဒါနှင့် ကားကိုရော သေသေချာချာ သိမ်းရဲ့လာ

“ သိမ်းထားပါတယ် အန်တီ၊ မြေအောက်ခန်းထဲ

ပဲ ရှိပါတယ်”

ကျွန်တော် ဆက်၍နားထောင်နိုင်စွမ်းမရှိတော့

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို ပုခက်ပေါ် အသာပြန်တင်လိုက်သည်။

ကျွန်တော်၏ ရိုးသားဖြူစင်သော မေတ္တာစေတနာတို့ကို အနင်းချေ အဖျက်ဆီးခံရသောကြောင့် လည်းကောင်း၊

တာဝန်ဝတ္တရား ဆောင်ရွက်ရာတွင် ထားရှိသောကျွန်တော့် ကိုယ်ကျင့်သိက္ခာကို စော်ကားခံရ၍ လည်းကောင်း ဖြစ်ပါလိမ့်မည် . . . ၊

ထိုအချိန်က ကျွန်တော့်တစ်ကိုယ်လုံး တုန်ရီနေခဲ့သည်ကို ကျွန်တော် သတိပြုမိ၏။

မည်သို့ပင်ဖြစ်စေ အုန်းဆိုးထဲက အကောင်းပမာ၊ အရှုံးထဲက အမြတ်နှစ်ခုတော့ ရလိုက်ပါသည်။

တစ်ခုမှာ "သက်သေခံကားသည် ဦးအောင်ကောင်း တို့၏ အိမ်မြေအောက်ခန်းတွင် ရှိနေကြောင်း" ရန်ကင်းရဲစခန်းသို့ ကျွန်တော်သတင်းပေး ကူညီနိုင်ခဲ့ခြင်းဖြစ်ပြီး၊

နောက်တစ်ခုမှာ ကျွန်တော်၏ ရဲလုပ်သက် တစ်လျှောက်လုံး မုန့်ပုံးလေးကပေးသည့် သင်ခန်းစာကို အမှတ်

www.burmeseclassic.com

www.burmeseclassic.com



ရရ လိုက်နာနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါတော့သည်။

ရဲတပ်ဖွဲ့ဝင်များအပေါ် အမှန်မြင်၍ အမြင်မှန်ရကြပါစေဟု ကျွန်တော် ဆုတောင်းမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကံစီမံရာ ဦးဩဘာ

(၁)

အငြိမ်းစားကျောင်းဆရာအိုကြီး ဦးဩဘာနှင့် ဆရာကတော် ဒေါ်သန်းသန်းတို့၏ ရင်ထဲမှာ သောကမီးတွေ အရှိန်ပြင်းပြင်း လောင်မြိုက်နေမှန်း သိသာလွန်းလှသည်။

ရင်ထဲက အပူရှိန်က မျက်နှာပေါ်တက်၍ ဟပ်နေသည်။

နှစ်ဦးစလုံး၏ မျက်နှာတွေက ကာလရှည်ကြာ နေပြင်းထိခံရသော ပန်းပမာ ညှိုးလွန်း၊ နွမ်းလွန်းလှသည်။

နှုတ်မှ ထွက်လာသော အသံကပင် အရင်လို

www.burmeseclassic.com

www.burmeseclassic.com


ဩဇာပါဝါအပြည့်နှင့် လွှမ်းမိုးနိုင်သော အသံ မဟုတ်တော့။
အရာရာကို အရှုံးပေးကာ အားလျှော့ချလိုက်သည့် ကူကယ်ရာမဲ့သူတစ်ယောက်၏ အသံမျိုး။
တုန်ရင်၊ နွမ်းဟိုက်၊ တိုးလျစွာဖြင့် . . .
" ချမ်းသာသူတွေအတွက် မပြောပလောက်တဲ့ အတိုင်းအတာပေမယ့် ကျုပ်တို့အတွက်တော့ ဘဝပျက်လောက်တဲ့ ပမာဏပါ။
မိသားစုတစ်စုလုံးရဲ့ အသက်သွေးချွေးတွေ၊ ခွန်အားတွေ၊ ဘဝတွေ ပေးဆပ်ပြီးမှ ရခဲ့တဲ့ငွေပါ ဦးစောသိန်း။
ကျွန်တော့်တို့ နှစ်ပေါင်းများစွာ ပေးဆပ်ရင်းနှီး စုဆောင်းခဲ့ရတဲ့ ဒီငွေဆယ်သိန်းဟာ တရားဝင်ခွင့်ပြုချက်နဲ့ လုပ်ကိုင်နေတဲ့ အကျိုးဆောင်လုပ်ငန်းတစ်ခု မှုပ်ဆိုင်းသွားတာနဲ့ ဆုံးရှုံးမသွားသင့်ပါဘူးဗျာ"
ဆရာဦးဩဘာ၏ စကားက ကျွန်တော့်နှလုံးသားကို တိုက်ရိုက်ထိမှန်သွားခဲ့ပါသည်။
အသက်သွေးချွေးတွေ၊ ဘဝတွေ၊ ခွန်အားတွေ

www.burmeseclassic.com

www.burmeseclassic.com



ပေးဆပ်ခြင်းမှ ရခဲ့တဲ့ငွေပါ။

အသက်သွေးချွေးတွေ . . .

ဘဝတွေ . . .

ခွန်အားတွေ . . .

ပေးဆပ်ခြင်း . . .

ကျွန်တော့်စိတ်တွင် ထိုစကားတွေ ထပ်ခါတလဲလဲ ပဲ့တင်ထပ်နေသည်။

ရုတ်ခြည်းပင် ကျွန်တော့်အသိအာရုံထဲ၌ ဆရာဦး ဩဘာနှင့် မိသားစုလေး၏ ပုံရိပ်က ဖျပ်ခနဲ ပေါ်လာပါ တော့သည်။

ဆရာဦးဩဘာသည် အင်းစိန်အမက(   )တွင် နှစ်ပေါင်းများစွာ မြေဖြူကိုင်ခဲ့ပြီး ထိုကျောင်းမှပင် လုပ်သက်ပြည့်၊ သက်ပြည့်ပင်စင်ယူခဲ့သူ ဖြစ်၏။

သူနှင့် တစ်ကျောင်းတည်း စာသင်ဖက် ကျွန်တော့် ဇနီးကို အကြောင်းပြု၍ သူနဲ့ သိကျွမ်းရခြင်းဖြစ်သည်။

ခင်မင်မှုသက်တမ်း အနှစ်နှစ်ဆယ်ကျော်ခဲ့ပေပြီ၊ ဆရာဦးဩဘာ၏ မိသားစုတွင် လူဦးရေ ခုံးဦး



www.burmeseclassic.com

www.burmeseclassic.com


သာ ရှိ၏။

ဆရာဦးဩဘာ၊ ဆရာကတော်ဒေါ်သန်းသန်းနှင့် တစ်ဦးတည်းသောသားလေး မောင်တိုးမြင့်တို့ ဖြစ်သည်။

မောင်တိုးမြင့်ကား သားတကာတို့တွင် ရှာမှ ရှား၊ တကယ့် သားယောကျ်ားဟု ဆိုနိုင်သူ ဖြစ်၏။

ငယ်စဉ်ကပင် မိဘအပေါ် သိတတ်သူ၊ ယဉ်ကျေး လိမ္မာသူ၊ ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးလို မိမိကိုယ်ကို နှိမ့်ချရိုကျိုးတတ်သူ၊ ပညာကြိုးစားသူ စသည်ဖြင့် ကောင်းခြင်း အဖြာဖြာနှင့် ထူးချွန်ပြည့်စုံသူလေးဖြစ်သည်။

ဆယ်တန်းအောင်မြင်ပြီးနောက် မောင်တိုးမြင့် စစ်တက္ကသိုလ် တက်ခွင့်ရ၏။

ကျောင်းဆင်းပြီး ခွင့်ပြန်လာသော ရက်တစ်ရက်၌ ဆရာဦးဩဘာအိမ်တွင် အန္တရာယ်ကင်းဆွမ်းကျွေး အလှူ လုပ်သည်။

အလှူသို့ ကျွန်တော်နှင့်ဇနီးတို့ သွားရောက်ခဲ့၏။

မောင်တိုးမြင့်ကို နုသစ်ပျိုမျစ်သော ရုပ်သွင်၊ မြင့်မား ထွားကျိုင်းသော ကိုယ်ဟန်နှင့် လိုက်ဖက်စွာ တင့်မတော်

www.burmeseclassic.com

www.burmeseclassic.com



အရာရှိဝတ်စုံဖြင့် တွေ့ခဲ့ရသည်။

"တစ်ကောင်တည်း၊ ဒါပေမဲ့ ခြင်္သေ့ဗျ"

သားတစ်ယောက်တည်း ရှိသော်လည်း သားတစ်ရာမက အားကိုးအားထားပြုနိုင်သူ မောင်တိုးမြင့်နှင့် ပတ်သက်၍ ဆရာဦးဩဘာမပြောလေ့ပြောထရှိသောစကားဖြစ်သည်။

ယခုမူ မောင်တိုးမြင့်တည်းဟူသော ခြင်္သေ့ပေါက်လေးသည် သူ့မိသားစုအတွက်သာမက တိုင်းပြည်ကပါ အားထားလောက်သည့် အနာဂတ်၏ အောင်စစ်သည်တစ်ယောက်ဖြစ်နေပါချေပြီ။

သားဖြစ်သူ၏ ပခုံးကို ဖက်ကာ ဂုဏ်ယူဝင့်ကြွားစွာ ပီတိဖြာနေသည့် ဦးဩဘာ၏ တက်ကြွရွှင်လန်းသော မျက်နှာကို လက်ရှိ အခြေအနေ ယခုအနေအထားနှင့် ကျွန်တော် နှိုင်းယှဉ်ကြည့်မိလိုက်၏။

အကွာခြားကြီး ကွာခြားနေကြောင်း ကျွန်တော် သတိပြုမိ၏။

အမှန်တော့ ဦးဩဘာ၏ အပြုံးကို မတွေ့ရသည်

www.burmeseclassic.com

www.burmeseclassic.com


မှာ ယခုမှ မဟုတ် လွန်ခဲ့သည့် ငါးနှစ်ခန့်ကတည်းက ဖြစ်ပါသည်။ ထိုနေ့ကို ကျွန်တော် မှတ်မှတ်ရရ ရှိနေခဲ့၏။

(၂)

ထိုနေ့ နံနက်ပိုင်းက အငြိမ်းစားယူတော့မည့် ဆရာဦးဩဘာအတွက် နှုတ်ဆက်မိတ်ဆုံစားပွဲလေးတစ်ခု ကျောင်းတွင် ပြုလုပ်ပေး၏။

ညနေပိုင်း၌ ကျွန်တော်နှင့် ဇနီးတို့ ဦးဩဘာအိမ်သို့ သွားခဲ့သည်။

ကျွန်တော်တို့ ရောက်သွားချိန်တွင် ဦးဩဘာနှင့် ဒေါ်သန်းသန်းတို့သည် တပည့်များက ကန်တော့လိုက်သော၊ ဆရာ/ဆရာမများက ဂုဏ်ပြုလိုက်သော အမှတ်တရ လက်ဆောင်များကို ကြည့်ရှုနေဆဲ ဖြစ်၏။

ကျွန်တော်က ရဲအရာရှိဘဝမှ ပင်စင်ယူခဲ့သူဖြစ်ပြီး ဦးဩဘာထက် တစ်နှစ်စော၏။ ထို့ကြောင့် ပင်စင်စားကျင့်စဉ်များဖြင့် ရယ်စရာ၊ မောစရာ ပြောရင်း အားပေးရင်း စကားကောင်းနေကြသည်။


www.burmeseclassic.com

www.burmeseclassic.com


ဦးဩဘာကတော့ မပါမဖြစ်သားချစ်မောင်တိုးမြင့်ဆို့မဟုတ် ဗိုလ်မှူးတိုးမြင့်အကြောင်း အားပါးတရ ပြောနေခဲ့သည်။

ထိုအချိန်မှာပင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုက ထိတ်မခေါ်ဘဲ ရောက်လာခဲ့ခြင်းဖြစ်သည်။

အိမ်ရှေ့တွင် ရပ်လိုက်သည့် ကားသံကြောင့် ကျွန်တော်တို့ အားလုံးစကားစဖြတ်ပြီး လှမ်းကြည့်လိုက်ကြသည်။

အစိမ်းရောင် စစ်ဂျစ်ကားတစ်စီး။

တပ်မတော်အရာရှိ သုံးဦးဆင်းလာကြသည်ကို တွေ့ရ၏။

" သားလေး ကိုတိုးလာတယ် "

ဒေါ်သန်းသန်းက နှုတ်မှ လွှတ်ကနဲ ပြောရင်း အိမ်ရှေ့ထွက်သွားသည်။

အမှန်က ထိုသူများထဲတွင် မောင်တိုးမြင့် မပါပါ။

ဒေါ်သန်းသန်းမှာ သားဖြစ်သူမပါလာသည်ကို မှ ကိုယ်ရှိန်သတ်ရင်း ညှိုသည်များအား ကြိုလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပန်းပေါ်တွင် တွေ့ရသော ရွှေရောင် အပွင့်အခက်များကြောင့် ဒုတိယဗိုလ်မှူးကြီးတစ်ဦးနှင့် ဗိုလ်ကြီးနှစ်ဦးဖြစ်ကြောင်း ကျွန်တော်သိလိုက်သည်။

သူတို့ရဲ့ မျက်နှာပြင်ပေါ်မှ တစ်စုံတစ်ခုသော စိုးရိမ်စိတ်ကြောင့် ကျွန်တော့်ရင်ထဲမှာ 'ထိတ်ကနဲ' ဖြစ်သွား၏။ ဦးညွှဘာ၏ မျက်နှာကို ကြည့်လိုက်သည်။ သူကတော့ ရိပ်မိသေးဟန် မတူသေး။ ပြုံးရွှင်မျက်နှာဖြင့် ဧည့်သည်များအား နေရာထိုင်ခင်း ပေးနေသည်။

အချိန်အတန်ကြာထိ မည်သူ့ဆီကမှ စကားသံထွက်မလာ။

တော်တော်လေးကြာမှ ဒုဗိုလ်မှူးကြီးထံက ချောင်းဟန့်သံ တစ်ချက် ထွက်လာသည်။

ထို့နောက် ခြောက်ကပ်ဆို့နစ်သော စကားသံများ။

"ကျွန်တော်တို့ ချစ်ခင်လေးစားရသော ဆရာကြီးတို့ရဲ့သား ဗိုလ်မှူးတိုးမြင့်ဟာ ရှေ့တန်းတစ်နေရာမှာ တိုင်းပြည်အတွက် အသက်ပေးလှူသွားပါတယ် ဆရာကြီးခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



(၃)

" အသက်သွေးချွေးတွေ၊ ဘဝတွေ ပေးဆပ်ပြီးမှ ရခဲ့တဲ့ ငွေပါ"

ဦးဩဘာ၏ စကားတွေက ရင်နင့်အောင် မှန်လှသည်။

သူ ကြေကွဲဝမ်းနည်းမည်ဆိုကလည်း ကြေကွဲဝမ်းနည်းလောက်ပါ၏။

တိုင်းပြည်အတွက် အသက်စွန့်လှူသွားခဲ့ရှာသည့် တစ်ဦးတည်းသော သားရတနာ ဗိုလ်မှူးတိုးမြင့်အတွက် နိုင်ငံတော်က ထောက်ပံ့ခဲ့သည့် ငွေများ မဟုတ်ပါလော။

ထိုမျှမကသေး၊ ရှည်လျားလှသည့် ကျောင်းဆရာ သက်တမ်းတစ်လျှောက် ပီတိကို လှိုင်လှိုင်စားရင်း ခြိုးခြံ ချွေတာ၊ စုဆောင်းခဲ့သည်တို့ကလည်း ကာလကြာလေ ဆောင်ပို့ပမာ မြင့်လာလေ ဖြစ်ခဲ့၏။

ထိုအချိန်မှာပင် ဈေးကွက်စီးပွားရေး ယဉ်ကျေးမှု နှင့်အတူ ပေါ်ပေါက်လာသည့် အကျိုးဆောင် ကုမ္ပဏီ များစွာ ထဲက တစ်ခုနှင့် ဦးဩဘာ ဆက်သွယ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'မေတ္တာဝါဒီ အထွေထွေ ဝန်ဆောင်မှုလုပ်ငန်းများ ကုမ္ပဏီ'

ထိုကုမ္ပဏီသည် မြန်မာနိုင်ငံအဝှမ်း ဝန်ဆောင်မှု လုပ်ငန်းများကို လုပ်ကိုင်နေသည့် ကုမ္ပဏီဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အပါအဝင် သတင်းစာဂျာ နယ်၊ မဂ္ဂဇင်းအစောင်စောင်ကလည်း လက်ကမ်းကြော်ငြာ များ၊ ဇာတ်လမ်းတိုများဖြင့် အကျိုးတူ အပ်နှံငွေများ အပ်နှံကြ ရန် ဆွဲဆောင်ဖိတ်ခေါ်ခဲ့၏။

'မေတ္တာဝါဒီ' က ပေးသည့် အကျိုးအမြတ်က လည်း မဆိုး။ တစ်လလျှင် ငွေတစ်ရာကျပ်အတွက် ငါးကျပ် နှုန်း ခံစားခွင့်ပြုထားသည်။

သားလေးအတွက် နိုင်ငံတော်က ထောက်ပံ့သည် ကရုဏာကြေး၊ ဆုကြေး၊ ပင်စင်လစာတွေနှင့် နှစ်ပေါင်းမျာ စွာ ခြံတောင်ပို့ပမာ သူစုဆောင်းခဲ့သည့် ငွေတွေကို ပေါင် လိုက်၏။ ငွေကျပ် ရှစ်သိန်းနီးပါးရသည်။

ဆရာကတော် ဒေါ်သန်းသန်းက လူရှိသေ၊ ငွေ သေ နှစ်ပေါင်းများစွာ ဝတ်ဆင်လာခဲ့သော လက်ဝတ်လ

www.burmeseclassic.com

www.burmeseclassic.com



စား အားလုံးကို ချွတ်ရောင်းပြီး ဆယ်သိန်းပြည့်အောင် ဖြည့်ပေး၏။

ငွေဆယ်သိန်းအပေါ်တွင် လစဉ်ထုတ်ယူရရှိမည့် အကျိုးအမြတ်ငွေငါးသောင်းကို မျှော်လင့်၍ မေတ္တာဝါဒီ အထွေထွေ အကျိုးဆောင်ကုမ္ပဏီထံ ထိုငွေတွေကို ဦးဩဘာ အပ်နှံမိလိုက်ခြင်း ဖြစ်သည်။

ငွေအပ်ပြီး တစ်လတိတိ ပြည့်သောနေ့မှာ (၅) ရာခိုင်နှုန်း အကျိုးအမြတ်ငွေ ငါးသောင်းကို ဦးဩဘာ ထုတ်ယူရခဲ့၏။ ဒုတိယလ၊ တတိယလ၊ စတုတ္ထလနှင့် ပဉ္စမ မြောက်လထိ အေးအေးချမ်းချမ်း ထုတ်ယူရခဲ့၏။

ပြဿနာ၏ နိဒါန်းက ဆဋ္ဌမမြောက်လဖြစ်သည့် အောက်တိုဘာလတွင် အစပျိုးခဲ့ခြင်း ဖြစ်သည်။

ထိုနေ့က ဦးဩဘာ သူရသင့်သည့် အကျိုးအမြတ် ငွေကို တစ်ပြားတစ်ချပ်မျှ ထုတ်ယူမရခဲ့ပါ။

သူ့တင်မက အခြားအပ်နှံသူမည်သူ့ကိုမျှ ထုတ်ပေးခြင်း မရှိကြောင်း တွေ့ရသည်။

"ကုမ္ပဏီ ဖျက်သိမ်းလိုက်ပြီ"

မိုးကြာစာပေ

www.burmeseclassic.com

www.burmeseclassic.com


"မန်နေဂျင်းဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် ဦးတင်မြိုင်တို့လည်း လစ်ပြေးသွားပြီတဲ့"

ကောလဟာလ ဗုံးတွေ 'ဆရာဦးဩဘာ၏ ရင်ကို တစ်လုံးပြီး တစ်လုံး လာရောက်ထိမှန် ပေါက်ကွဲနေသည်။

ငွေတွေ ထားစရာ နေရာမရှိလို့ အကျိုးဆောင် ကုမ္ပဏီမှာ လာအပ်သူတွေ။

ငွေတွေ သိန်းပေါင်းများစွာ ချမ်းသာနေပြီး စီးပွားရေးလုပ်ငန်းမလုပ်တတ်၍ ကုမ္ပဏီမှာ မြှုပ်နှံသူတွေ အတွက် ဘာမှမဖြစ်၊ လေ့သူကြီး လေ့မှောက် သလောက်သာ ရှိမည်။ နောက်ဆုံး ဆင်ပိန်ကျွဲလောက်တော့ ကျန်ဦးမည်။

" ငါ့အဖြစ်က သူတောင်းစားခွက်ပျောက်သလို ဖြစ်နေပြီ"

စိတ်နာနာနှင့် သည်လိုပင်တွေးခဲ့မိသေး၏။

ဦးဩဘာ အပါအဝင် အပ်နှံသူတွေက ငွေရင်းပြန်ထုတ်ရန် ကြိုးစားပြန်သည်။ ထုတ်ယူခွင့် မရ။

တစ်နာရီ၊ နှစ်နာရီအတွင်း ကုမ္ပဏီရုံးချုပ်ရှေ့မှာ လူတွေ စုရုန်းလာသည်။

မိုးတံခွန်စာပေ
www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ်ဖြင့် မြည်တွန်တောက်တီးသံ၊ ဆူညံ အော်ဟစ်သံတွေ ထွက်ပေါ်လာသည်။

ရဲတပ်ဖွဲ့ဝင်တွေအများအပြား ရောက်လာပြီး အခြေအနေကို ထိန်းသိမ်းယူရသည်။

ထိုနေ့က ဦးဩဘာ အိမ်ပြန်နောက်ကျခဲ့၏။ ယခင်က နေ့လယ်မွန်းမတည့်မီ ပြန်ရောက်တတ်သော်လည်း ထိုနေ့ကတော့ ညနေပိုင်းနေချိုမှ ခေါင်းငိုက်စိုက်နှင့် ပြန်ရောက်လာခဲ့ခြင်း ဖြစ်သည်။

" ဖြစ်မှ ဖြစ်ရလေ သားကြီးရာ၊ မင်းအဖြစ်က ဆိုးလှချည်လားကွာ "

ဦးဩဘာ ထိုစကားကိုသာ စိတ်မကောင်းကြီးစွာ ရေရွတ်နေမိပါသည်။

အဘယ့်ကြောင့်ဆိုသော် သည်လရမည့် ဘဏ်တိုးအမြတ်ငွေဖြင့် ရှေ့တန်းတစ်နေရာတွင် တိုင်းပြည်အတွက် အသက်ပေးလှူသွားသော သားကြီး ဗိုလ်မှူးတိုးမြင့်အတွက် ကောင်းမှု ကုသိုလ်ပြုမည်ဆိုသော ရည်မှန်းချက်လေး ပျက်ပြယ်သွားသောကြောင့်ပါတည်း။

www.burmeseclassic.com

www.burmeseclassic.com



(၄)

ဦးဩဘာက သူယူလာသည့် စာရွက်စာတမ်းများကို ကျွန်တော့်အား လှမ်းပေးသည်။

မေတ္တာဝါဒီ အထွေထွေအကျိုးဆောင် ကုမ္ပဏီမှ ထုတ်ပေးထားသည့် အကျိုးအမြတ် ထုတ်ယူခွင့် အစုဝင်စာအုပ်နှင့် အခြားစပ်ဆိုင်သော အထောက်အထား စာရွက်စာတမ်းအချို့ ပါဝင်ကြောင်း တွေ့ရ၏။

ကျွန်တော်က တစ်ခုချင်း လေ့လာကြည့်သည်။

ငွေအပ်နှံခြင်းနှင့် အကျိုးအမြတ်ရရှိခွင့်အတွက် ကုမ္ပဏီနှင့် ဦးဩဘာတို့ စာချုပ် ချုပ်ထားပြီး စာချုပ်အမှတ်က ၃၅၅၀/ ၂၀၀၂ ဖြစ်၏။

ငွေဆယ်သိန်းကို (၃-၅-၂၀၀၂) နေ့တွင် အပ်နှံခဲ့ပြီး (၂၀၀၂) အောက်တိုဘာလထိ အကျိုးအမြတ်ငွေများ ထုတ်ယူထားကြောင်း တွေ့ရသည်။

"ဒီအကျိုးဆောင်ကုမ္ပဏီတွေဟာ လူလိမ်တွေများလား ဦးစောသိန်း"

ဦးဩဘာက သူ့စိတ်ထဲက သံသယကို ဖွင့်ဟ၏။

ပိုးဝါဒေ့စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



" တစ်ထစ်ချ စွပ်စွဲလို့တော့ မရဘူးဆရာ၊ ဒါပေမယ့်
တော့တ်ဘူး လို့လည်း မပြောနိုင်ဘူး . . .

ပြည်သူလူထုဆီက အပ်နှံငွေသိန်းထောင်ပေါင်း
များစွာကို လက်ခံပြီး လစ်ပြေး သွားတဲ့ ကုမ္ပဏီတွေရှိတယ်။

ဒါပေမယ့် ခုဖြစ်စဉ်က မေတ္တာစါဒီကုမ္ပဏီတစ်ခု
လည်း မဟုတ်ဘူး။ ဝန်ဆောင်မှု၊ အကျိုးဆောင် ကုမ္ပဏီ
အားလုံးနီးပါးလောက်ကို ဖျက်သိမ်းလိုက်ကြတာပါ။

ဒီအတွက် သူတို့ဖက်မှာလည်း ပြောစရာ ဆင်ခြင်
ဆင်လက်တွေ ရှိပါတယ် . . .

၂၀၀၂ ခုနှစ် တရားမဝင် ငွေကြေးများနှင့် ပစ္စည်း
များ ထိန်းချုပ်ရေး ဥပဒေ အခန်း (၃)၊ ပုဒ်မ (၅) ပါ ပြဋ္ဌာန်း
ချက်တွေအရ ငြိစွန်းတဲ့ ကုမ္ပဏီတွေဟာ ငွေရေးကြေးရေး
ဆိုင်ရာလုပ်ငန်းတွေ လုပ်ကိုင်ခွင့် မရှိတော့ဘူး။

ဒါကြောင့် သူတို့ရဲ့ ငွေကြေးလုပ်ငန်းတွေကို အဲဒီ
ဥပဒေနှင့်အညီ တရားဝင် ရပ်ဆိုင်းခဲ့တာဖြစ်တယ်လို့
အကြောင်းပြ ထုချေကြပါတယ်"

" ဒါဆို ကျုပ်တို့ငွေတွေ ပြန်မရနိုင်တော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးဩဘာ၏ အသံက တုန်ရင်နေသည်။

" စိတ်မပူပါနဲ့ ဆရာ၊ ပြန်ရနိုင်ပါတယ်၊ တရားဥပဒေ နှင့်အညီ လုပ်ထုံးလုပ်နည်းတွေနှင့်အညီ ပြန်ရအောင် လုပ် နိုင်ပါတယ်။ ငွေအပ်နှံသူ အချို့လည်း သူတို့ငွေတွေ ပြန် နေကြပါပြီ"

ကျွန်တော့်စကားကြောင့် ဦးဩဘာ မျက်လုံးတွေ အရောင်တောက်လာသလို ထင်လိုက်ရ၏။ သို့သော် သတ် ပြင်းလေးလေးကြီးကို ချက်ချင်း ချလိုက်ကာ . . .

" သေမဲ့သူ အသေဖြောင့်အောင် ပြောနေတာလာ ဦးစောသိန်းရာ"

" မဟုတ်တာ ပြောပါ့မလား ဆရာရယ်၊ ကျုပ်ပြော ရင် ယုံလိုက်စမ်းပါ၊ တစ်ခုတော့ရှိတယ်။ သူတို့ကို တရား ကြောင်းနဲ့ တရားစွဲရမယ် "

" ကိုယ့်ငွေမရသေးတဲ့အပြင် နောက်ပါထပ်ပြီး ကု ကျရဦးမှာလား ဦးစောသိန်း "

" ကိုယ်ရရန်ရှိတဲ့ ငွေပမာဏကို ဖော်ပြပြီး အ တန်ဖိုး သတ်မှတ်ရပါတယ်။ အဲဒီတန်ဖိုးအလိုက် ရုံးတော

www.burmeseclassic.com

www.burmeseclassic.com



အခွန်တော်တွေ ပေးသွင်းရတာတို့၊ ရှေ့နေခ ပေးရတာတို့ ရှိပါမယ်။ ပြီးတော့ ဖုံးချိန်းရက်တိုင်းမှာလည်း အသေးအမွှား တုန်ကျရတာလေးတွေရှိမယ်။ ဒီလောက်တော့ ထောင်မြင် ရာစွန့်ရမှာပေါ့ ဆရာရယ်"

"အမှုကရော နိုင်နိုင်ပါ့မလား"

နှစ်ပေါင်းများစွာ ပီတိစားခဲ့သူကြီးကို ကျွန်တော် ကြင်နာစွာ ကြည့်မိပါသည်။

အခြားရှေ့နေတစ်ယောက်သာဆိုပါက သူ့အမေး တွေကို စိတ်ချဉ်ပေါက်ပြီး ဟောက်မည်၊ ဟိန်းမည်မှာ အမှန်၊ ကျွန်တော်ကတော့ နှစ်ပေါင်းများစွာ သူ ကိုင်ခဲ့သည့် မြေ ဖြူခဲတွေလို သူ့စိတ်သူ့နှလုံးသားတွေ ဖြူစင်သည်ကို သိ၍ သနားကြင်နာစိတ်ပင် ဖြစ်ပေါ်မိပါသည်။

"နိုင်တာပေါ့ ဆရာရယ်၊ ကိုယ့်ဖက်က အထောက် အထား ခိုင်ခိုင်လုံလုံ တင်ပြနိုင်တာပဲ ဥစ္စာ"

"အမှုနိုင်ရင် ကျွန်တော့်ငွေတွေ ပြန်ရမှာပေါ့နော် ဦးစောသိန်း"

ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအမေးကို ဖြေရန် အဖြေက ကျွန်တော့်တွင် အဆင်သင့် မရှိ၊

အမှုနိုင်တာက နိုင်တာပဲ ဖြစ်သည်။ ငွေကို ပြန်မရနိုင်သေး။ ငွေရဖို့အတွက် နောက်ထပ် လုပ်စရာတွေ တစ်ပုံကြီး ကျန်သေးသည်။

"ငွေရဖို့ နောက်ထပ် ဇာရီမှုတစ်မှု ထပ်ဖွင့်ရဦးမည်" ဟု ကျွန်တော်ပြောလျှင်ရော ဆရာဦးဩဘာ နားလည်သဘောပေါက်နိုင်ပါ့မလား။

ကျွန်တော် ခေါင်းကိုသာ အကြိမ်ကြိမ် ယမ်းခါနေမိပါတော့သည်။

(၅)

မည်သို့ပင်ဆိုစေ နောက်ဆုံးမှာတော့ တရားလို ဦးဩဘာနှင့် တရားပြိုင် မေတ္တာဝါဒီ အထွေထွေအကျိုးဆောင်ကုမ္ပဏီတို့၏ အမှုကို ဦးဩဘာဘက်မှ ကျွန်တော် လိုက်ပါဆောင်ရွက်ခွင့် ရခဲ့ပါသည်။

အချို့ကုမ္ပဏီတွေက ရုံးတော်က ချသည့်ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



လော၊ ကုမ္ပဏီလိပ်စာတွေ မကြာခဏ ပြောင်းရွှေ့ပြီး ခြေရာ ဖျောက်တတ်၏၊ ထို့ကြောင့် ရုံးတော်မှ တစ်ဖက် သတ် ကြားနာစစ်ဆေးပြီး အမိန့်ချရတတ်သည်။

မေတ္တာဝါဒီ ကုမ္ပဏီကတော့ ဒီလို အခြေအနေဆိုး မဟုတ်။ ရွှေနေတစ်ဦး ငှားရမ်းကာ ရင်ဆိုင်ဖြေရှင်း၏။

ဤသို့ဖြင့် တစ်လနီးပါး ကြာမြင့်ခဲ့ပြီး (၂၉-၃-၂၀၀၅) နေ့တွင် ရန်ကုန်တိုင်း၊ အနောက်ပိုင်းခရိုင် တရားရုံး ( )၌ တရားလိုမှ အပြီးသတ် လျှောက်လဲချက် တင်သွင်းခြင်း နှင့် တရားပြိုင်၏ ဝန်ခံချေပလွှာ တင်သွင်းခြင်းများ ပြုလုပ် နိုင်ခဲ့ပါသည်။

" အရင်းငွေများအပေါ် တရားပြိုင်အနေဖြင့် တစ်စုံ တစ်ရာ ချေပရန် မလိုပါ . . .

အကျိုးအမြတ်ငွေများကိုကား တရားလိုများအနေ ဖြင့် တောင်းဆိုရထိုက်ခွင့် မရှိတော့ပါ။ တရားပြိုင်ကုမ္ပဏီ အနေဖြင့်လည်း ပေးအပ်ရန်တာဝန်မရှိပါ။ အဘယ်ကြောင့် ဆိုသော် ၂၀၀၂-ခုနှစ် တရားမဝင် ငွေကြေးများနှင့် ပစ္စည်း များ ထိန်းချုပ်ရေး ဥပဒေ အခန်း (၃)၊ ပုဒ်မ (၅) ပါ ပြဋ္ဌာန်း



www.burmeseclassic.com

www.burmeseclassic.com



ချက်များအရ တရားပြိုင်ကုမ္ပဏီသည် ငွေရေးကြေးရေး ဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်ခွင့် မရှိသည့်အလျောက် မိမိငွေကြေး လုပ်ငန်းများကို အဆိုပါ ဥပဒေနှင့် အညီ တရားဝင် ရပ်ဆိုင်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

တရားလိုတင်ပြသည့် အရင်းထည့်ဝင်ငွေများနှင့် သက်ဆိုင်သော စာရွက်စာတမ်း အထောက်အထားများ မှန်ကန်ပါက တရားလိုအနေဖြင့် ထည့်ဝင်ထားသည့် အရင်း ငွေများကိုသာ ပြန်လည် ရထိုက်ခွင့် ရှိပါကြောင်း၊ တရားပြိုင် အနေဖြင့် ပြန်လည်ပေးအပ်ရန် ငြင်းဆိုခြင်းမပြု ဝန်ခံချေပ တင်ပြအပ်ပါသည် ”

တရားပြိုင် အကျိုးဆောင်ရှေ့နေကြီးက ဆရာဦး ညြဘာ ထည့်ဝင် ရင်းနှီးငွေ ကျပ်ဆယ်သိန်းကိုသာ အနိုင် ဒီဂရီ ရထိုက်ခွင့် ရှိကြောင်းနှင့် အကျိုးအမြတ်ငွေများကိုမူ ဦးညြဘာရထိုက်ခွင့် မရှိကြောင်း တင်ပြသွားခြင်းပင် ဖြစ်ပါသည်။

“ အကျိုးအမြတ်ငွေတွေ လိုချင်လို့ ကိုယ်ရာစိတ် ပါ ဆင်းရဲခြင်းကြီးစွာ ဖြစ်ခဲ့ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



အရင်းငွေတွေ ပြန်လည် ရထိုက်ခွင့် ရှိတယ်လို့ ဝန်ခံတဲ့အတွက်ပဲ ကျေးဇူးကြီးလှပါပြီ။

မောင်မင်းကြီးသားတို့ ကျန်းမာချမ်းသာပါစေဗျာ”

ဦးသြဘာ ကျေနပ်သဖြင့် အကျိုးအမြတ်ငွေများရရေးအတွက် ဆက်လက်စောဒကတက်ဖို့မလိုတော့ပါ။

ထို့ကြောင့် နောက်ရုံးချိန်းတွင် ကျွန်တော်တို့အားတရားရုံးက အနိုင်ဒီဂရီ ချပေးခဲ့သည်။

“အမှုနိုင်ပေမယ့် လုပ်စရာအလုပ်တွေက အများကြီး ကျန်ပါသေးတယ်။ အချိန်တွေလည်း ပေးရပါဦးမယ်။ အဲဒါတွေကို ကျော်လွန်ပြီးမှ ဆရာ့ငွေတွေကို လက်ဝယ်ပိုင်ဆိုင်ရရှိမှာ ဖြစ်ပါတယ်”

ကျွန်တော့်စကား ကြားတော့ ဦးသြဘာ ခေါင်းကိုတဆတ်ဆတ်ညိတ်၏။

“ လက်ဖက်ကောင်းစားချင်တော့လည်း ပလောင်တောင်တက်ရှေးရတာပေါ့ ဦးစောသိန်းရယ်၊ ရှေ့လုပ်ငန်းစဉ်တွေကိုလည်း ဦးစောသိန်းပဲ အစအဆုံး ကူညီပေးပါဦး။

သားလေးအသက်နဲ့ ရင်းပြီး ရှာပေးခဲ့တဲ့ ငွေလေး



www.burmeseclassic.com

www.burmeseclassic.com


တွေ့ ဆုံးရှုံးမသွားတော့ဘူးဆိုတာပဲ ဝမ်းသာလှပါပြီဗျာ"

ဦးဩဘာ၏ မျက်နှာက စိတ်သက်သာရာ ရခြင်းတို့ဖြင့် ပေါ့ပါးလန်းဆန်းနေ၏။ ကနဦးစတွေ့စဉ်ကလို နေပြင်းခသော ပန်းပမာ ညှိုးညှိုးနွမ်းနွမ်း မဟုတ်တော့။

ခေတ္တမျှ စကားစမြည် ပြောပြီး ဦးဩဘာ ပြန်သွားသည်။

ကျွန်တော်ကတော့ မပြန်နိုင်သေး။

တရားရုံး အမိန့်မိတ္တူကူးရဦးမည်။

ကူးခွင့်ရဖို့အတွက်လည်း လျှောက်လွှာတင်ရဦးမည်။

အမိန့်ဒီဂရီမိတ္တူ ရသည့်အခါတွင်လည်း ဇာရီမှုပြုစုပြီး အမှုတွဲစ်မှု ထပ်စွဲရဦးမည်။

ဇာရီမှုစွဲရာတွင် အရေးကြီးဆုံး အချက်ဖြစ်သည့် တရားရှုံးကုမ္ပဏီပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းစာရင်းများကို တန်ဖိုး တွက်ချက်ပြီး ရုံးတော်သို့ တင်ပြရမည့်ဖြစ်သည်။

လောလောဆယ် စုံစမ်းရထားသလောက် တရားရှုံး


www.burmeseclassic.com

www.burmeseclassic.com


တုမ္ဘဏီပိုင်မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်သည့် ပလတ်စတစ်စက်ရုံကြီးတစ်ရုံ စက်မှုဇုံ (၂) တွင် ရှိကြောင်းသိရ၏။

ဤအတိုင်း ဆိုပါက ဇာရီမှုကို အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးတော်သို့ လွှဲပြောင်းပေးရန် ရုံးပြောင်းလျှောက်ထားရဦးမည်။

မြောက်ပိုင်းခရိုင် တရားရုံး၏ စီရင်ပိုင်ခွင့် ရပြီဆိုမှ ဇာရီမှုအတည်ဖြစ်ဖို့ ဆက်လက် ကြိုးပမ်းရဦးမည်။

ထို့နောက် တရားရုံး ကုမ္ဘဏီပိုင် ပလတ်စတစ်စက်ရုံကြီး လေလံတင်ရောင်းချမည့် ကြော်ငြာကို လေလံတင်ရောင်းချမှ အခြားအမှုသည်များနှင့်အတူ ရသင့်ရထိုက်သည်တို့ကို ခွဲခြမ်းရယူခွင့်ရမည်ဖြစ်သည်။

အပြီးသတ် နိဂုံးချုပ်အခြေအနေကို ရောက်ဖို့ ရုံးပိုင်းဆိုင်ရာ လုပ်ငန်းတွေ၊ အချိန်တွေ အဖန်ဖန်အလီလီ ကျော်ဖြတ်ရဦးမည် ဖြစ်သည်။

မည်သို့ဖြစ်စေ ကျွန်တော်ကျေနပ်ပါသည်။ ကျော်ဖြတ်ပါမည်။

ကျွန်တော်ရမည့် ရွှေနေခတွေ အတွက်မဟုတ်။


www.burmeseclassic.com

www.burmeseclassic.com


သားဖြူစင်စွာနှင့် တိုင်းပြည်အပေါ် တာဝန်ကျေပွန်ခဲ့သော ဆရာအိုကြီး ဦးဩဘာနှင့် တိုင်းပြည်နှင့် လူမျိုးအတွက် မိမိအသက်ကိုပင် မငဲ့ကွက်ဘဲ ပေးလှူသွားခဲ့သည့် သားကောင်း အာဇာနည် ဗိုလ်မှူးတိုး မြင့်တို့အား ကူညီခွင့်ရခြင်းအတွက်ကြောင့် ဖြစ်သည်ကိုတော့ ကျွန်တော့် နှလုံးသားနှင့် ကျွန်တော့်ကိုယ်စောင့်နတ်သာ သိကြမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ခြောက်ငါးလီသုံးသိန်း

(တစ်)

"အလင်းရှိရင် အရိပ်ရှိတယ်မောင် . . .

ချစ်ခြင်းမေတ္တာပန်းတွေမွှေးပျံ့နေသမျှ အချစ်နဲ့ မောင်အတူ လက်တွဲနေမယ်" ဆိုတဲ့ ချစ်သူရေ . . .

ဖူးငုံပွင့်စအရွယ်ကတည်းက ရစ်ပတ်ခဲ့တဲ့ကြိုး . . .

ထာဝရခိုင်ကျည်တဲ့ မေတ္တာနှောင်ကြိုးလို့ မောင် ...ဦးစားမိခဲ့တယ် . . .

နှစ်နှစ်ကာကာ ချစ်ခြင်းတွေနဲ့ အသည်းနှလုံးမှာ ...မွှည်းထိုးခဲ့တယ်။

ဘဝတစ်လျှောက်ငိုလည်းအတူ၊ ရယ်လည်းအတူ

www.burmeseclassic.com

www.burmeseclassic.com


နေနိုင်မယ်လို့ မောင်ထင်မှတ်ခဲ့ပါတယ်။

ခုတော့ . . . တိမ်ယံမှာ ပျားစွဲသလို မဖြစ်နိုင်မှန်း နားလည်ပါပြီချစ်သူ . . .

ဆင်စွယ်ဗိမာန်နန်းက အလှတစ်ပါးကိုမှ ကြင်မယ် အကြံဆန်းနဲ့ တန်းငိုတတဲ့ သူရှုပုံပြင်လို

ဂုဏ်မီးအလျှံ ဆီးကာခြားတဲ့ မင်းကိုချစ်မိတဲ့ မောင် ဟာလည်း ပုံပြင်ထဲက သူရှုပါပဲကွယ် . . .

စစ်သည်ကောင်း ဟုတ်မဟုတ် စစ်မြေပြင်ရောက်မှ သိတယ်။

ချစ်သူကောင်း ဟုတ်မဟုတ်ကိုလည်း ချစ်မြေပြင် ရောက်မှ သိတယ်တဲ့ ချစ်သူ . . .

တဲ့ . . . မောင်နဲ့ ချစ်သူတို့နှစ်ယောက် ရှေ့တန်း ချစ်မြေပြင်မှာ ဂုဏ်ခနရန်သူတွေနဲ့ ရင်ဆိုင်ကြရပြီ။

"ဂုဏ်ခနတွေခွဲခစ်ခဲ့၊

မောင့်လက်ကို ဆွဲရစ်လှည့် . . ."

အကြိမ်ကြိမ်အခါခါမောင့် တောင်းဆုတွေလည်း မပြည့်ခဲ့ပါဘူးချစ်သူရယ် . . .

www.burmeseclassic.com

www.burmeseclassic.com



မင်းက ဂုဏ်ဓနကို ဆွဲရစ်လို့ မောင်အသည်းကို ခွဲ
ဝစ်ခဲ့တာယ်မဟုတ်လား။

ချစ်ကြင်နေစဉ်မှာ စွေးစွေးနီတဲ့သွေးတွေ . . .
ချစ်မြေပြင်မှာ အရောင်ပြောင်းသွားပြီပေါ့နော် . . .

စကြာဝဠာတွေ ပျက်ပြုန်းနိုင်ပေမယ့် . . .

မောင့် မေတ္တာတရားကတော့ မပျက်ပြုန်းနိုင်ဘူး
ချစ်သူယုံပါနော် . . .။

ဧယျာဟိန်း၏ ထောင့်ငါးရာအဖြစ်အပျက်က
ကြားဖူးနေကျ ဇာတ်လမ်းတွေအတိုင်းပဲ ဖြစ်သည်။

သူက အညတရတော့ မဟုတ်၊ ကုမ္ပဏီကြီးတစ်ခု
တ အဆင့်မြင့်ဝန်ထမ်း တစ်ယောက်ဖြစ်သည်၊ သို့သော်
သူ့ချစ်သူ 'လဝန်းရံခ' ဆိုသော မိန်းမချောလေး၏ဘဝနှင့်
ယှဉ်လိုက်တော့ ခြင်္သေ့ဆီနှင့် အုန်းမှုတ်ခွက်လို၊ သိင်္ဂီရွှေ
ခွက်နှင့် ကျင်ငယ်ရေလိုလားလားမှ မထိုက်၊ မနိုင်းအပ်
ယှဉ်ရာဖြစ်သွားသည်။

ထို့ကြောင့်လည်း ရွှေ့တန်းချစ်မြေပြင်မှာ သူ
အသည်းကိုခွဲကာ ထိတ်ထိတ်ကြဲ လူချမ်းသာ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



၏ သားကို လဝန်းရံခ လက်ထပ်သွားခဲ့သည်။

ဇာတ်လမ်းက မဆန်းပေမယ့် ဇေယျာဟိန်း တစ်ယောက် အသည်းကွဲဝေဒနာကို အလူးအလဲခံလိုက်ရသည်။

အသိလက်လွတ် ဖြစ်သွားသည်။ မိမိအသက်ကို စွန့်ရန်အထိ စဉ်းစားမိခဲ့သည်။ နောက်တွင် ယစ်ရွှေရည်နှင့် အဖော်ပြုရင်း အသည်းကွဲသီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုခဲ့သည်။

နှစ်ဝက်လောက် အရှုးတစ်ပိုင်း ဖြစ်ခဲ့ပြီးမှ ပုံမှန်ဘဝထဲ ပြန်ရောက်လာခဲ့သည်။ လူက ပုံမှန်ပြန်ဖြစ်သော်လည်း သူ့အသည်းကတော့ ပုံမှန်ပြန်မဖြစ်နိုင်သေး။ ဝေဒနာအကြွင်းအကျန်အစအန ရှိနေသေးသည်။

တနင်္ဂနွေနံနက်ပိုင်း ရွှေတိဂုံဘုရားသို့သွား၏။ အေးရိပ်ခိုကာ ဂုဏ်တော်ပွား၏ ပုတီးစိပ်၏။

တစ်ခုသော တနင်္ဂနွေ၏ သာယာသောနံနက်ခင်းတွင် ပြုမြဲဝတ္တရားအတိုင်း ဇေယျာဟိန်းရွှေတိဂုံဘုရား ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်မုခ်ဝမှာ ဖိနပ်အပ်၍ စောင်းတန်းအတိုင်း တက်လာခဲ့သည်။

ပန်းဆိုင်တစ်ဆိုင်မှာ ပန်းဝယ်သည်။ ကျသင့်ငွေပေးချေပြီး ပန်းစည်းယူ၍ လှည့်အထွက် . . .

" ဟင် . . ."

"အို . . ."

နူးညံ့ထွေး အိစိသောအရာဝတ္ထုနှင့် ပန်းစည်းကိုင်ထားသော သူ့လက်တို့ ထိခတ်မိလိုက်ခြင်းကို ဇေယျာဟိန်းမှတ်မှတ်ထင်ထင် သတိပြုမိလိုက်ပါသည်။

(နှစ်)

အရှက်သွေး ပါးပြင်နှင့်နှင်းလိုဖြူစင်သည့် အလှဝိုင်ရှင် . . .

ယဉ်ကျေးသွင်ပြင်မူယာက ရွှေပေးလို့မရတဲ့ အသရေကို ဆောင်နေသကဲ့သို့ရှို၏။

သိခဲ့ပြီးသောအရာအားလုံးကို မေ့လျော့အောင်စွမ်းနိုင်သူဇေယျာဟိန်းသည်လိုပဲ မှတ်ထင်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



" အားနာပါတယ်ရှင်၊ ခိုင်တောင်းပန်ပါတယ် "

ရှက်ရွံ့ဟန်၊ အားနာဟန်၊ တောင်းပန်ဟန်တို့ ရော နှောနေသော စကားသံထဲမှာ ကဗျာတစ်ပုဒ် ပါဝင်နေသည် ဟု သူထင်မိသည်။

သူမက ဇေယျာဟိန်းလွတ်ကျသွားသည့် ပန်းစည်းကို ကောက်ယူ၏။

ထို့နောက် မလှမ်းမကမ်းရှိ အမှိုက်ပုံးတွင် သွားစွန့်သည်။

ဇေယျာဟိန်းကတော့ ပြူစားခံနေရသူတစ်ယောက်ပမာ မှင်တက်မိဆဲ။

' ခိုင် ' ဆိုသော သူမလုပ်ဆောင်သမျှကိုသာ ငေးကြည့်နေမိဆဲ . . .

အတန်ကြာမှ ခိုင်ထံမှ ခွာမရသည့် မျက်လုံးတွေကို သတိဖြင့် ပြန်လွှဲယူလိုက်ရသည်။

" ခိုင်ကြောင့် ဖြစ်ရတာမို့ ပြန်ဝယ်ပေးပါရစေနော်

" မဟုတ်တာ၊ ရပါတယ် "

သူပျာပျာသလဲ ပြောနေစဉ်မှာပင် ခိုင်က ပန်းသည်

www.burmeseclassic.com

www.burmeseclassic.com



ထံမှ ပန်းနှစ်စည်းဝယ်၏၊ သူ့ကို တစ်စီးပေးသည်၊

" အစ်ကိုတစ်ယောက်ထဲလား၊ ခိုင်လည်း အဖော်မရှိလို့ . . ."

ပန်းနုရောင်ပွင့်ဖက် နှစ်လွှာမှ ဂီတသံ ထွက်ပေါ်လာသည်၊

ဇေယျာဟိန်း ပျော်သွားသည်၊

ခိုင့်လက်ထဲက ပန်းစည်းကိုယူ၏၊ သူ၏ပန်းစည်းနှင့် ပူးတွဲကိုင်လိုက်သည်၊

ပြီးတော့ ရွှင်ပျလိုလားစွာ ပြောသည်၊

" အစ်ကိုလည်း တစ်ယောက်တည်းပါ၊ အတူသွားကြတာပေါ့ ခိုင် . . . "

ထိုနေ့သည် နှစ်ပေါင်းများစွာအတွင်း 'လဝန်းရံခ'ကို သတိမရသော ပထမဆုံးနေ့အဖြစ် မှတ်တမ်းဝင်သွားခဲ့လေသည်၊

ဇေယျာဟိန်း ကိုယ့်စိတ်ကို ကိုယ်မယုံနိုင်အောင် အံ့ဩးရသည်၊

ကာလရှည်ကြာစွာ နှလုံးသားတွင် ချစ်ခြင်းမြ

www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်ခတ်နှိပ်ခဲ့သည့် လဝန်းရုံခ၏ ပုံရိပ်လွှာအဘယ်ကြောင့် မှိန်ဖျော့ကွယ်ပျောက်ခဲ့ရသလဲ . . .

လဝန်းရုံခ၏ အမုန်းတရားတွေကို နာကြည်းမိ၍လား . . .

မေ့ဖျောက်ဖို့ လုံလောက်သည့် အချိန်ကာလတစ်ခုကို ဖြတ်သန်းခဲ့သော ကြောင့်လား။

ခိုင်ဆိုသော မိန်းမလှတစ်ယောက်အပေါ် ညွတ်ပျောင်းမိသော သူ့စိတ်တွေကြောင့်လား။

တိကျ ရေရာသော အကြောင်းပြချက် တစ်စုံတစ်ရာမှ ရှာမရသော်လည်း နှလုံးသားမှာ ထင်ရှား ပေါ်လွင်နေသည့် အခြင်းအရာနှစ်ခုကိုတော့ သူသတိပြုမိလိုက်သည်. . .

တစ်ချိန်က သူ၏နှလုံးသွေးတို့ကို ရုံဖန်ရုံခါ မြူးတူးရွှင်လန်းစေသော ရုံဖန်ရုံခါ ကယောင်ချောက်ချားဖြစ်စေသော လဝန်းရုံခဟူသော အမည်သည် ယခုအခါ သူ့နှလုံးသားထဲမှ ဖယ်ရှားခံလိုက်ရခြင်းဟူသော အခြင်းအရာနှင့်. . .

www.burmeseclassic.com

www.burmeseclassic.com


ခိုင်၏ ချိုမြသော အလှကဗျာတွင် အာရုံငြိတွယ်နေခြင်းဟူသော အခြင်းအရာတို့ပင်ဖြစ်သည်။

ထိုနေ့က ဇေယျာဟိန်းနှင့် ခိုင်တို့နှစ်ယောက် ဘုရားရင်ပြင်တော်ပေါ် အတူယှဉ်တွဲ၍ တက်ခဲ့ကြသည်။

တနလ်ာထောင့် ရောက်တော့ ခိုင်က သူမ၏ ဆလင်းဘက်အိတ်ကိုအပ်သည်။ "ခဏစောင့်နော်၊ ခိုင်မွေးနံမှာ ဝတ်ပြုချင်လို့" ဟုဆို၏။

ဇေယျာဟိန်းခပ်လှမ်းလှမ်းက စောင့်ရင်း ခိုင့်ကိုကြည့်နေမိသည်။

ဖြူစင်ဝင်းပသည့် အသားအရည်နှင့် ခိုင်သည် ညှိုလျားနက်မှောင်ဆံကေသာကို ကျစ်ဆံမြီးထူထူကြီး တစ်ချောင်း ကျစ်၍ ရင်ခွင်ရှေ့ဘက်သိမ်း၍ ထား၏။ သာဂီရောင်တဘက်လေး ပခုံးတင်ကာ ပုဆစ်ကျုံ့ကျုံ့ အာရုံပြုနေသည် ကိုယ်နေဟန်ကပန်းပု သူဇာလို သန့်စင် ညှဉ်ကျေးလှသည်။

အတန်ကြာကြာ ဘုရားအာရုံပြုပြီးမှ ခိုင်ထလာသည်။ သူ့ဆီလှမ်းလျှောက်လာရင်း ပြုံးပြသည်။


www.burmeseclassic.com

www.burmeseclassic.com



" စောင့်ရလို့ စိတ်ညစ်နေလားအစ်ကို "

" စိတ်မညစ်ပါဘူးခိုင်ရဲ့၊ ခိုင်ဘုရားဝတ်ပြုတာ ကြည့်ရင်း အစ်ကိုလည်း စိတ်ကြည်နူးရတယ်လေ"

ဇေယျာဟိန်းက ဆလင်းဘတ်အိတ်ကို ခိုင့်ဆီကမ်းပေးရင်းပြောသည်။

ဘုရားကို လက်အုပ်ချီလှည့်ပတ်ကြည်ညိုကြ၏။

" ခိုင် . . . "

" ရှင် . . . အစ်ကို "

" လူတိုင်းကို ခိုင့်လိုပဲ ကိုယ်ကျင့်တရား ဖြူစင်သူလို့ ထင်မှတ်နေလားဟင် "

" ဘာလို့လဲအစ်ကို "

" ဒီနေ့မှ သိကျွမ်းခင်မင်ရတဲ့အစ်ကို့ကို ဆလင်းဘတ်အိတ်ပေးပြီး ခိုင်ဘုရား အာရုံပြုတယ်လေ . . . "

" ဪ . . . ဒါလား ခိုင်အကျင့်က အဲဒီလိုပါပဲ အစ်ကို၊ ခင်မိပြီဆိုရင် ယုံမိလိုက်တာပါပဲ၊ အစ်ကို့ကို စတွေ့ကတည်းက လေးလေးနက်နက် ခင်မင်မိတယ်၊ ဒါကြောင့် အပ်ခဲ့တာပါ၊ ခိုင်ခင်တဲ့ ယုံတဲ့သူက ရက်စက်

www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ခိုင့်ကုသိုလ်ပဲပေါ့ အစ်ကိုရယ် ”

“ အစ်ကိုက ခိုင့်အတွက် ပြောတာပါ။ အကြောင်းသိသူချင်းတောင် မကောင်းကြံကြတယ် မဟုတ်လား။ ခိုင့်အတွက် စိုးရိမ်မိလို့ပါ ”

“ ကျေးဇူးတင်ပါတယ်အစ်ကို၊ နောက်ဆိုခိုင်ဆင်ခြင် ပါမယ်နော်”

မျက်ဝန်းရွှဲကြီးဖြင့် ခိုင်၏ သနားစဖွယ်မျက်နှာကိုကြည့်ရင်း ဇေယျာဟိန်း၏ရင်မှာ နူးညံ့သိမ်မွေ့သော မေတ္တာစိန်းတွေ ပွင့်လန်းနေမိသည်။

အင်္ကျီထောင့်ရောက်တော့ ဇေယျာဟိန်းက သူ၏အတ်ကိုင်အိတ်ကို ခိုင့်ဆီလှမ်းပေးသည်။

“ အစ်ကိုမွေးနံ့ရောက်ပြီ၊ ဒီတစ်ခါ ခိုင်စောင့်ရမယ့်အလှည့်နော် ”

“ အစ်ကို ”

“ ပြော . . . ခိုင် ”

“ လူတိုင်းကို အစ်ကို့လိုပဲကိုယ်ကျင့်တရား ဖြူစင်သူလို့ထင်မှတ်နေလားဟင် ”

www.burmeseclassic.com

www.burmeseclassic.com



" ဟာ . . . ခိုင်က အစ်ကိုကို ဂလဲ့စားချေတာ ပေါ့လေ၊ ဟုတ်လား။ အစ်ကိုအကျင့်ကလည်း ဒီလိုပါပဲ ခိုင် ရေ ယုံလိုက်တော့တာပဲ . . .

ဇေယျာဟိန်းနှုတ်က ' ချစ်မ ' ဆိုသော စကားလုံး လေးကို တမင် တည့်ပေးလိုက်သည်။

ခိုင်၏အရုဏ်ရောင် ပါးပြင်ထက်တွင် တစ်ဒင်္ဂမျှ ပန်းဆီရောင် လျှိုင်းထသွားသည်။

ဇေယျာဟိန်းဆင်းတုတော်ကို ရေသပ္ပာယ်ရင်း ခိုင့် ကိုလှမ်းကြည့်သည်။ ခိုင်ကလည်းကြည့်နေ၍ ပြုံးပြလိုက် သည်။ တည်ငြိမ်သော ခိုင်ကတော့ တုံ့ပြန်အပြုံးကိုပင် ချွေ ချွေတာတာ ပြုံးသည်ဆိုရုံမျှသာ။

လက်ျာရစ်တစ်ပတ်ဘုရားကြည်ညိုပြီး ဇရပ်တစ် ဆောင်တွင် ခေတ္တနားကြ၏။

ယခုမှ သူ့အကြောင်းကိုယ့်အကြောင်း ပြောပြ မိတ်ဆက်ခွင့်ရသည်။ မိသားစုအကြောင်း တွေပြော ခင်မင်ကျွမ်းဝင်မှုများ တိုးပွားလာသည်။

နေမွန်းမတည့်မီ ဘုရားပေါ်မှ အဆင်းလာခဲ့

မိုးသောက်စာပေ

www.burmeseclassic.com

www.burmeseclassic.com


ကြသည်။

ဇေယျာဟိန်း မခွဲခွာချင်သေး၊ အရဲစွန့်၍ ပြောမိသည်။

" အစ်ကိုနဲ့ ခိုင်တို့ တွေ့ဆုံတဲ့ အမှတ်တရအနေနဲ့ နေ့လည်စာကျွေးပါရစေ။ ခိုင်လက်ခံပါနော် "

" ခိုင်လည်း စဉ်းစားနေတာအစ်ကို။ အမှတ်တရဖြစ်အောင်ခိုင်က နေ့လည်စာ ကျွေးချင်လို့၊ ဒါပေမယ့် အစ်ကို့ကို ခိုင်မပြောရဲဘူးလေ "

" ရပါတယ်ခိုင်ရယ်၊ ဒီနေ့တော့ အစ်ကို ကျွေးပါရစေ၊ ခိုင်ကျွေးတာကို နောက်တစ်ခေါက်မှ စားမယ်နော် "

အမှတ်တရ ဆုံတွေ့နေ့လေးက ဇေယျာဟိန်းနှင့် ခိုင်တို့နှစ်ဦးစလုံးအတွက် မှတ်မှတ်ထင်ထင် ဖြစ်ခဲ့ပါသည်။

ရန်ကုန်မြို့လည်ရှိ ဆိုင်ကြီးတစ်ဆိုင်မှာ ဇေယျာဟိန်း ခိုင့်ကို နေ့လည်စာကျွေးသည်။

စားသောက်ပြီးတစ်နေ့တာ၏ ကျန်သည့်နာရီတွေကို တန်တော်ကြီး၏ ချစ်သူရိပ်မှာ သွားထိုင်ကြသည်။

" အစ်ကိုတော့ ဒီနေ့လေးကို တစ်သက်လုံးမမေ့တော့


www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ဘူး ”

“ ခိုင်လည်း သတိရနေမှာပါ။ ဒီနေ့အစ်ကိုနဲ့ ဆုံရတာ ခိုင်ပျော်ပါတယ်။ စိတ်လည်း အေးချမ်းသလို ခံစားရတယ် . . . ”

“ အစ်ကိုတော့ ခိုင်နဲ့အမြဲဆုံနေချင်သေးတယ် ခိုင် ”

“ ခိုင်လည်း ဆုံချင်ပါတယ်အစ်ကို . . . ”

“ တနင်္ဂနွေနေ့တိုင်း အစ်ကိုနဲ့ခိုင် ဆုံကြမယ်လေ။ ဒီနေ့လိုပဲ ဘုရားဖူးကြမယ်၊ နေ့လည်စာ တစ်ခုခုစားပြီး ဒီနေရာမှာ လာထိုင်စကားပြောမယ်။ ခိုင့်သဘောက ဘယ်လိုလဲဟင် . . . ”

ခိုင်က ပြုံးပြ၏။

ထို့နောက် ဂီတသံနှင့်တူသော စကားလုံးတို့ကို ဖန်ဆင်း၏။

“ အစ်ကို့သဘောနဲ့ ထပ်တူထပ်မျှပါပဲအစ်ကို ”

တကယ်တော့ ဇေယျာဟိန်းနှင့် ခိုင်တို့ ဆုံတွေ့ပုံက အမှတ်မထင်ရယ်ပါ။ သို့သော် မထင်မှတ်သောက်အောင်

www.burmeseclassic.com

www.burmeseclassic.com


နှလုံးခုန်နှုန်း မြန်ခဲ့ကြသည်။

အတိတ်ဘဝ၏ တစ်စုံတစ်ရာပတ်သက်ခဲ့မှုနဲ့များ ဆက်နွယ်ရော့သလား၊ ဇေယျာဟိန်း တွေးထင်မိ၏။

တစ်ယောက်မျက်လုံးနှင့် တစ်ယောက်၏ မျက်လုံးတို့ မကြာခဏ ဆုံမိကြသည်။

ဆုံမိတိုင်းလည်း ရုတ်ချည်းတော့ မလွှဲဖယ်မိကြ။ ခိုင်ကတော့ ဘယ်လိုရယ်မသိ။

ဇေယျာဟိန်းကမူ ခိုင်၏မျက်ဝန်းမှတစ်ဆင့် ခိုင့်နှလုံးသားသို့တိုင် ကြည့်နေမိပါသည်။

(လေး)

သည်တနင်္ဂနွေက ဇေယျာဟိန်းအတွက် ထူးထူးခြားခြား သာသာယာယာ ရှိလှသည်။

နံနက်ဦးတွင် ရွှေရောင်နေခြည်နုတို့သည် ခပ်စောင်းစောင်းဖြာကျနေသည်။

ငှက်ကလေးတွေ တေးသီချင်းဆိုသံကလည်း သခင်နေ့တွေထက်ပင် ပို၍နားထောင်ကောင်းနေသည်။

အပြာရင့်ရင့်မိုးကောင်းကင်ကြီး၏ ရင်ဘတ်ထဲမှာ


www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေဖြင့် ပြည့်သိပ်နေသည်။

ဇေယျာဟိန်း၏ ရင်ဘတ်ထဲမှာတော့ သိင်္ဂါရပန်းတွေ လန်းဆန်းဖူးပွင့်ဝေဆာလို့ . . .

" အစ်ကို လာမယ့်တနင်္ဂနွေက ခိုင်နဲ့ အစ်ကိုတို့ ဆုံတွေ့တဲ့ တစ်လပြောက်နေ့နော်။ အဲဒီနေ့ကျရင် ခိုင့်သူငယ်ချင်းတွေနဲ့ အစ်ကို့ကို မိတ်ဆက်ပေးမလို့၊ သူဇာတို့အုပ်စုက အစ်ကို့ကို တွေ့ချင်ကြလို့တဲ့လေ။

တန့်တော်ကြီး ရေစပ်က ခိုင်တို့ ထိုင်နေကျ နေရာမှာပဲ သူဇာတို့အဖွဲ့ကို ချိန်းထားတယ်။ အစ်ကိုစောစောလာခဲ့နော်။

ညနေ နေအေးမှ ဘုရားသွားကြမယ်နော် "

ပြီးခဲ့သည့် တနင်္ဂနွေက ခိုင်ပြောလိုက်သည်များကို တစ်လုံးမကျန် သူမှတ်မိနေဆဲ။

သူနှင့်ခိုင် တနင်္ဂနွေနေ့တိုင်း ဘုရားမှာဆုံကြသည်။ ထို့နောက် နေ့လည်စာ တစ်ခုခုစားပြီး ကန်တော်ကြီး ချစ်ဥယျာဉ်ရိပ်မှာ ထိုင်ရင်း စကားပြောကြသည်မှာ ချစ်သော တနင်္ဂနွေ သုံးကြိမ်တိုင်ခဲ့ပြီ။ ယနေ့ဆိုလျှင် လေးကြိမ်မြောက်နေ့ကို

www.burmeseclassic.com

www.burmeseclassic.com


တ်သန်းရပေတော့မည်။

သည်အတောအတွင်း သူနှင့်ခိုင်တို့၏ အနေ
ထားကလည်း တိုးတက်ပြောင်းလဲလာခဲ့သည်။

မျက်ဝန်းများမှတစ်ဆင့်တစ်ဦးနှင့်တစ်ဦး အပြန်
လှန်ချစ်ခြင်းကို ရှာဖွေခဲ့ကြ၏။ မိတ်ဆွေမက ချစ်သူ
ည်း မကျတဲ့ အနေအထား။

တစ်လဆိုသော အချိန်ကာလသည် လူတစ်
ာက်နှင့် တစ်ယောက် ယုံကြည်နိုင်ဖို့အတွက် မလုံ
ာက်သေးမှန်း ဇေယျာဟိန်း သဘောပေါက်ပါ၏။

သို့သော် ချစ်ခြင်းမှာ အချိန်မလို၊ ငွေကြေးမလို၊
ာ်မနေမလို၊ အသက်အရွယ်မလို၊ အဆုံးဆိုရလျှင် ဦး
ာက်နှင့် စဉ်းစားစရာမှန်သမျှ ဘာမှမလို။ အချစ်ဆိုတာ
ုံးသားနှင့်ဆိုင်သော အရာသာဖြစ်သည်။

ဇေယျာဟိန်းဆုံးဖြတ်ချက်ချသည်။

တစ်ရက်လေးမျှပင် နောက်ကျမခံနိုင်တော့။ ချစ်
ာပန်းများကို ယနေ့ပင် ပွင့်ဝေတော့မည်။ ခိုင့်ကိုယနေ့
 ချစ်ခွင့်ပန်မည်။

မိတ်ဆွေစာပေ
www.burmeseclassic.com

www.burmeseclassic.com


သည်အတွေးတွေနှင့် သူပျော်နေခဲ့ခြင်းဖြစ်သည်။ ချစ်သူ့ရိပ်ကို သူရောက်သွားတော့ နံနက် ကိုးနာရီတိတိ။ အပြာနုရောင်ဝမ်းဆက်နှင့် လှချင်တိုင်းလှ၊ ယဉ်ချင်တိုင်း ယဉ်နေသော ခိုင်က အပြုံးတစ်ပွင့်ဖြင့် ကြို၏။

" ရောက်နေတာ ကြာပြီလားခိုင် "

" မကြာသေးပါဘူးအစ်ကို၊ ခုနကမှပါ "

"ဒါတွေ စီစဉ်လာရတာ ခိုင် ပင်ပန်းနေတော့မှာပဲ"

နီညိုရောင် ပန်းပွင့်ကြီးတွေနှင့် ပလတ်စတစ်ဖျာ ပေါ်မှာ အပြာရောင် လက်ဆွဲခြင်းတစ်ခု။ ခြင်းထဲမှာ ပန်းသီး ပျားလိမ္မော်နှင့် ပန်းသစ်တော်သီးတွေ တွေ့ရ၏။ ပလပ် စတစ် ရေခဲပုံးငယ်နှင့် ထည့်ထားသော ရေခဲစိမ်အချိုရည် ဘူးတွေလည်း ပါသည်။

" မပင်ပန်းပါဘူး အစ်ကို၊ သူဇာတို့အုပ်စုက အစား ငမ်းတယ် အစ်ကိုရဲ့။ မစားရရင် အစ်ကို့ကိုရော၊ ခိုင်ကိုရော အပြစ်တင်လိမ့်မယ် "

ဇေယျာဟိန်း ခိုင့်ကို ကြည်နူးစွာ ကြည့်ရင်း . .

" ခိုင် . . . "


www.burmeseclassic.com

www.burmeseclassic.com



" ရှင် . . . အစ်ကို "

" ခိုင် သူငယ်ချင်းတွေမလာခင် အစ်ကိုစကား တစ်ခွန်းလောက် ပြောချင်တယ်ခိုင် . . . "

" တစ်ခွန်းမဟုတ်ပါဘူး အစ်ကိုရယ်၊ ကြိုက်သလောက်ပြော၊ ခိုင်နားထောင်ပါ့မယ်။ အခုတော့ အမောပြေ အအေးလေး သောက်လိုက်ဦး၊ ပြီးတော့မှ ပြောနော်အစ်ကို"

ခိုင်ကအအေးဘူး၊ လက်ဆွဲကွင်းလေးကို ဖြုတ်ယူဖွင့်ဖောက်၏။ ထို့နောက် အအေးစုပ် ပိုက်ထည့်၍ ဇေယျာဟိန်းကို ကမ်းပေး၏။

ဇေယျာဟိန်းမချင့်မရဲ ပြုံးရင်း အချိုရည်ဘူးကိုယူ၏။ ခိုင်စိတ်ချမ်းသာအောင် အချိုရည်တို့ကို စုပ်ယူသည်။

" ခဏထိုင်ပါဦးခိုင်ရယ် "

ဇေယျာဟိန်း ကုန်သွားသည့် အချိုရည်ဘူးကို ဘေးမှာချသည်။ ခိုင့်လက်ကို အသာဆွဲယူ၍ အတူယှဉ်တွဲ ထိုင်လိုက်သည်။

သူတို့နှစ်ဦး ကျောမှီထားသည့်က ကြီးမားသည့်ခင်စည်နှင့် ကုက္ကိုပင်ကြီး တစ်ပင်။ သူတို့ရှေ့မလှမ်းမကမ်း

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ကန်တော်ကြီးရေပြင်က လေပြေလှိုင်းတို့၏ ဂီတ
သံဖြင့် . . .

" အချိန်တွေမစောင့်နိုင်တော့ဘူးခိုင်ရယ် . . .။
အစ်ကိုခိုင့်ကို ချစ် . . . ချစ် . . . "

ခိုင် ဇေယျာဟိန်းကို လှမ်းကြည့်လိုက်သည်။

ဇေယျာဟိန်း သစ်ပင်ကို မှီထိုင်ရင်း ခေါင်းငိုက်စိုက်
ကျနေလေပြီ။

" အစ်ကို . . . အစ်ကို "

ခိုင် ဇေယျာဟိန်း၏ ပခုံးတို့ကို ကိုင်လှုပ်၍ ခေါ်
သည်။ မရ။ ဇေယျာဟိန်း၏ အသိအာရုံတို့ အဝေး တစ်နေ
ရာသို့ ခရီးထွက်သွားလေပြီ ဖြစ်သည်။

ခဏအကြာတွင်ကား ချစ်သူရိပ်၌ ဇေယျာဟိန်း
တစ်ယောက်သာ ငြိမ်ဆိတ်စွာ ကျန်ရစ်ခဲ့ပါတော့
သည်. . .။

(ငါး)

" ထိုင် ညီလေး သက်သာသွားပြီလား "

" ဟုတ်ကဲ့၊ သက်တော့သက်သာသွားပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတော့နည်းနည်း နောက်နေသေးတယ် ဆရာ . . .”

“ ဒီလောက်တော့ ရှိမှာပဲလေ။ ညီလေးအခပ်ခံ လိုက်ရတဲ့ဆေးက ပမာဏ နည်းနည်းများသွားတယ် ထင် တယ်။ သုံးဆယ့် ရှစ်နာရီလုံးလုံး ညီလေး သတိမေ့နေခဲ့ တယ်။ ကုသမှုနောက်ကျရင် အသက်အန္တရာယ်ရှိတယ်လို့ ဒေါက်တာ မောင်မောင်မြင့်က ပြောတယ်”

“ ဟုတ်တယ်ဆရာ၊ အချိုရည်သောက်ပြီး ၂ မိနစ် ၃ မိနစ်အတွင်း ကျွန်တော် သတိမေ့သွားခဲ့ပါတယ် ”

“ ကံကောင်းတယ်ပြောရမှာပဲ ညီလေးရေ . . .။ ဝါသနာရှင်တစ်ယောက်က ညီလေးတို့အတွဲကို ချောင်းနေ တာလေ။ ဝါသနာပါတာလေးတွေ ကြည့်ရမလားလို့ ချောင်းတာကနေ ရာဇဝတ်မှုခင်းကျူးလွန်နေတာ မြင်လိုက် ရတာနဲ့ နီးရာဖုန်းနဲ့ ဝမ်းနိုင်းနိုင်းခေါ်ပြီး အကြောင်းကြား တယ်။ ဒါ့ကြောင့် ညီလေးကို ဆေးရုံအချိန်မီ ပို့နိုင်ခဲ့တယ်။ တရုတ်ကြီးနဲ့ အဖွဲ့ကိုလည်း ထွက်ပေါက်ကနေ ပိတ်ဆို့ ဖမ်းနိုင်ခဲ့တယ်လေ . . .”

ဗဟန်းရဲစခန်းမှူး ရဲအုပ်စောသိန်း၏ စကားကို

www.burmeseclassic.com

www.burmeseclassic.com



ဇေယျာဟိန်း နားမလည်နိုင်အောင် ဖြစ်ရသည်။

"ခင်ဗျား . . . တရုတ်ကြီး ဟုတ်လား"

"ညီလေး နားလည်အောင် ပြောရရင် တရုတ်ကြီး ခေါင်းဆောင်တဲ့ ဒုစရိုက်ဂိုဏ်းက ညီလေးကိုသားကောင် အဖြစ်ရွေးလိုက်တာပါ . . ."

ညီလေးရဲ့ ခိုင်ကတော့ ဇေယျာဟိန်းဆိုတဲ့ ဥဒေါင်း မင်းကို ညွှတ်ကွင်းထဲ အရောက်ပို့တဲ့ ဒေါင်းမလေးပေါ့ကွာ"

ညီလေးသိသင့်တဲ့ နောက်တစ်ခုက တရုတ်ကြီးနဲ့ ခိုင်ဟာ လင်မယားဆိုတာပါပဲ"

"အိပ်မက် မက်နေသလိုပါပဲဆရာ။ ဒုစရိုက်သမား ရဲ့ သားကောင်အဖြစ် တစ်လတိတိ ကျုံးသွင်းခံနေရတာ တောင် တစ်စွန်းတစ်စမျှ ကျွန်တော် မရိပ်မိခဲ့ဘူးဆရာ"

"ဒုစရိုက်သမားရဲ့ လှည့်ကွက်ကို နားမလည်တဲ့ ညီလေးရဲ့ အပြစ်လို့ပြောရင် မမှန်နိုင်ဘူး ညီလေး . . ."

ဒုစရိုက်သမားတွေက သူတို့အလုပ်ကို အလွန်ကျွမ်း နပ် လိမ္မာကြတယ်။ ပိပိရိရိရှိတယ်။ လူကဲခတ်ကောင်း တယ်။ အကောင်းဆုံးကတော့ ရွှေငွေလက်ဝတ်လက်စား



www.burmeseclassic.com

www.burmeseclassic.com



တ်ဆင်မထားတာဟာ ဒုစရိုက်သမားနဲ့ မဆုံတွေ့ဖို့ နည်း
မ်းပဲ ညီလေး ”

ရဲအုပ်စောသိန်း စကားအဆုံးသတ်လိုက်သော်
ည်း ဇေယျာဟိန်း အတွေးများက အဆုံးမသတ်နိုင်သေး။

“မရှင်းလို့ မေးပါရစေဆရာ။ ခိုင်နဲ့ကျွန်တော်
ုရားက ပန်းဆိုင်မှာ မတိုက်မိကြဘူးဆိုရင် ကျွန်တော် သား
ောင်ဘဝ ရောက်နိုင်ပါ့မလား”

ရဲအုပ်စောသိန်း ဇေယျာဟိန်းကိုကြည့်၍ ပြုံးလိုက်
ည်။ သူ့အပြုံးက ဂရုဏာသက်သည့်အပြုံး။

“ သားကောင်အဖြစ် ရွေးပြီးမှ ညီလေးကိုဝင်တိုက်
ိုက်တာလို့ အစ်ကိုထင်တယ် ”

“ ဒါဆိုရင် သူ့မွေးနံ့ထောင့်မှာ ဘုရားဝတ်ပြုတော့
ူ့ဆလင်းဘက်အိတ် ကျွန်တော့်ဆီအပ်ခဲ့တယ်။ ကျွန်တော်
သာ လစ်ထွက်သွားရင် ဘယ်လိုလုပ်မလဲ”

“ ညီလေးရယ် သူတို့က လူကဲခတ်သိပ်တော်
ယ်လို့ ပြောပြီးပြီလေ။ ညီလေး ဒီလိုမလုပ်ဘူးဆိုတာ
ိသိတာပေါ့။ ညီလေးအနီးမှာ သူ့ယောကျာ်း တရှော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှိမနေနိုင်ဘူးလို့ ညီလေးထင်လား ”

“ ကျွန်တော်ဘုရားဝတ်ပြုတုန်း ကျွန်တော့် လ

ကိုင်အိတ်ယူသွားလည်း ရတာပဲ။ အဲဒီတုန်းက အိတ်ထဲ

နှစ်သိန်းကျော်ပါတယ်ဆရာ. . . ”

“ညီလေးက ဒုစရိုက်သမားကို လျှော့တွက်တာကို

ကွ။ သူတို့မှာ လောဘတွေ အထူကြီးရှိတယ်။ လက်ကိုင်

အိတ်ထဲက ငွေကြောင့်သားကောင်ဖြစ်ရတာ မဟုတ်ဘူး

ညီလေးဝတ်ထားတဲ့ ဟန်းချိန်းတွေ၊ ဆွဲကြိုးတွေ၊ လက်စွ

တွေကြောင့် သားကောင်ဖြစ်ရတာပါ။ တရုတ်ကြီးနဲ့ မခိုင်

က သိမ်းဆည်းရမိခဲ့တဲ့ ညီလေးရဲ့ ပစ္စည်းတွေရဲ့တန်ဖိုး

သိန်းငါးဆယ်လို့ ရွှေကျွမ်းကျင်သူက သတ်မှတ်ထားတယ်

လေ။ တဲ . . . ဘာသိချင်သေးလဲ ”

“ ကျွန်တော်လက်ဝတ်လက်စားတွေက အားလုံး

အတုတွေ ဖြစ်နေရင်ကောဆရာ”

ဒီတစ်ကြိမ်ဇေယျာဟိန်း၏ မေးခွန်းကို

တဟားဟား ရယ်မောသည်။ အတန်ကြာမှ. .

“ဒုစရိုက်သမားတို့ ဘယ်တော့မှ ထင်မသေး

www.burmeseclassic.com

www.burmeseclassic.com



ညီလေး၊ လျှော့မတွက်နဲ့၊ ခြောက်ငါးလီသုံးဆယ် မဟုတ်ဘူး၊ သုံးထောင်သုံးသောင်းတောင်မဟုတ်ဘူး၊ သုံးသိန်းလောက်တွက်မှတန်ကာကျမယ် ညီလေးရေ။ တစ်သက်လုံးသာ မှတ်ထားပေတော့. . ."

လိုအပ်သည့်ထွက်ဆိုချက်တွေ မေးပြီး ဇေယျာဟိန်းဗဟန်းရဲစခန်းမှ ပြန်ထွက်လာခဲ့သည်။

"ဒုစရိုက်သမားကို ဘယ်တော့မှ လျှော့မတွက်နဲ့၊ ခြောက်ငါးလီသုံးသိန်းလောက်တွက်မှ. . ."

ဒုရဲအုပ်စောသိန်း၏စကားက သူ့အာရုံမှာငြိပါလာသည်။

"ခြောက်ငါးလီသုံးသိန်းခြောက်ငါးလီသုံးသိန်း. ."

သူ့နှုတ်ဖျားကလိုက်၍ ရေရွတ်နေမိသည်။ သို့သော် သူ၏ အာရုံတွင်မြင်နေသည်ကတော့ ဒုစရိုက်သမား၏အန္တရာယ်မဟုတ်. . .

"လဝန်းရဲခ"

ပြီးတော့. . .

"ခိုင်. . ."

◈◈◈

www.burmeseclassic.com

www.burmeseclassic.com

# ဗိုးသမားမယား

(၁)

" ကျွန်တော် မောင်မောင့် သူငယ်ချင်းပါ . . .
မောင်မောင့်ကို ရဲတွေ ဖမ်းသွားပြီ . . . "

ယမင်းသက်ထားဝေ တယ်လီဖုန်းကို ကောက်ကိုင်နားထောင်လိုက်သည်နှင့် ကြားရချက်က စိတ်မသက်သာစရာ။

" ရှင် " ဟူသော ထိတ်လန့်အာမေဍိတ်တစ်ခုပင် သူမ၏ နှုတ်ခမ်းနှစ်လွှာကြား ရုတ်တရက် ခုန်ထွက်သွားရ၏။

တဒိတ်ဒိတ်ခုန်လာသည် ရင်ကို လက်တစ်ဖက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထားရင်းမောင်မောင့်သူငယ်ချင်းဆို သူ၏အသံကို နား
တ်ထောင်နေမိသည်. . .။

" သူ သုံးဖို့ ဝယ်လာတဲ့ ဘိန်းဖြူတစ်ထုပ်ကို သူ့ဆီ
ာ ရှာတွေ့သွားကြတယ်။ ကျွန်တော်တောင် မနည်းလစ်
ပြေးခဲ့ရတယ် . . .

အခု မောင်မောင့်ကို ဗဟန်းရဲစခန်းမှာ ချုပ်ထား
တယ်လို့ သိရပါတယ် . . .။

ပြောပြီးသည်နှင့် တစ်ဖက်က ဖုန်းချသွားသည်။
သူမက လေးလံသော စိတ်တွေနှင့် အံကို ကြိတ်ရင်း ဖုန်းကို
ဖြေးနှေးစွာ ချလိုက်၏။

နံပါတ်ဖိုးစွဲနေသော မူးယစ်ဆေးသမား တစ်
ယောက်၏ ဇနီးသည်ဘဝမှာ သည်သတင်းမျိုး တစ်နေ့
ဟုတ် တစ်နေ့ ကြားရလိမ့်မည်ကို သူမ မျှော်လင့်ထားပြီး
ဖြစ်သည်။

တကယ်တော့ ထိုမျှမကသေးပါ၊ ဘိန်းဖြူထိုးရင်း
ပ်တန်းလန်းနှင့် လူ့ဘဝကို ကျောခိုင်းသွားပြီဆိုသော
သတင်းဆိုးထိ၊ တစ်နေ့နေ့တွင် ကြားလာနိုင်သည်ဟူ၍

မြိုင်ခွေတာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမ တွက်ဆထားပြီးပေပြီ. . . .။

ထိုသို့သော စိုးရိမ်သောကဗျာပါဒတွေ၏ ခြောက်လှန့်ခြင်းကို နေ့စဉ်နှင့်အမျှ သူမခံစားနေခဲ့ရသည် မဟုတ်ပါလား . . .။

စိတ်ပျက်အားလျော့ဖွယ်၊ ခါးသီးရွံ့မုန်းဖွယ် နေ့တွေညတွေကို သူမဖြတ်သန်းနေခဲ့ရသည်မှာ . . .

တစ်ရက်မဟုတ်၊ တစ်လမဟုတ်၊ ရက်ပေါင်းများစွာ လပေါင်းများစွာကြာခဲ့ပါပြီ . . .။

မောင်မောင် မူးယစ်ဆေးစွဲနေသည်ကို အိမ်ထောင်ကျပြီး နှစ်လခန့်ကြာမှ ယမင်းသက်ထားဝေ သိခဲ့ရသည်။

နံ့ပါတ်ဖိုးက လွဲ၍ ဘာဆိုဘာမှ စိတ်ဝင်စားမှု မရှိသော မောင်မောင့်အနေအထားကို သတိပြုမိရာက သိရှိခဲ့ခြင်းဖြစ်၏။

မောင်မောင့်ကို ဆေးဖြတ်ဖို့ သူမအမျိုးမျိုး ချော့မော့ စည်းရုံးကြည့်သေးသည်။ ဘယ်လိုမှမရ၊ မရသည့် အဆုံးမှာတော့ သည်လိုအဖြစ်ဆိုး ကြုံလာလျှင်ခံနိုင်ရည် ရှိရေးအတွက်သာ သူမကိုယ်သူမဆုံးမခဲ့ရသည်။ တည်

www.burmeseclassic.com

www.burmeseclassic.com



ည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်ရေးအတွက် ဘာသာရေးစာပေတွေ ားများဖတ်၏။ ဖြေဆည်ရာ တစ်ခုခုကို တရားသဘော တိုင်း ရှုမြင်နိုင်ဖို့သာ အားထုတ်ခဲ့၏။

တစ်စုံတစ်ခုသော အတိုင်းအတာတစ်ခုထိလည်း ည်ငြိမ်ရင့်ကျက်နိုင်ပြီဟု သူမကိုယ်သူမ ယူဆမိခဲ့သည် ...။

ယခု သူမတွက်ဆမျှော်လင့်ခဲ့သော အဖြစ်ဆိုးက ူမထံဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့ချေပြီ။

နှလုံးသွင်းခဲ့ဖူးသော တရားသဘောတွေ၊ လေ့ကျင့် င့်ကျက်စေခဲ့သည့် တည်ငြိမ်မှုတွေ ဖြေဆည်ရာတွေ တစ်စုံ စ်ခုမျှ သူမသတိမရနိုင်တော့။

သောက ထောင်ထုပ္ပလောင်မှုက သူမအား ကြီးစွာ ်စက်ချေပြီ။

ဗျာပါဒ အပူမီးက သူမနှလုံးသားအား တဖျစ်ဖျစ် မ်းလောင်နေလေပြီ။

ကြမ်းပြင်ပေါ်မှာပင် သူမဝမ်းပန်းတနည်း ထိုင်ချ ိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲခြင်းတွေက သူမရင်ဝတိုင် လှိုက်တက်ဆို့နစ်၊ မျက်ဝန်းထဲမှ မျက်ရည်စတွေ တလိမ့်လိမ့် စီးဆင်းတွေကျလာခဲ့ခြင်းမှာ . . .

အချုပ်အနှောင်ခံနေရသည့် ချစ်လင်မောင်မောင်အတွက်လား၊ သို့တည်းမဟုတ် ကံကြမ္မာဆိုးဝါး နှံချာလွန်းလှသည့် သူမဘဝအတွက်လား၊ ဘယ်သူ့အတွက်မှန်း သူမ ကိုယ်တိုင်ပင် မသိ။ ယမင်းသက်ထားဝေ တစ်ယောက် မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်ကာ ရှိုက်ကြီးတစ်ငင် ငို ချလိုက်ပါတော့သည်။

(၂)

မောင်မောင်နှင့် အိမ်ထောင်မကျမီအချိန်တွေက ယမင်းသက်ထားဝေဆိုသော မိန်းမပျိုတစ်ယောက်၏ဘဝ က ဆင်စွယ်မြနန်းပေါ်က ဘဝဖြစ်ခဲ့သည်။

ဦးစိုးတင်နှင့် ရတနာကုန်သည် ဒေါ်သက်သက်တို့၏ တစ်ဦးတည်းသော သမီးလေး ယမင်းသက်ထားဝေ

သူမ၏အလှကလည်း ပညတ်သွားရှု ခေတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ပါခဲ့သည်။ ယမင်းရုပ်ကလေးပမာ လှသည်။ နုတ်ပန်းချီ ရှုံးအောင်လှသည်၊ ဝင်းမွတ်စိုပြေသော နုသားတော် ဝါဝါညက်က မြကြောစိမ်းစိမ်းလေးတွေကိုပင် မြင်နေရ၏။

အလှဂုဏ်ကျက်သရေ၊ မနုဂုဏ်ကျက်သရေတွေ ပန်းလိုဝေသော ယမင်းသက်ထားဝေ၏ ကောင်းခြင်းအဖြာ ဖြာထဲတွင် ပညာထူးချွန်သူ၊ နူးညံ့သိမ်မွေ့သူ၊ ယဉ်ကျေး လိမ္မာသူဟူသော ဂုဏ်ပုဒ်တွေကလည်း အလှတွင် အယဉ် ဆင့်ကာ လှသည်ထက်လှ၊ ယဉ်သည်ထက် ယဉ်စေခဲ့၏။

အလှဂုဏ်၊ နေဂုဏ်၊ ပညာဂုဏ်၊ ကောင်းမြတ် သောဂုဏ် ဟူသမျှ ပြည့်စုံချမ်းမြနေသော ယမင်းသက်ထား ဝေ၏ အနာဂတ်ကို မျှော်ကြည့်သူတိုင်း ကောင်းသည်ထက် ကောင်း၊ မြတ်သည်ထက်မြတ်သော အနာဂတ်ဘဝကို စေါန် မုချ ပိုင်ဆိုင်မည်ဟုသာ ဆိုကြလိမ့်မည်ဖြစ်သည်။

လှူပတ်ဝန်းကျင်အလည်တွင် အထင်သေး ရှုံချခံ ရသော အကြည့်ရိုင်းတွေအောက်က မိန်းမသား တစ် ယောက် ဘဝ၊ သောကဗျာပါဒတွေ ဖိစီးနှိပ်စက်မှုကြောင့် စိတ်ထောင်းကိုယ်ကျေ၊ အလှအပတွေ ကင်းမဲ့နေသော



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရှင်မတစ်ယောက်ဘဝကိုတော့ ထိုစဉ်က မည်သူမျှ တွေးထင်မိလိမ့်မည်မဟုတ်ပါ။

ကံကြမ္မာ ဆိုသည်ကလည်း ဆန်းကြယ်လှပါ၏။ မည်သူမျှ မထင်မှတ်သော အရာကိုမှ တမင်လုပ်ပြတတ်သည်။

ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်သည့် ကိစ္စကိုမှ မဖြစ်ဖြစ်အောင် လှည့်ဖြားပြတတ်၏။

ယခုလည်း မာယာများသော ရက်စက်လှသော ကံကြမ္မာ၏ အပြုံးက ဆင်စွယ်မြနန်းပေါ်မှ ယမင်းသက်ထားဝေအပေါ် ကျရောက်လာခဲ့ပါချေပြီ။

ဤသို့ဖြင့် ကံကြမ္မာ၏အပြုံးနိဒါန်း အစအဖြစ် စိန်ရွှေရတနာအရောင်းဆိုင်ပိုင်ရှင် သူဌေးကြီးဇနီးမောင်နှံ၏ တစ်ဦးတည်းသောသား မောင်မောင်နှင့် ယမင်းသက်ထားဝေ ဆုံဆည်းခဲ့ရခြင်းပင် ဖြစ်သည်။

ရှေးရေစက် ကံအကြောင်းတရားပေလား၊ နှစ်ဖက်သော အမိအဖတို့၏ အစီအစဉ်ဖြင့် ရွှေလမ်းငွေလမ်း ဖောက်ခြင်းလား၊ အသေအချာတော့ မသိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့မိတ်ဆွေ သူဌေးကြီး ဦးမြတ်ဖုန်း၏ မေတ္တာ ရပ်ခံချက်အရ ဦးမြတ်ဖုန်း၏သား မောင်မောင့်ကို ယမင်း သက်ထားဝေ စာပြပေးခဲ့ရသည်။

ထိုအချိန်က ယမင်းသက်ထားဝေ အလုပ်ဝင်နေပြီ ဖြစ်သည်။

မောင်မောင်က ဆယ်တန်းတတိယနှစ်။

ပညာရေးမှာ ယမင်းသက်ထားဝေ ထူးချွန်သ လောက် မောင်မောင်က တစ်တန်းတစ်နှစ်၊ မှန်မှန် ထစ်ခဲ့သူ၊ ထို့ကြောင့် အသက်ချင်းသိပ်မကွာ၊ ယမင်းက (၃) နှစ်ခန့် ကြီး၏ သည်တော့ မောင်မောင်က မမဟုပဲ ခေါ်၏။

သည်လိုနှင့် နှစ်ဝက်ခန့် ကုန်လွန်ခဲ့သည့် မတ်လမှာ မောင်မောင် ဆယ်တန်းဖြေသည်။ ဧပြီလသင်္ကြန်ရက်ထဲမှာ ယမင်းသက်ထားဝေကို ချစ်ခွင့်ပန်သည်။ (၆)လခန့် နီးနီးကပ်ကပ်နေကာ စာသင်ပြခဲ့သည့်တစ်လျှောက်လုံး မောင်မောင့်မှာ အပြစ်ဆိုစရာမတွေ့ခဲ့၊ သပ်သပ်ရပ်ရပ် သန့် သန့်ရှင်းရှင်း နေသည်၊ တည်တည်ကြည်ကြည် ရှိသည်၊ အနေအထိုင် အပြုအမူ အပြောအဆို လိမ္မာယဉ်ကျေး

www.burmeseclassic.com

www.burmeseclassic.com



သည်၊ ပညာရေး ကုသိုလ်တဲ့ နည်းသည်မှ အပ ဘာတစ်ခု မျှ ပြော စရာမရှိ ပြီးတော့ သူဌေးကြီး၏ တစ်ဦးတည်းသော သား။

ဤတွယ်မိသည့် သံယောဇဉ်ကြောင့် အမိအဘကို လာပြောဖို့ ယမင်းသက်ထားဝေ မီးစိမ်းပြခဲ့၏။

မောင်မောင့် ဘက်ကလည်း မြန်၏။ ရက်အံ့နည်း ငယ် အတွင်းမှာပင် ရွှေလမ်း၊ ငွေလမ်းဖောက်ကာ ကြီးကျယ် ခမ်းနားသော မင်္ဂလာပွဲကြီးကို ကျင်းပပေးခဲ့၏။

နေနှင့်လလို တင့်တယ်သော ရွှေနှင့်မြလို လိုက်ဖက် သော သူတို့နှစ်ဦး၏ မင်္ဂလာပွဲမှာ စိန်ရောင်ရွှေရောင်တွေ တဝင်းဝင်းတလက်လက် တောက်ပလင်းလက်ခဲ့သည်။

နှစ်ဖက်မိဘတို့၏ ဥစ္စာဓနအင်အားပိုင်ဆိုင်မှု စိတ် နေစိတ်ထား မြင့်မြတ်မှုတို့ကြောင့် ယမင်းသက်ထားဝေနှင့် မောင်မောင်တို့၏ဘဝ ခရီးမှာ သာယာချမ်းမြေ့လှပလိမ့် မည်ဟု အားလုံးက ဝမ်းမြောက် ဝမ်းသာရှိခဲ့ကြသည်။

ယမင်းသက်ထားဝေ ကိုယ်တိုင်ပင်လျှင် ပန်းမွေ့ ယာ ရွှေကော်ဇောပေါ် မှ သူမ၏ဘဝကို အကျေနပ်ကြီးကျေ

www.burmeseclassic.com

www.burmeseclassic.com



ုပ်နေမိခဲ့သည်မဟုတ်ပါလား။

(၃)

" နေ့စဉ်နေ့တိုင်း မောင်မောင် ဒီလိုပဲ သွားနေတာလား "

" ဟုတ်ပါတယ် မမလေး "

နှစ်လခန့် မှန်ပါသည်၊ မင်္ဂလာဆောင်ပြီး နှစ်လခန့်ရှသာ ကြာပါသေးသည်။ ယမင်းသက်ထားဝေ သူ့ကိုယ်သူ အထီးကျန်သလိုခံစားလာရ၏။ မောင်မောင်နှင့် သူမ၏ အနေအထားက အံ့ဩဖွယ်သူစိမ်းဆန်လာသည်၊ ယခင်ကျောင်းဖွင့်ရက်တွေမှာတော့ သူမ ကျောင်းမှာပဲ ရှိနေ၍ မောင်မောင့်ကို သိပ်သတိမပြုမိ၊ တွေ့ရတဲ့ ညပိုင်းလေးတွေ ကျတော့လည်း မောင်မောင်က သူမကို သာယာချမ်းမြေ့စေခဲ့၏။ သည်လိုနှင့် သူမလောကကို မေ့ထားနိုင်ခဲ့၏။

ခုတော့ ဒီလို မဟုတ်ပြီ၊ ညဖက်သာ တွေ့ဆုံကြရသော သူမနှင့် မောင်မောင်ကြားမှာ နွေးထွေးမှုတွေ လျော့ါးလာနေသည်။ ချစ်ခင်ကြင်နာမှုတွေ ခန်းခြောက်လာ

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ အိပ်ရာ တစ်ခုထဲတွင် ရှိနေပါလျက် ကမ္ဘာခြား နေရသည်။

ထို့ကြောင့်လည်း မောင်မောင်နှင့် ပတ်သက်၍ ပထမဆုံးအကြိမ် လေ့လာစုံစမ်းလိုက်ခြင်းဖြစ်သည်။

" မမနှင့် အိမ်ထောင်မကျခင်ကရော "

ဒုတိယမေးခွန်းဆက်မေး၏။

အိမ်ဖော်မလေးက အတန်ကြာ နှုတ်ဆိတ်နေရာမှ ယတိပြတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် . . .

" သမီး မမလေးကို ချစ်လို့ ပြောပါ့မယ်၊ မမလေး လည်း သိသင့်တယ် ထင်ပါတယ် . . .

မောင်မောင်ဟာ နေ့စဉ်နေ့တိုင်း နံနက်စာစားပြီး တာနဲ့ အိမ်ကထွက်သွားပါတယ်။ ညနေ သုံး၊ လေးနာရီ လောက်မှာ ပြန်လာပြီး အခန်းအောင်းတော့တာပါပဲ၊ ထမင်း တောင် ညဆယ့်နာရီ တစ်ချက်မှ ထစားပါတယ်။ ဒီလိုဖြစ် နေတာ ခုမှ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်ကတည်းကပါ မမလေး "

" မောင်မောင် ဘာတွေ လုပ်နေတာလဲ ဟင် "

www.burmeseclassic.com

www.burmeseclassic.com


" သူ အပေါင်းအသင်းတွေနဲ့ ဘိန်းဖြူသွားရှူနေတာ မမလေး၊ သူနံပါတ်ဖိုးစွဲနေတာ အဲဒီအချိန်တွေ ကတည်းကပါ"

" ဘာ၊ နံပါတ်ဖိုးစွဲနေတယ်"

ယမင်းသက်ထားဝေ၏ အသံက ချောက်ချားခြင်း၊ တုန်လှုပ်ခြင်း၊ အံ့ဩခြင်း၊ မယုံကြည်နိုင်ခြင်းတွေနှင့် ပြည့်နှက်နေသည်။

" မောင်မောင် ဖိုးစွဲနေတယ် ဟုတ်လား "

အိမ်ထောင်မကျမီက မောင်မောင်နှင့် နီးနီးကပ်ကပ် (၆) လခန့်နေခဲ့ရသည်။ စာသင်ပြခဲ့သည်၊ မောင်မောင် ဖိုးစွဲနေမှန်း မိမိလုံးဝ မရိပ်မိခဲ့၊ အိမ်ထောင်ကျ ပြီးတော့လည်း နှစ်လခန့်ကြာသည်ထိ သက်ာမကင်းဘွယ်ရာ ဘာတစ်ခုမျှ မရှိ၊ မိမိပင် ညံ့ခဲ့သည်လား၊ မောင်မောင်ပင် သရုပ်ဆောင်ကောင်းခဲ့သည်လား။

ယခုတော့ မောင်မောင်အနေအထားတွေ ပျက်လာသည်။ အပြင်ထွက်တာတွေ များလာသည်။ ညဥ့်နက်သန်းခေါင်နေတာတွေ စိပ်လာသည်။ အဆိုးဆုံးက အိမ်


www.burmeseclassic.com

www.burmeseclassic.com



အပေါ် မောင်မောင်၏ စိတ်ဝင်စားမှုတွေ ပျောက်ကွယ်နေခြင်းဖြစ်သည်။ တစ်အိပ်ရာထဲ အတူအိပ်ပြီး သူမ မောင်မောင့်နံဘေးမှာ ရှိတာကိုပင် မောင်မောင် သိမှ သိပါလေစဟု ယမင်းသက်ထားဝေ တစ်ခါတစ်ခါ တွေးမိခဲ့သည် မဟုတ်ပါလား။

သူမ အိမ်ဖော်မလေးနှင့် နားလည်မှု ယူလိုက်သည်။

ကျောင်းဖွင့်ရက် တစ်ရက်မှာ အိမ်ဖော်မလေးဆီက ဖုန်းလာ၏။

" မောင်မောင်ပြန်ရောက်နေပြီ၊ အခန်းထဲဝင်သွားပြီ"

သူမညနေပိုင်း ခွင့်ယူကာ ပြန်လာခဲ့သည်။ ကားကို လမ်းထိပ်မှာပင် ရပ်ထားခဲ့ကာ ခြေကျင်လျှောက်လာခဲ့၏။

မောင်မောင် မိဘတွေက ထုံးစံအတိုင်း စိန်ရွှေ ရတနာဆိုင်သို့ ရောက်နေကြ၍ အိမ်မှာမရှိ၊ အိမ်ဖော် လေးက အောက်ထပ်မှာ သန့်ရှင်းရေးလုပ်နေ၏။

ယမင်းသက်ထားဝေ ခြေကို ဖွဖွနင်းကာ အိမ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



တက်ခဲ့သည်။ မိမိတို့အိပ်ခန်းရှေ့ အရောက်မှာ အသက်ကို ဝဝရှူလိုက်သည်။

တံခါးမှ စတီးလ်လက်ကိုင်ဘုကို အသာလှည့်ဖွင့်ပြီး လှပါ တစ်ပြိုင်တည်းဝင်လိုက်သည်။

ကုတင်ပေါ် မှာ စီးကရက် တစ်လိပ်နှင့် ငြိမ်နေသော မောင်မောင့်ကို တွေ့ရ၏။

မောင်မောင့် မျက်လုံးတွေက မှေးစင်းနေသည်။ သူမတံခါးဖွင့်လာသည်ကိုပင် သိပုံမရ။

ကြောက်ခြင်းတို့ဖြင့် မောင်မောင်ထံသို့ သူမပြေးသွား၏။ ထိုအခါမှ မောင်မောင်လန့်နိုးသွားသည်။ သူမ မောင်မောင့် ပခုံးနှစ်ဖက်ကို ကိုင်၍ လှုပ်၏။

" မိုက်လှချည်လား မောင်မောင်ရယ် "

မောင်မောင်ကား အကြောက်လွန်နေသူ တစ်ယောက်ကဲ့သို့ မျက်လုံးပြူးကြောင်စွာဖြင့် သူမကို ငေးကြည့်နေ၏။

မချိသော စိတ်ကြောင့် ခုတင်ပေါ် မျက်နှာအပ်ကာ သူမငိုချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အားရပါးရ ငိုပြီးတော့မှ သူမမောင်မောင့်ကို ကြည့်မိသည်။

မောင်မောင်က အိပ်ရာထက်မှာ ကွေးကွေးလေး ငြိမ်သက်နေသည်။ သူ့နှုတ်ခမ်းတွေက ပြုံးယောင်ယောင်နှင့် သူမရှိနေသည်ကိုပင် သိမှသိလေစ . . .

အံ့ဩထိတ်လန့်စွာ သူမအလိုလို နောက်ဆုတ်မိရက်သား ဖြစ်သွားသည်။

" ဖြစ်မှ ဖြစ်ရလေ မောင်မောင်ရယ် "

မချိတင်ကဲ ရေရွတ်ရင်း သူမ ဒုတိယအကြိမ်မြောက် ရှိုက်ငင်ငိုကြွေးမိပြန်ပါတော့သည်။

(၄)

" ပထမဆုံး ပြောချင်တာကတော့ သမီးလေး ယမင်းကို ဖေဖေရော မေမေပါ တောင်းပန်ပါတယ်ဆိုတဲ့ စကားပါပဲ သမီးလေးရယ်"

ဦးမြတ်ဖုန်းတို့ လင်မယားနှစ်ယောက်စလုံး၏ မျက်နှာပေါ်မှာ ကြေကွဲနေခြင်းဟာရမှုတွေ၊ စိတ်မချမ်းမြေ့မှုတွေဖြင့်

www.burmeseclassic.com

www.burmeseclassic.com


ပြည့်နှက်နေသည်ဟု ယမင်းသက်ထားဝေ ခံစားမိလိုက်သည်။

" သားလေး မောင်မောင် မူးယစ်ဆေးသုံးစွဲနေတယ်ဆိုတာ ဖေဖေတို့ သိပါတယ်၊ ဆေးဖြတ်ဖို့ အမျိုးမျိုး ဆိုဆုံးမခဲ့တယ်၊ စည်းရုံးခဲ့တယ်။ နောက်ဆုံးဘိန်းဖြူသမားဘဝနဲ့ လုံးပါးပါးရမယ့် မောင်မောင့်အသက်ကို ကယ်ဖို့ ဖေဖေတို့ ဂုဏ်သိက္ခာအကျခံပြီး ဆေးရုံတက်ဖြတ်ဖို့ထိ စီစဉ်ခဲ့တယ်။

ဒါပေမဲ့ သားလေးက လက်မခံခဲ့ဘူး၊ သူ့ဖာသာ တဖြည်းဖြည်း ဖြတ်မယ် ကတိပေးလို့ စောင့်ကြည့်ခဲ့တယ်။ သူလည်း ဆေးဖြတ်ဖို့ ကြိုးစားပါသေးတယ်။ ဒါပေမဲ့ မရပါဘူးသမီးရယ်၊ ဘိန်းဖြူဟာ ဘာနဲ့မှမတူအောင် အန္တရာယ်ကြီးမားလွန်းပါတယ်။ အစပြုလိုက်မိတာနဲ့ ဘဝပျက်ပြီသာမှတ်ပေရော့။

နောက်ဆုံး သားလေးရဲ့ဘဝကို ကယ်တင်ဖို့အတွက် အိမ်ထောင်ချပေးလိုက်မယ်၊ သားလေးကိုချစ်မယ့်၊ ဆိုဆုံးမနိုင်မယ့်၊ ပဲ့ပြင်ပေးမယ့် မိန်းကလေးကို ရှာရင်း သမီးလေးယမင်းကို တွေ့ခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သမီးရဲ့ မိဘတွေဆီ စာပြပေးဖို့ အကူအညီတောင်းရင်း လူငယ်ချင်း နိုးစပ်အောင် ကြံခဲ့တာပါ"

ယောက်ျားရင့်မာကြီး ဦးမြတ်ဖုန်း၏ မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ပြည့်လျှံလာသည်ကို ယမင်းသက်ထားဝေ မြင်လိုက်ရသည်။ မောင်မောင့် မေမေကတော့ တစ်သိမ့်သိမ့် ငိုရှိုက်စပြုနေလေပြီ။

ယမင်းသက်ထားဝေ အခြေအနေအားလုံးကို နားလည်လိုက်ပြီဖြစ်သည်။

တစ်ဦးတည်းသော သားငယ်၏ ဘဝကို ဖျက်မည့် ဝရဇိန်ကိုချေမည့် မူးယစ်ဆေးအန္တရာယ်မှ လွတ်ရာလွတ်ကြောင်း နောက်ဆုံး ကောက်ရိုးတစ်မျှင်ကို ဆွဲလိုက်ခြင်းဟုလည်း သဘောပေါက်မိ၏။

ထိုကောက်ရိုး တစ်မျှင်က ယမင်းသက်ထားဝေဆိုသော မိမိဖြစ်နေခြင်းကိုလည်း သူမ သတိပြုမိလိုက်၏။

" ဘာပဲဖြစ်ဖြစ် မောင်မောင်ဟာ ဖေဖေတို့ရဲ့ တစ်ဦးတည်းသောသားပါ၊ ဖေဖေတို့ ပိုင်ဆိုင်သမျှ ဥစ္စာရှေအားလုံး မောင်မောင်နဲ့ သမီးပဲ ဆက်ခံရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သမီးလေးအနေနှင့် မောင်မောင်ကို အတတ်နိုင်ဆုံးဆုံးမပဲ့ပြင်ပေးပါလို့ ဖေဖေတို့က မေတ္တာရပ်ခံပါတယ်။ သားလေး မူးယစ်နွံထဲမှာ နစ်မြုပ်ပြီး ဘဝကို သက်ပြောက်အရှုံးပေးသွားရင်တောင်မှ ဖေဖေတို့ မိသားစုတို့ စွန့်ခွာမသွားဖို့ ဖေဖေတောင်းပန်ပါတယ်ကွယ်"

ဦးမြတ်ဖုန်း၏ အသံက တိမ်ဝင်သွားသည်။ ပါးပြင်ဆက်မှာတော့ မျက်ရည်စီးကြောင်းတွေနှင့် မောင်မောင့်မေမေထံက ငိုကြွေးသံက အတန်ငယ် ကျယ်လောင်လာသည်။

ယမင်းသက်ထားဝေ ဘာလုပ်ရမည်နည်း။

နောက်ဆုံးမှာတော့ ရှိုက်ငိုရင်း မျက်ရည်မိုးတွေသာ သွန်ချလိုက်ပါတော့သည်။

(၅)

ယမင်းသက်ထားဝေ၏ ဖျောင်းဖျ ဆိုဆုံးမမှုကြောင့် သည်းကောင်း၊ မကောင်းဆိုးဝါးအန္တရာယ်မှန်း သိ၍လည်းကောင်း မောင်မောင်ဘိန်းဖြုံဖြတ်ဖို့ ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ မောင်မောင့်ကို ကြည့်ရင်း ယမင်း သက်ထားဝေ သနားမိ၏။

မူးယစ်ဆေးနှင့် ကင်းကွာပြတ်လပ်နေချိန်မှာ မောင် မောင်ခံစားရသော ဝေဒနာတွေက မသက်သာလှပါ။

စိတ်တွေ ဆောက်တည်ရာမရဖြစ်လိုဖြစ်၊ တုန်တုန် ရင်ရင်ဖြစ်လိုဖြစ်နှင့် အဖျားတက်သည့်အခါတက်၊ အေး အန်သည့်အခါအန်နှင့်

ထိုအခြေအနေမှ တစ်ဆင့်တက်သွားရင်တော့ မောင်မောင် လူစိတ်ပျောက်သလို ဖြစ်သွားတတ်သည်။ အိပ်ရာပေါ်မှ လူးလှိမ့်နေသည်၊ အခန်းနံရံတွေကို ခေါင်းနှင့် ပြေးဆောင့်သည်၊ စိတ်ဓာတ်ပျက်ပြားကာ ကြိုးဆွဲချ သေဖို့ ထိ ကြိုးစားသည်။

ပုံမှန်စိတ် ပြန်ဝင်လာချိန်မှာတော့ သနားစဖွယ် မျက်လုံးလေးတွေနှင့် သူချစ်သောမမကို ကြည့်သည် အသနားခံသည်။

" မမရယ် ကျွန်တော်လူမိုက်ကို သတ်လိုက်ပါတော့ ဗျာ " တဲ့။

www.burmeseclassic.com

www.burmeseclassic.com


ယမင်းသက်ထားဝေ ရင်နင့်ရပါသည်။

ကြိုးစားမှုက အစပိုင်းတွေမှာတော့ ဟုတ်သလိုလိုရှိ၏။ အားလုံးဝမ်းမြောက်ဝမ်းသာရှိခဲ့ကြ၏။

မောင်မောင်ကလည်း ဆေးဖြတ်လက္ခဏာတွေကို ကြိတ်မှိတ်ခံစားသည်။

သို့သော် တဖြည်းဖြည်းနှင့် မောင်မောင်ခံစားလာရသည့် မူးယစ်ဆေးဖြတ်ဝေဒနာတွေက ပြင်းထန်လာသည်။ အနီးကပ်စောင့်ကြည့်ပြုစုပေးနေသည့် ယမင်းသက်ထားဝေတိုလည်းပင်းညှစ်ဖို့ ကြိုးစား၏။ ဧည့်ခန်းထဲက စောင့်ကြည့်အကဲခတ်နေသည့် ဦးမြတ်ဖုန်းတို့ လင်မယား ယမင်းသက်ထားဝေ၏ အော်သံကြောင့် အပေါ်ထပ်ကို ပြေးတက်လာကြသည်။

ဦးမြတ်ဖုန်း မောင်မောင့်ကို အကျီကုတ်မှဆွဲကာ ခပ်ကြမ်းကြမ်းဖယ်၏။

လူစိတ်ပျောက်နေသည့်မောင်မောင်က တိရစ္ဆာန်ရိုင်း တစ်ကောင်လို ခုန်ကာ ဦးမြတ်ဖုန်းအား တိုက်ခိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်က လူငယ်ဖြစ်သော်လည်း မှူးယစ်ဆေးသမား၊ ဦးမြတ်ဖုန်းမှာ အသက်ကြီးပေမယ့် ကျန်းမာရေးကောင်းသူ၊ ထိုအချက်ကြောင့်သာ သက်သာရာရသွားခြင်းဖြစ်၏။

ဦးမြတ်ဖုန်း၊ မောင်မောင့်အား လွယ်လင့်တကူ ထိန်းချုပ်နိုင်လိုက်သည်။

ယမင်းသက်ထားဝေ၏ လည်တိုင်ကြောကြောမှာ အညိုအမဲစွဲရာကြီး တော်တော်နှင့် မပျောက်၊ ယမင်းသက်ထားဝေ ကျောင်းမတက်ရဲခဲ့၊ ကျန်းမာရေးအကြောင်းပြ၍ ခွင့်ယူလိုက်သဖြင့် လုပ်ဖော်ကိုင်ဖက်ဆရာ၊ ဆရာမတွေ တပည့်တွေ သတင်းလာမေးကြသည်။

ဤသို့ဖြင့် အဖြစ်အပျက်တွေက ဘူးပေါ်သလို ပေါ်သွားခဲ့ရ၏။

နောက်ပိုင်းမှာ မောင်မောင်ဘိန်းဖြူဖြတ်ဖို့ မကြိုးစားတော့၊

ယမင်းသက်ထားဝေ အနေနှင့်လည်း ကံကိုသာ ယိုးမယ်ဖွဲ့၍ ကံကိုသာ ကိုးကွယ်ခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် ' ဘိန်းစားမယား ' ဆိုသော အားမနာပ စကားလုံး ချွန်ချွန်တွေ၊ ' ဖိုးသမားမိန်းမ ' ဆိုသည့် အကြည့် ရိုင်းတွေ အောက်မှာ သူမလူတောမတိုးသလို ခံစားခဲ့ရ၏။ သိမ်ငယ်လွန်းမှုကြောင့် စိတ်ဓာတ်အကျကြီးကျခဲ့ရ၏။

ဒီကြားထဲ မောင်မောင် ဘယ်နေ့အဖမ်းခံရမလဲ၊ ဘယ်အချိန်မှာ ဘိန်းဖြူထိုးရင်း အပ်တန်းလန်းနဲ့ လူ့ဘဝကို ကျောခိုင်းသွားမလဲ ဆိုသော ပူပန်သောကတွေက နေ့စဉ်နှင့်အမျှ ဖိစီးနေခဲ့၏။ ယခုဆိုလျှင် သူမသည် ယမင်းရုပ် တလေးလို လှသော၊ နတ်ပန်းချီရှုံးအောင် လှသော ဟိုစဉ် က ယမင်းသက်ထားဝေ မဟုတ်တော့။

သောကထောင်ထု ကြီးမားသော စိတ်ဆင်းရဲမှုတို့၏ လောင်ကျွမ်းမှုကြောင့် အလှအပတွေ ယွင်းပျောက်၊ လှုပ်လီလှုပ်လဲ့ ပိုးဟပ်ဖြူလေးပမာ ယဲ့ယဲ့သာ ကျန်သော အမည်နှင့် မလိုက်ဖက်လှစွာသော ယမင်းသက်ထားဝေ ဖြစ်နေပေပြီ။ အားရအောင် ငိုကြွေးပြီးမှ မျက်နှာသစ်ပြီး အပူရုပ်ကို ဟန်လုပ်၏။ မှန်ပေါ်တွင် ပေါ်လာသည့် သူမ၏ မျက်နှာက စိတ်ချမ်းသာခြင်းတွေနှင့် မဆုံဆည်းရသည်မှ

www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်နေပြီဖြစ်ကြောင်း ထင်ရှားနေသည်။

ဒေါ်ယမင်းသက်ထားဝေ၏ ခင်ပွန်း ဖိုးသမား မောင်မောင် ဘိန်းဖြူမှုနှင့် အဖမ်းခံရ . . .။

ဦးစိုးတင့်နှင့် ရတနာကုန်သည်ဒေါ်သက်သက်ဝေ တို့၏ သားသမက် မူးယစ်ဆေးသမားမောင်မောင်. . .။

စိန်ရွှေရတနာဆိုင်ပိုင်ရှင် သူဌေးကြီး ဦးမြတ်ဖုန်း၏ သား ဘိန်းဖြူစွဲနေတဲ့မောင်မောင်. . .။

အသော ဖုံးဖိထားလို့မရတဲ့ သတင်းတွေက ကမ္ဘာဆုံးထိ အရှက်တကွဲအကျိုးနည်း ဖြစ်အောင် ပျံ့နှံ့ပေတော့မည်။

‘ ရင်စည်းလို့သာ ခံပေဦးတော့ မိယမင်းရေ ’ အံလေးကို ကြိတ်ရင်း သူ့မကိုယ်သူမ ပြောမိ၏။ ကား မောင်းကာ အိမ်မှထွက်လာတော့ ညနေ(၇)နာရီရှိပြီ၊ ဦးတည်ရာက သူမတစ်ကြိမ်တစ်ခါမျှ မသွားခဲ့ဘူးသော ရဲစခန်း၊ ဒီလိုအနေအထားမျိုးဖြင့် သွားရလိမ့်မည်ဟု အိပ်မက်ပင် မမက်ခဲ့ဘူးသော နေရာသို့ပင် ဖြစ်ပါတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com


(၆)

အဖြစ်အပျက်တွေက ကြာတော့ ကြာခဲ့ပါပြီ။ ဆယ်စုနှစ် တစ်စုမက ကြာခဲ့ပြီဖြစ်သည်။ သို့သော် ကျွန်တော့်ရင်ထဲမှာ ယနေ့တိုင် မမေ့နိုင်သေး၊ မနေ့တနေ့ကလိုပင် အမှတ်တရ ရှိနေဆဲဖြစ်သည်။

ထိုအချိန်က ကျွန်တော်ဗဟန်းရဲစခန်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်၏။

နေအိမ်လိုင်းခန်းမှ စခန်းရုံးသို့အလာ တပ်ကြပ်ကြီး (စာရေး) စားပွဲရှေ့တန်းလျားခုံတွင် ရှိုက်ငင်ငိုကြွေးနေသော သူမကို တွေ့လိုက်ရသည်။

အကျိုးအကြောင်း ကျွန်တော်မေးကြည့်တော့ နေ့ခင်းက ဖမ်းမိသော ဘိန်းဖြူမှု တရားခံမောင်မောင်ဆိုသော ကောင်လေးကို လာတွေ့ခြင်းဖြစ်ကြောင်းနှင့် တာဝန်မှူးက တွေ့ခွင့်မပေးသောကြောင့် ဝမ်းနည်းကာ ရှိုက်ငိုနေခြင်းဖြစ်ကြောင်းသိရ၏။

အမှန်တော့ ညအချိန် တရားခံတွေ့ခွင့်မရှိပါ။ တရားခံလုံခြုံရေး၊ ရဲစခန်းလုံခြုံရေးတွက်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com


မလိုလားအပ်သော ပြဿနာတစ်စုံတစ်ရာ မပေါ်ပေါက်နိုင်ရေးအတွက်လည်းကောင်း စည်းကမ်းသတ်မှတ်ထားရခြင်းဖြစ်၏။

မည်သို့ပင်ဖြစ်စေ အကူအညီလိုသူကို ကူညီချင်သော၊ စိတ်နှလုံးအေးချမ်းစေလိုသော ကျွန်တော့်စိတ်ဆန္ဒအရလည်းကောင်း ၊ခေတ္တခဏမျှ တွေ့ခွင့်ပေးခဲ့ပါသည်။

ထိုသည်မှ အစပြုပြီး ယမင်းသက်ထားဝေ၊ ဦးစိုးတင်၊ မောင်မောင့်ဖခင် ဦးမြတ်ဖုန်း စသူတို့နှင့်ပါ သိကျွမ်း ခင်မင်ခဲ့ရပါသည်။

ယမင်းသက်ထားဝေ ပြောပြသဖြင့်လည်း သူမနှင့်မောင်မောင်တို့အကြောင်း ဘဝတစ်စိတ်တစ်ပိုင်းကို ကျွန်တော် သိခဲ့ရ၏။

မောင်မောင်မှာ ပထမတွင် ဘိန်းဖြူလက်ဝယ်ထားရှိမှုနှင့် အရေးယူခံရကာ နောက်ပိုင်းတွင် ဘိန်းဖြူသုံးစွဲကြောင်းပါ ပေါ်ပေါက်လာ၍ တစ်မှုထပ်တိုးခဲ့ပါသည်။

သူ့အမှု တရားရုံးစစ်ဆေးဆဲကာလမှာပင် ကျွန်တော် ဗဟာန်းရဲစခန်းမှ ပြောင်းရွှေ့ခဲ့ရ၍ ပဲခူးတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ခြမ်းမှ ကညွတ်ကွင်းမြို့တွင် ရဲစခန်းမှူးအဖြစ်လည်းကောင်း ၊ထိုမှအင်းစိန်စီအိုင်ဒီ၊ အောက်မြန်မာနိုင်ငံမှုခင်းတပ်ဆွယ်၊ ပဲခူးတိုင်း တပ်ဆွယ်မှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ရင်း ရက်တွေလတွေနှစ်တွေ တစ်ခုပြီးတစ်ခု ကျော်ဖြတ်ခဲ့ရသည်။

ယခုဆိုလျှင် ရဲတပ်ဖွဲ့မှ အငြိမ်းစားယူပြီး ဝါသနာပါရာ ရှေ့နေအလုပ်ဖြင့် တရားရုံးတွေကြားမှာ ကျင်လည်နေရပေပြီ။

တစ်နေ့ကတော့ အနောက်ပိုင်းခရိုင်တရားရုံးသို့ အသွား သမိုင်းလမ်းဆုံမီးပွိုင့်မှာ ယမင်းသက်ထားဝေ ကို တွေ့လိုက်ရသည်။

သူမက ကိုယ်ပိုင်ကားလေး၏ ရှေ့ခန်း မောင်းသူနေရာမှာ . . .

သူမ၏ပုံက ဗဟန်းစခန်းမှာ တရားခံလာတွေ့စဉ်ကလို ပိုးဟပ်ဖြူမလေးပုံစံမဟုတ်တော့။

သူမပြောခဲ့ဖူးသည့် ယမင်းသက်ထားဝေဆိုသော အမည်နှင့် လိုက်ဖက်လှစွာသော ယမင်းသက်ထားဝေဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေပေပြီ။

ကျွန်တော်ပင်လျှင် သူမဟုတ်မှ ဟုတ်ပါလေစဟု ဇဝေဇဝါဖြစ်မိ၏။

သူမစီးလာသော ကားမှ ကားနံပါတ်ကို မြင်၍သာ ယမင်းသက်ထားဝေဟု အတိအကျ ပြောနိုင်ခြင်းဖြစ်ပါသည်။

သူမကတော့ ကျွန်တော့်ကို မမြင် . . .

သူ့မ၏ဘေးမှ သမီးကလေး၏ ကိုယ်သိုင်းကြိုးကို သက်တောင့်သက်သာ ဖြစ်အောင် ပြုပြင်ပေးနေ၏။

မီးစိမ်းသည်နှင့် သူမကားက ဘုရင့်နောင်လမ်းမကြီးဘက် တည့်တည့်ဝင်သွားကာ ကျွန်တော့်ကားက အင်းစိန်လမ်းမကြီးအတိုင်း ကားစီးကြောင်းထဲ မျောပါသွားခဲ့သည်။

မမျှော်လင့်ထားပါပဲ သူမကို ရုတ်တရက် ပြန်တွေ့ခဲ့သည်။

တွေ့တော့လည်း နှုတ်ပင်မဆက်အား၊ လျှပ်ပြက်သလို တစ်လမ်းစီခွဲခဲ့ရပြန်သည်။

လူချင်းခွဲခဲ့ရသော်လည်း သူမနှင့် ပေါ်သက်သည့်

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းတွေကတော့ ကျွန်တော့်ရင်ထဲမှာ ကပ်ပါလာခဲ့သည်။

ဖိုးသမား မောင်မောင်တစ်ယောက် အဆိုးထဲက အကောင်းဆိုသကဲ့သို့ ဘိန်းဖြူမှဖြင့် ထောင်ကျရာက ဘိန်းဖြူ ပြတ်သွားခဲ့ပြီလား။

ဤသို့ဆိုလျှင် ယမင်းသက်ထားဝေ၏ ဘေးမှ ချစ်စရာသမီးငယ်လေးသည် သူမနှင့် မောင်မောင်တို့၏ ရင်သွေးငယ်လေးသာ ဖြစ်ပေလိမ့်မည်။

သို့တည်းမဟုတ် . . .

ဖိုးသမား မောင်မောင် တစ်ယောက် လူ့လောကမှာ ရှိမှရှိ သေးရဲ့လား၊ မူးယစ်ဆေးဝါးကို လက်မြှောက် အရှုံးပေးရင်း ဘဝရေစီးမှာ နစ်ခဲ့လေပြီလား။

ဤသို့ဆိုလျှင်ရော . . . .

မည်သို့ပင် ဖြစ်စေ၊ သေချာတာတစ်ခုကိုတော့ ယမင်းသက်ထားဝေ၏ မျက်နှာပေါ်မှာ ကျွန်တော်တွေ့လိုက် ရပါသည်။

ထိုအရာကား ယခင် ဖိုးသမားမယားဘဝကလို

www.burmeseclassic.com

www.burmeseclassic.com



သောကထောင်ထု၊ ပူလောင်မှုတွေ သူ့မျက်နှာပေါ်မှာ တစ်စွန်းတစ်စမျှ မတွေ့ရှိခဲ့ရခြင်းပင် ဖြစ်ပါတော့သတည်း။

◈◈◈

www.burmeseclassic.com

www.burmeseclassic.com

# ဓနုန်းတိုက်တွဲပန်း

(တစ်)

သူတို့သုံးယောက်၏ အမည်များကို တော့ ကျွန်တော် ထုတ်ဖော်မရေးသားလိုပါ။

နိုင်ငံကျော် အဆိုတော်တစ်ယောက်၊ နာမည်ရ သီချင်းရေးဆရာတစ်ယောက်နှင့် ဆေးတက္ကသိုလ် ကျောင်းသားတစ်ယောက် ဆိုတာလောက်ပဲ ရေးလို၊ ပြောလိုပါသည်။

(၁၉၉၂) ခုနှစ်၏ တစ်ခုသော ဆောင်းရက် တစ်ရက်၌ သူတို့သုံးယောက် ကျွန်တော့်ထံရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ကျွန်တော်ဗဟန်းရဲစခန်းမှူးအဖြစ် တာဝန် ထမ်းဆောင်နေရသော အချိန်ဖြစ်၏။

အဖြစ်အပျက်က စိတ်မကောင်းစရာ ကောင်းလှပါသည်။

သူတို့အဖို့လည်း အိပ်မက်ဆိုးတာလအပိုင်းအခြားတစ်ခုအလားခံစားနေရမည်မှာ မလွဲ။

တာဝန်ဝတ္တရားအရ ပြောဆိုမေးမြန်း၊ စစ်ဆေးနေရသည့် ကျွန်တော်ပင်လျှင် သူတို့အတွက် စိတ်မသက်မသာဖြစ်မိရသည်။ အားတုံ့အားနာ ဖြစ်နေရသည်။

သူတို့အဖြစ်ကလည်း ဆွမ်းခံရင်း ငှက်သင့်သည်ဟုပင် ပြောရမည်လား။

သို့တည်းမဟုတ်ဝိဘတ်ကြမ္မာမရှောင်သာဟုပင် ပြောရမည်လား၊ မဆိုတတ်နိုင်ပါ။

ဗဟန်းရဲစခန်းမှူး ကျွန်တော့်ထံသို့ သူတို့ ရောက်လာခဲ့ကြသည်။

သို့သော် ကောင်းသောလာခြင်းတော့ မဟုတ်ပါ။

အဘယ့်ကြောင့်ဆိုသော် မူးယစ်ဆေးဝါး အမှုမှ

www.burmeseclassic.com

www.burmeseclassic.com


တရားခံများအဖြစ် ရောက်ရှိလာကြသောကြောင့် ဖြစ်ပါသည်။

(နှစ်)

ထိုနေ့ နံနက်ပိုင်းက ဗဟန်းမြို့နယ်ထဲတွင် မူးယစ်ဆေးဝါး ဖမ်းဆီးရေးနှင့် ပတ်သက်သော စစ်ဆင်မှုတစ်ရပ်ပြုလုပ်၏။

စစ်ဆင်မှုကို အဓိက ဦးဆောင်သူမှာ ရန်ကုန်တိုင်းမူးယစ်ဆေးဝါး နှိမ်နှင်းရေး အထူးအဖွဲ့ ဖြစ်သည်။

ကျွန်တော့် ရဲစခန်းမှ ဒုရဲအုပ်အဆင့် အရာရှိငယ်တစ်ယောက်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ အင်အားဖြည့်ထားခဲ့၏။

အရေးကြီးသော အမှုကြီးတစ်မှုအတွက် မပျက်မကွက် သက်သေခံလာရောက်ရန် တိုင်းတရားရုံးမှ ဆင့်ဆိုထား၍ ထိုစစ်ဆင်ရေးတွင် ကျွန်တော်ကိုယ်တိုင် မပါဝင်နိုင်ခဲ့ပါ။ တိုင်းတရားရုံးမှ ကျွန်တော် ပြန်ရောက်လာတော့ ညနေ (၃) နာရီခွဲနှင့် ရှိနေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com


မူးယစ်စစ်ဆင်ရေးလိုက်သွားသည့် ဒုရဲအုပ်လေးတသူတို့အဖွဲ့၏ အောင်မြင်မှုကို သတင်းပို့၏။

ရန်ကုန်နေပြည်တော်အတွင်း မူးယစ်ဆေးဝါး လုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေသော မူးယစ်ရာဇဝတ်ဦးနှင့် သူ့တပည့်တပန်းတွေကို တသီကြီး ဖမ်းဆီးရမိခဲ့၏။

သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးပမာဏတလည်း ထိုနှစ်အတွင်း ဖမ်းဆီးရမိခဲ့သမျှတွင် စံချိန်တင်သည့်ပမာဏ ဖြစ်သည်။

သည်မူးယစ်ရာဇဝနှင့် အဖွဲ့ကို ရဲတပ်ဖွဲ့က လိုက်နေသည်မှာ ကြာမြင့်ပြီဖြစ်သည်။

ဤသို့သော အောင်မြင်မှု ရရှိနိုင်ဖို့အတွက် လပေါင်းများစွာ စောင့်ကြည့်ခဲ့ရသည်။

ဘိန်းဖြူ သုံးစွဲသူ၊ ဘိန်းဖြူ ဖြန့်ဖြူးသူများအဖြစ် အသွင်ယူပြီး ဝင်ပူးခဲ့ရသည်။

လွယ်သည်တော့ မဟုတ်ပါ။ မူးယစ်ရာဇဝတ်ကြီးတို့အကျင့်က သူတစ်ပါးအသက်ကို ပုရွက်ဆိတ်တကောင်၏


www.burmeseclassic.com

www.burmeseclassic.com



အသက်လောက်ပင် တန်ဖိုးထားသူများ မဟုတ်ကြ။

မယုံသင်္ကာ ဖြစ်သည်နှင့် တစ်ပြိုင်နက် ကိစ္စတုံး ပျောက်ဖျက်ပစ်တတ်ကြသည်။

ဤနည်းဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းမှု သမိုင်း တစ်လျှောက် မိမိတပ်ဖွဲ့ဝင်အချို့ ပျောက်ဆုံးသွားခဲ့ရဖူး၏။

ထို့ကြောင့် မူးယစ်ရာဇာ၏ အဖွဲ့က မရိပ်မိစေရန် သိုသိုရိရိ လုပ်ဆောင်ရ၏။ အသက်နှင့်ရင်း၍ အသွင်ယူ လုပ်ကိုင်ကြရ၏။

ယခုကိစ္စတွင်တော့ မိမိ ရဲတပ်ဖွဲ့က လက်ဦးမှု ရယူနိုင်ခဲ့သည်။

တစ်ဖက်က မရိပ်မိခင်မှာပင် စစ်ဆင်ရေးဆင်နွှဲ၍ အပိုင်ဝင်ရောက်ဖမ်းဆီးနိုင်လိုက်ခြင်း ဖြစ်သည်။

ဖမ်းဆီးရေးအဖွဲ့က ပစ်မှတ်ကို အောင်အောင်မြင်မြင် စီးနင်းထားချိန် . . .

မူးယစ်ရာဇာနှင့် သူ့တပည့်တွေကို လက်ထိပ်ကိုယ်စီနှင့် ထိန်းချုပ်ထားချိန် . . .

မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်း

www.burmeseclassic.com

www.burmeseclassic.com



သေလူကြီးများရှေ့စနစ်တကျ သိမ်းဆည်းနေချိန်၊

ထိုအချိန်မှာပင် ကိုယ်ပိုင်ကားလေးတစ်စီး မှူးယစ်ရာဇဝတ်မှု ခြံဝင်းထဲသို့ ဝင်ရောက်လာ၏။

ဖမ်းဆီးရေးအဖွဲ့က ကားလေးနှင့် ပါလာသည့် လူသုံးယောက်ကိုပါ ထိန်းသိမ်းလိုက်သည်။

မူးယစ်ဆေးဝါးနှင့် တစ်နည်းနည်း ပတ်သက်မှု ရှိနိုင်သည်ဟု သုံးသပ်၍ တရားခံစာရင်းထဲ ထည့်ရ၏။

ဆွမ်းခံရင်း ငှက်သင့်သည်လား။

ဝိဘတ်ကြမ္မာမရှောင်သာသည်လား မသိနိုင်သည့် ကိုယ်ပိုင်ကားလေးပေါ်က လူသုံးယောက်ကတော့ အထက်တွင် ကျွန်တော် ပြောခဲ့ပြီးဖြစ်သည့်

- နိုင်ငံကျော် အဆိုတော်တစ်ယောက်
- နာမည်ရ သီချင်းရေးဆရာတစ်ယောက်နှင့်
- ဆေးတက္ကသိုလ်ကျောင်းသားတစ်ယောက်တို့ပင်ဖြစ်ပါတော့သည်။

(သုံး)

"ကျွန်တော် ဆယ်တန်းကို ခြောက်ဘာသာဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



ထူးနှင့် အောင်ပါတယ်။ မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး (၁၀) ယောက်စာရင်းမှာ ဒုတိယလိုက်ပါတယ်။

ကျွန်တော့်ကို ကျောင်းအားချိန်မှာ သူတို့ရဲ့ သားသမီးတွေကို စာပြပေးဖို့ ရန်ကုန်မြို့ရဲ့ ထိတ်ထိတ်ကြ သူကြီးအချို့က ဖိတ်ခေါ်ခဲ့ပါတယ်။

သူတို့က စာပြပေးရုံတင်မဟုတ်ဘဲ ကျွန်တော့်ရဲ့ ညာထူးချွန်မှု၊ ရိုးသားတည်ကြည်မှုနှင့် အပြစ်ကင်းမှုကို သူတို့ရဲ့ သားသမီးတွေသဘောကျပြီး အတုယူနိုင်ဖို့ ည်ရွယ်ချက်လည်း ထားရှိတဲ့အကြောင်းပြောပြပါတယ်။

အပေါင်းအသင်းကြောင့် လမ်းမှားရောက်နေတဲ့ သူတွေလည်း ရှိတဲ့အတွက် လမ်းမှန်ရောက်အောင် တည့် တ်ပေးဖို့လည်း အကူအညီတောင်းပါတယ်၊ နောက်ပိုင်းမှာ တော့ ကျွန်တော်ရဲ့ အသင်အပြန့် အနေအထိုင်ကောင်းမှု ာ သူတို့ မျှော်လင့်ချက်ကို ဖြည့်စွမ်း နိုင်ခဲ့ပါတယ်။

ကျွန်တော့်အနေနှင့်လည်း သူတို့လေးတွေရဲ့ ထင်ကြီးမှု၊ လေးစားမှုတို့ကို ရယူနိုင်ခဲ့ပါတယ်။

ဒါပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ မထင်မိဘူး၊ တာဝန်ကျေပွန်တယ်လို့ မသတ်မှတ်မိဘူး။

ဘာကြောင့်လည်းဆိုတော့ မူးယစ်ဆေးစွဲနေတဲ့ တပည့်ငါးယောက်ကို ဆေးပြတ်သွားအောင် မစွမ်းဆောင်နိုင်သေးလို့ပါပဲ။

သူတို့လေးတွေကို ဘိန်းစွဲတဲ့ ဘဝဆိုးထဲက ကယ်တင်ချင်တဲ့ စိတ်ဆန္ဒ ကျွန်တော့်မှာ တစ်နေ့ထက်တစ်နေ့ ပြင်းပြလာပါတယ်။ ဒီလိုနဲ့ပဲ သူတို့နဲ့ ကျွန်တော် စိန်ခေါ်ပွဲလေးတစ်ခု ကျင်းပခဲ့ကြပါတယ်။

ဟုတ်တယ်လေ၊ ယောကျ်ားကောင်းဆိုတာ စိတ်ဓာတ် ခိုင်မာရတယ်၊ ရဲရင့်ပြတ်သားရတယ်၊ မကောင်းမှုမှန်း သိတာနဲ့ ဖက်တွယ်မထားလိုတဲ့ အသိတရား ရှိရမယ်။

မကောင်းတာမှန်း သိလျက်တဒင်္ဂ သာယာမှု နောက်လိုက်ပြီး ဆက်မိုက်နေမယ်ဆိုရင် ယောကျ်ားကောင်း မဟုတ်ဘူး၊ လူဖျင်းလူညံ့လူပျော့တစ်ယောက် ဖြစ်မယ်လို့ ကျွန်တော် ပြောလိုက်တယ်။

သူတို့က ပြန်ပြီး စိန်ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘိန်းဖြူကို မကောင်းမှန်းသိတယ်၊ ဖြတ်ချင်တယ် ဒါပေမယ့် ဖြတ်လို့ မရဘူးတဲ့။

မယုံရင် ဆရာကိုယ်တိုင် တစ်ကြိမ်တည်း စမ်းကြည့်၊ စမ်းကြည့်လို့ ဘိန်းဖြူမစွဲရင် သူတို့လည်း အသက်သေချင် သေပါစေ ရအောင် ဖြတ်မယ်လို့ ပြောရှာပါတယ်။

ဒီစိန်ခေါ်မှုကို ကျွန်တော် သဘောကျတာပေါ့ ဆရာ။ သူတို့ကို ဘိန်းဖြူပြတ်အောင် လုပ်ဖို့ ဒါအခွင့်အရေး တစ်ရပ်ပဲလို့လည်း ယူဆမိပါတယ်။

အဲဒီနေ့မှာပဲ သူတို့ကို ဘိန်းဖြူဖြတ်ဖို့ ကျွန်တော့် အသက်ဖျံသွေးကြောထဲကို ဘိန်းဖြူ (ဝမ်းစီစီ) ထိုးထည့်ခဲ့မိပါတယ် ဆရာ”

မူးယစ်ရာဇာနှင့် သူ့တပည့်များအား အချုပ်ထဲမှာ တစ်ဦးချင်းထုတ်ယူ စစ်ဆေးပြီးသည်နှင့် သူတို့သုံးယောက်ကို တစ်ယောက်စီခေါ်ယူ စစ်ဆေးခဲ့သည်။

အထက်ပါ ထွက်ဆိုချက်များမှာ ဆေးကျောင်းသားသားအား ဦးစွာ စစ်ဆေးရာမှ ရရှိသော ထွက်ဆိုချက်များဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်၏ သားကောင်းဆရာဝန်လောင်းလေး
အပေါ် ကျွန်တော် ကရုဏာ သက်စွာ ကိုယ်ချင်းစာမိ
တယ်။

အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ နှုတ်ခမ်းမွှေးသဲ့သဲ့နှ
သူ့ရုပ်သွင်က ခင်မင်ချင်စရာ ကောင်းပါသည်။

ရည်မွန်ယဉ်ကျေးသည့် ပညာတတ်တစ်ယော
၏ သဏ္ဌာန်က သူ့မျက်နှာတွင် အထင်အရှားပေါ်လွ
လျက်ရှိ၏။

သူ၏အဘိုးမှာ စာပေနယ်တွင် လေးစားသမှု ဖြ
သည့် မဂ္ဂဇင်းကြီးကို ပိုင်ဆိုင်သူ ဖြစ်ပြီး ကိုယ်တိုင်အယ်
တာချုပ် လုပ်နေသူလည်းဖြစ်သည်။

သူသည် မိဘနှစ်ပါးနှင့် အဘိုးဖြစ်သူ၏ ဆုံးမပဲ့ပြ
မှုအောက်တွင် ထူးထူးချွန်ချွန် ရှင်သန်အောင်မြင်ခဲ့၏။

ကိုယ်ရည်ကိုယ်သွေး ထက်မြက်သူ၊ ခိုင်ကြံ့သေ
စိတ်ဖြင့် မိမိကိုယ်မိမိ ယုံကြည်သူ၊ ငယ်စဉ်ကတည်းက
ဆုံးဖြတ်ချက်အတိုင်း ရည်မှန်းချက်တိုင်အောင် ဆုတ်မနေ
လုပ်တတ်သည့် ဇွဲသတ္တိရှိသူ၊ မူးယစ်ဆေးဝါး မဆိုထားနှ

www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်၊ ကွမ်းနှင့် အရက်တို့ကိုပင် လုံးဝကင်းရှင်းခဲ့သည့် သူ့အဖို့ ယခု စိန်ခေါ်ပွဲတွင်လည်း သူ့ဖက်က ကျိန်းသေ အနိုင်ရရမည်ဟု တစ်ထစ်ချယုံကြည်ထားပြီး ဖြစ်ဟန် တူပါသည်။

သူ၏ ဆက်လက် ထွက်ဆိုချက်များက သင်ခန်းစာ ယူစရာကောင်းလှပါသည်။

"ကျွန်တော် အရှုံးကြီး ရှုံးသွားခဲ့ပါတယ် ဆရာ။ သူတို့လေးတွေကို မူးယစ်ဆေးဝါးရဲ့ သားကောင်အဖြစ်က ကယ်တင်နိုင်ခဲ့တဲ့အပြင် ကျွန်တော်ကိုယ်တိုင် မူးယစ်နယ် ထဲ ခြေကျွံကျခဲ့ရပါတယ်။

တစ်ကြိမ်တစ်ခါတည်း စမ်းကြည့်လိုက်ရုံနှင့် မူးယစ် ဆေးဝါးထောင်ချောက်ထဲမှာ ရုန်းမထွက်နိုင်အောင် တုပ် နှောင်ခြင်း ခံလိုက်ရပါတယ် ဆရာ"

မူးယစ်ဆေးဝါး၏ ဆိုးညစ်သော ဆွဲဆောင်မှုကား သမင်း၏ ပရိယာယ်တစ်ခုပင်ဖြစ်သည်။

လူငယ်လေးတွေကို သေတွင်းမှ ကယ်တင်လို သော မြင့်မြတ်စိတ်ထားဖြင့် သူ့ကိုယ်သူ သေမင်း၏ လက်

www.burmeseclassic.com

www.burmeseclassic.com



တွင်း သက်ဆင်းတိုးဝင်မိခဲ့သူ။

လူကို အန္တရာယ်ပြုနိုင်သည့် အဆိပ်တစ်မျိုးကို တစ်ကြိမ်တစ်ခါ သောက်ကြည့်ပါက အသက်သေစေနိုင်လောက်သော ပမာဏ မပါရှိက အသက်ချမ်းသာရာရမည်သာ။

မူးယစ်ဆေးဝါးကတော့ သည်လိုမဟုတ်၊ တစ်ကြိမ်တစ်ခါတည်းပါဆိုပြီး မတို့မထိလိုက်နှင့်။ မည်မျှသေး... သည့် ပမာဏဖြစ်စေ ဘဝပျက်ဖို့၊ သေမင်းခံတွင်းထဲ ... ဆင်းဖို့ကတော့ အသေအချာပင် ဖြစ်၏။

ဆေးကျောင်းသား လူငယ်ကား မိမိကိုယ် မိ... ယုံကြည်စိတ်ဖြင့် မူးယစ်ဆေးဝါး၏ အန္တရာယ်ကို အလေ... မမှုမိဟန် တူပါသည်။ ဤသည်၏ အကျိုးဆက်က သူ... မူးယစ်ဆေးဝါး တရားခံတစ်ယောက်အဖြစ် ကျရောက်... ရသည်ထိ ဆိုးဝါးခဲ့ရပါတော့သည်။

(လေး)

နှာမည်ရသီချင်းရေးဆရာအား ကျော်တော် စစ်...

www.burmeseclassic.com

www.burmeseclassic.com



နေစဉ်မှာပင် ဧည့်သည်တစ်ယောက် ရောက်လာသည်။

အသက် (၆၀) ကျော်အရွယ်အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်၊ ကော်လံကတုံး ရှပ်လက်ရှည်ဖြူပေါ်တွင် ပင်နီရောင် တကက်ထရက် တိုက်ပုံကို ထပ်ဝတ်ထား၏။

နူးညံ့အေးချမ်းသည့် မျက်နှာသွင်ပြင်ပေါ်၌ စိတ်ချမ်းမြေ့မှု၏ အမှတ်လက္ခဏာများ ထင်ဟပ်နေသည်။

ဝင်လာသူကို မြင်လိုက်သည်နှင့် သီချင်းရေးဆရာလေး၏ မျက်နှာရုတ်ချည်း ညှိုးငယ်သွားသည်ကို ကျွန်တော်သတိပြုမိလိုက်သည်။

"ကျွန်တော့် ဖေဖေပါ"

သီချင်းရေးဆရာလေးက တိုးညှင်းသောအသံဖြင့်ပြော၏။

"ဟုတ်ပါတယ်၊ ကျွန်တော်ဒီက မောင် ------ ရဲ့ ဖခင်ပါ။ ကျွန်တော့်နာမည်က -------ပါ"

သူ့အမည်၏ ရှေ့တွင် ကြီးထပ်တူရိယာ တစ်မျိုး၏ အမည်ပါယှဉ်တွဲလျက် ရှိသည်။

တေးရေးဆရာလေး၏ဖခင်ကား နိုင်ငံကျော်ဂီတ

www.burmeseclassic.com

www.burmeseclassic.com



အနုပညာရှင်ကြီးတစ်ဦးပါတည်း။

ကျွန်တော်ပင်လျှင် သူ၏ ဂီတလက်သံကို တရှိုက်မက်မက် နှစ်သက်စွဲလမ်းခဲ့ရပါသည်။

" ကျွန်တော် မြန်မာ့အသံက အငြိမ်းစားယူခဲ့ပြီးနောက်ပိုင်း သားလေးရဲ့ ဝင်ငွေအပေါ်မှာပဲ မှီခိုနေရပါတယ်။ သားလေးသာ တစ်ခုခုဖြစ်သွားရင်တော့ ကျွန်တော်တို့ မိသားတစ်စုလုံး အားကိုးရာမဲ့ကြမှာ ဖြစ်ပါတယ်"

ကျွန်တော်နှင့် အတန်ကြာမျှ စကားစမြည်ပြော၍ သားဖြစ်သူကိုလည်း စိတ်မဆင်းရဲရန် အားပေးစကား ပြော၏။

ထို့နောက် သူ ပြန်သွားပါသည်။

ဆေးကျောင်းသားလေးနှင့် သီချင်းရေးဆရာလေးကို စစ်မေးရင်းက ကျွန်တော် အကဲခတ်ကြည့်မိ၏။

ခံနိုင်ရည်အင်အားရှိသည်လား သို့မဟုတ် မူးယစ်ဆေးဝါးမသုံးစွဲခဲ့သည်မှာ ကြာ၍လားတော့ မသိ။

မူးယစ်ဆေးပြတ်လတ်သည့် လက္ခဏာ (ခေါ်ယင်းထသည့် လက္ခဏာမျိုး မတွေ့ရှိရပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နိုင်ငံတော်၏ အဆိုတော်လေးကို စစ်မေး သည့်အခါတွင်ကား တော်တော် အခြေအနေဆိုးပါသည်။

ဒူးတွေက တဆတ်ဆတ်တုန်ယင်နေ၏။

မျက်နှာတစ်ပြင်လုံး ချွေးသီးချွေးပေါက်တွေ ထွက် နေ၏။

မိနစ်အနည်းငယ်အတွင်းမှာပင် အနေအထားက ဆိုးလှပတော့။

ကျင်ကြီးကျင်ငယ်ကိုပင် ထိန်းနိုင်စွမ်း မရှိတော့ သဖြင့် သန့်စင်ဆေးကြောနိုင်ရန် အချုပ်ထဲ ပြန်ထည့်လိုက် ရသည်။

စစ်မေးခြင်းတွေ ပြီးဆုံးတော့ မူးယစ်ဆေးဝါး သုံးစွဲ ထားမှု ရှိ မရှိ စစ်မေးပေးပါရန် ဆရာဝန်ထံ ပို့ရ၏။

ရဲလုပ်ငန်းအားလုံး ပြီးစီးတော့မှ အင်းစိန်အကျဉ်း ထောင်သို့ ကျွန်တော်ကိုယ်တိုင် လိုက်ပို့ခဲ့ပါသည်။

" ကျွန်တော့်ကို စစ်မေးနေတုန်း မစင်တွေ ထွက်ကျ တဲ့အတွက် ဆရာ့ကို အရမ်းအားနာပါတယ်။ ခွင့်လွှတ်ဖို့ ည်း တောင်းပန်ပါတယ် "

www.burmeseclassic.com

www.burmeseclassic.com



အဆိုတော်လေးက ကျွန်တော့်ကို ပြောသည်။

" ရပါတယ်ကွာ၊ အစ်ကို ခွင့်လွှတ်ပါတယ် "

" ဗဟန်းအချုပ်ကို စရောက်တဲ့အချိန်က စပြီး ထောင်ပို့တဲ့ အခုအချိန်ထိ ကျွန်တော်တို့ စိတ်မဆင်းရဲခဲ့ ရပါဘူး။ ဒါကြောင့် တရားခံတစ်ယောက်လို သဘောမထား ဘဲ ကောင်းကောင်းမွန်မွန် ပြောဆိုဆက်ဆံခဲ့တဲ့ ဆရာ့တို့ ကျွန်တော် ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး"

" ညီလေးတို့က အခြေအနေအရ တရားခံ ဖြစ်လာ ရပေမယ့် ဒုစရိုက်သမားတွေ မဟုတ်ပါဘူးကွာ။

ပြီးတော့ အစ်ကိုကိုယ်တိုင်လည်း အနုပညာတို့ ချစ်မြတ်နိုးပါတယ်၊ အနုပညာသမားတွေကို လေးစားပါ တယ်"

သူတို့ကို အင်းစိန်ထောင်သို့ ပို့ပြီး ကျွန်တော် ပြန် လာခဲ့ပါသည်။

ရဲတစ်ယောက် အနေနှင့် ယေဘုယျတွက်ဆရလျှင် သူတို့သုံးယောက်စလုံးကို မူးယစ်ဆေးဝါး သုံးစွဲသူများဟု သတ်မှတ်ရမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မူးယစ်ရာဇာ၏ အိမ်သို့လာရောက်ခြင်းမှာ ဘိန်းဖြူ
သာ၀ယ်ခြင်းမှ တစ်ပါး အခြားမဖြစ်နိုင်။

သို့သော် ' မပြေးသော် ကံရာရှိ ' ဆိုသည့်စကား
အတိုင်း သူတို့တွင်လည်း ပြောစရာလေးတွေ ရှိပါလိမ့်မည်။

ငြင်းဆိုရမည့် အကြောင်းပြချက်များ ရှိပါလိမ့်မည်။

အဖြေကိုတော့ တရားရုံးကသာ ဆုံးဖြတ်လိမ့်မည်
ဖြစ်ပါသည်။

(ငါး)

ယခုဆိုလျှင် ထိုအဖြစ်အပျက်ဖြစ်ပွားခဲ့သည်မှာ
ဆယ်စုနှစ် တစ်စုကိုပင် ကျော်လွန်ခဲ့ပြီ ဖြစ်ပါသည်။

တရားရုံးတွင် အမှုရင်ဆိုင်စဉ်က သူတို့သုံးယောက်
လုံး ကံကောင်းခဲ့သည်ကို ကျွန်တော် အမှတ်တရရှိနေဆဲ။

သူတို့ထံမှ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ
ပုံး၀ သိမ်းဆည်းရမိခြင်း မရှိ၍ လည်းကောင်း၊

မူးယစ်ဆေးဝါး သုံးစွဲထားမှု မတွေ့ရကြောင်း မှူခင်း
ဆရာဝန်၏ ဆေးစာဖတ်ပြချက်အရ လည်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com



မူးယစ်ရာဇာ၏ အိမ်သို့ အခြား လူမှုရေးကိစ္စတစ်ခု ဖြင့်သာရောက်ရှိသွားခြင်း ဖြစ်ကြောင်း ခိုင်လုံသည့် သက် သေ သာဓကတို့ကို တင်ပြနိုင်၍ လည်းကောင်း အပြစ် ကျခံရခြင်းက လွတ်မြောက်သွားခဲ့ကြပါသည်။

သူတို့ လွတ်မြောက်မှုအတွက် ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား ထိုစဉ်က ကျွန်တော် မဝေခွဲနိုင်ခဲ့ပါ။

အဘယ်ကြောင့်ဆိုသော် မူးယစ်ဆေးဝါး၏ သား ကောင်ဘဝနှင့် အပြင်လောကတွင် နေရသည်ထက် မူးယစ် ဆေးဝါး မရရှိနိုင်သည့် အကျဉ်းထောင်ထဲ၌ နေရသည်က သူတို့၏ အသက်ရှင်သန်မှုကို ပိုမို အာမခံ နိုင်သောကြောင့် ဖြစ်ပါသည်။

ယခုအချိန်တွင်ကား ကျွန်တော် လွတ်လွတ်ကင်း ကင်း စိတ်ချမ်းသာနိုင်ပါပြီ။

ယနေ့ထုတ် ဂျာနယ်မဂ္ဂဇင်းတို့၏ စာမျက်နှာများ ပေါ်တွင် လည်းကောင်း၊ တီဗွီဗီဒီယို ဖန်သားပြင်ထက်တွင် လည်းကောင်း ကျွန်တော်နှင့် အခိုက်အတန့်ကြုံဆုံခဲ့ရ သည့် အဆိုတော်လေးနှင့် သီချင်းရေးဆရာမလေးတို့၏

www.burmeseclassic.com

www.burmeseclassic.com


ဟန်ပန်ကို တွေ့မြင်နေရသောကြောင့် ဖြစ်ပါသည်။

သူတို့နှစ်ယောက်စလုံး သူတို့ကျွမ်းကျင်ပျော်မွေ့ရာ နယ်ပယ်တွင် အောင်မြင်မှုကို ရရှိနေဆဲ။

ဤသည်ကပင် သူတို့နှစ်ယောက်စလုံး မူးယစ်ဆေးဝါးနှင့် ကင်းရှင်းခဲ့ပြီကို ပြသနေခြင်းဟု ကျွန်တော် ထင်သည်။

အမှုက လွတ်၍ မူးယစ်ဆေးဝါးကိုသာ ဆက်လက်သုံးစွဲနေသည်ဆိုပါက ဤမျှလောက် နှစ်အပိုင်းအခြားထိ သူတို့ အသက်ရှင်သန်နေနိုင်မည် မဟုတ်ပါ။

ကျွန်တော် မသိသည်မှာ ဆေးကျောင်းသားလေး၏ ကံကြမ္မာပင် ဖြစ်ပါသည်။

သူ့အဖော်နှစ်ယောက်လိုပင် မူးယစ်ဆေးဝါး ဖြတ်နိုင်ခဲ့ပါက ပညာထူးချွန်သောသူသည်လည်း အောင်မြင်သော ဘဝကို ရရှိပိုင်ဆိုင်နေမည်မှာ မလွဲ။

သူ၏ ဆေးသိပ္ပံပညာရပ်နယ်ပယ်တွင် ပါရဂူတစ်ဆူ ဖြစ်နေမည်မှာ မလွဲ။

တကယ်တော့ သူနှမ်းသည်က တစ်ကြိမ်တည်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com


ပါသည်။

သို့သော် သူနမ်းလိုက်သည့်ပန်းက မူးယစ်ပန်းဖြစ်နေ၏။

မူးယစ်ပန်းဆိုသည်က ကြေကွဲဖွယ် အနိဋ္ဌာရုံလွင်ပြင်တွေထိ ဆွဲခေါ်သွားတတ်သည့်ပန်း ဖြစ်ကြောင်း သူမသိမဟုတ်။

သိလျက်နှင့် ဝိဘက်ကြမ္မာငင်ခဲ့ခြင်းသာ ဖြစ်၏။ မနမ်းထိုက်သောပန်းကိုမှ သူနမ်းရှိုက်မိခဲ့ခြင်း ဖြစ်ပါ၏။

သူ မူးယစ်ဆေးဝါးဖြတ်နိုင်ခဲ့သလား။

အကယ်၍သာ မူးယစ်ဆေးဝါးမဖြတ်ဘဲ ဆက်လက် သုံးစွဲခဲ့သည်ဆိုပါက လူ့လောကဌ် သူ ရှိနိုင်တော့မည်မဟုတ်ပါ။

သူ့အကြောင်းကို ကျွန်တော်သိချင်စမ်းပါဘိတော့သည်။

◈◈◈

www.burmeseclassic.com

www.burmeseclassic.com

# ခွေကောင်

## (တစ်)

" ခွေကောင် . . . "

သည် ' ခွေကောင် ' ဟူသော အမည်နှင့်ပတ်သက်၍ စာရှုသူအား ကျွန်တော် မေတ္တာရပ်ခံလိုပါသည်။

" နားနှင့် မနာ ဖဝါးနှင့်နာပါ " ဟူ၍သာ

" ခွေကောင် " ဟူသော အမည်ကြောင့် (၁၉၈၅) ခုနှစ်က ရန်ကုန်တစ်မြို့လုံး ချောက်ချောက်ချားချား ဖြစ်ခဲ့ရ၏၊ စိုးရိမ်ထိတ်လန့်ခဲ့ကြရ၏။

ကြောက်ရွံ့မှုကို အခြေခံပြီး ပေါ်ထွက်လာသည့် ကောလာဟလများကလည်း ခွေကောင်ကို ပို၍ နာမည်ကြီးစေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တစ်နေ့ထက်တစ်နေ့ ကြီးထွားလာသည့် ခွေကောင်သတင်းနှင့် မြို့တော်ရန်ကုန်နေ လုပ်သားပြည်သူများ ထိတ်လန့်တကြားဖြစ်နေသည့် သတင်းက တာဝန်ရှိသူတွေဆီ ရောက်သွားသည်။

မမှန်ကောလာဟလသတင်းလား . . .

ဖြစ်ရပ်မှန်ပေါ်တွင် အခြေပြုသည့် သတင်းလား. . .

လေ့လာ ဆန်းစစ်ကြရတော့၏။

သည်မှာတင် မြို့နယ်ရဲစခန်းတစ်ခုက တက်လာသည့် နယ်မြေထူးခြားသတင်း အစီရင်ခံစာ တစ်စောင်ကို တွေ့ကြရသည်။

" ခွေကောင်ဟူသော အမည်ကြောင့် မြို့နယ်အတွင်းရှိ လုပ်သားပြည်သူအများ အထူးထိတ်လန့်စိုးရိမ်နေလျက်ရှိပါသည်။

ခွေကောင်သည် အမျိုးသမီးများအား ကာလ[illegible] ပျက်ဆီးစေရန် အကြံဖြင့် ညအချိန် ပုန်းလျှိုးကော[illegible]၍ နေအိမ်အတွင်း ဝင်ရောက်တတ်သူအဖြစ် သ[illegible]င်းများအရ

www.burmeseclassic.com

www.burmeseclassic.com


သိရပါသည်။

ကျယ်ပြန့်လျက်ရှိသည့် ခွကောင်သတင်းကြောင့် အရပ်သူအမျိုးသမီးများသာမက ပြည်သူ့ဝန်ထမ်း အမျိုးသမီးထုအတွင်းပါ အထိတ်တလန့်ဖြစ်လျက်ရှိကြောင်း တင်ပြအစီရင်ခံအပ်ပါသည် . . . ”

သည်သတင်းကို ကနဦးပေးပို့သူက အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ကောင်စီဝင်တစ်ဦးဖြစ်၏။

စော်ဘွားကြီးကုန်းရပ်ကွက်၊ ဂေါ်ရခါးကုန်းအတွင်း ဖြစ်ပေါ်လျက်ရှိသည့် ထူးခြားသတင်းကို ကျွန်တော်ထံ ပေးပို့၏။

အင်းစိန်မြို့နယ် နယ်ထိန်းအရာရှိဖြစ်သည့် ကျွန်တော်က ထိုသတင်းကို မြို့နယ်ဆက်ပို့၏။

မြို့နယ်မှ ဒုတိုင်း၊ ဒုတိုင်းမှ တိုင်းတပ်ဖွဲ့မှူးရုံးသို့ အဆင့်ဆင့် တင်ပြခဲ့ခြင်းဖြစ်သည်။

(ထိုအချိန်က “ မြို့နယ် ” နှင့် “ တိုင်း ” ကြားရှိ အဆင့်ကို “ ခရိုင်” ဟု မခေါ်ပါ၊ ဒုတိုင်းဟုသာ ခေါ်၏။ ဒေသခွဲများအလိုက် ဒုတိုင်း (၁)၊ ဒုတိုင်း (၂) ဟု ခွဲခြားခေါ်

www.burmeseclassic.com

www.burmeseclassic.com



ဝေါ်ကြရပါသည်)

"လုပ်သားပြည်သူများ တထိတ်ထိတ်၊ တလန့်လန့် ဖြစ်နေရခြင်းမှ အမြန်ဆုံး ကင်းဝေးဖို့လိုသည်။

"ခွကောင်" သတင်းနှင့် ပတ်သက်ပြီး အမြန်ဆုံး ဖော်ထုတ် ဖြေရှင်းရမည်. . .။

လုပ်ငန်းတိုးတက်မှုကို နေ့စဉ်တင်ပြရမည် . . ."

သည်ညွှန်ကြားချက်က တစ်ဆင့်ပြီး တစ်ဆင့် အောက်သို့ ပြန်ကျလာခဲ့သည်။

"အခြေအနေကတော့ ကိုယ်ဖော်တဲ့ဆေး ကိုယ်ပြန်စားနေရတဲ့ အခြေအနေပဲ ဆရာစောဟိန်း၊

ခွကောင်သတင်းနှင့် ပတ်သက်ပြီး အမြန်ဆုံး ဖော်ထုတ်ဖြေရှင်းဖို့ အထက်က ဖိအားပေးနေတယ်။

ဒါကြောင့် ဆရာစောဟိန်းနှင့် နယ်ထိန်းအဖွဲ့ ခွကောင် နောက်ကိုပဲလိုက်ပါ။

ခွကောင် မမိမချင်း စခန်းပြန် မလာပါနှင့် . . .

အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းက ထွက်လာခဲ့ ချိန်၌ တစ်စုံတစ်ခုကို ကျွန်တော် သတိပြုမိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တင်ပြလိုက်သည့် ခွကောင်သည် ကျွန်တော့် ဂုတ်ပိုးကို ခွမိသွားပြီဖြစ်ပါတော့သည်။

(နှစ်)

" ခွကောင်ဟာ လူမှ ဟုတ်ရဲ့လားမသိဘူး၊ မဟုတ်ဘူးလေ လူတော့ လူပါပဲ. . .၊

အဲဒီညက အသက်ရှူတအားကြပ်လို့ ကျွန်မ လန့်နိုးလာတယ်၊

လူတစ်ယောက်က သူ့ကိုယ်လုံးကြီးနှင့် ကျွန်မကို ဖိထားတယ်၊ တန်တော့ပါရဲ့နော် . . . "

မတံခွန်က ရှက်ရွံ့ဟန်၊ အားနာဟန်ဖြင့် လက်အုပ်လေးချီလိုက်၏။

" မတံခွန်ရယ်၊ တန်တော့တာတွေ ဘာတွေ လုပ်မနေပါနှင့်၊ နင့်ငါးသည်တန်းမှာ ပြောနေကျလိုပဲ ရှင်းရှင်းလင်းလင်းသာ ပြောပြစမ်းပါ. . .

ဒီခွကောင်ကို မမိရင် နင်တို့ငါတို့တတွေ အေးအေးနေကြရမှာ မဟုတ်ဘူး "

www.burmeseclassic.com

www.burmeseclassic.com



ဂေါ်ရခါးကုန်းကောင်စီ လူကြီးက မတံခွန် အကြောင်းသိသူပီပီ ဝင်ပြော၏။

သည်တော့မှ မတံခွန် ပြုံးဖြဲဖြဲဖြစ်လာသည်။

" အဟီး " တစ်ချက် ရယ်ပြီး သူ့စကားကို ဆက်၏။

" ကျွန်မ လူ . . . လူ . . . လို့ အော်ပြီး အပေါ်က ဖိထားတဲ့သူကို ဖမ်းဖို့ကြိုးစားတယ် . . .၊

ငါးရှဉ့်ကျနေတာပဲ ဆရာရယ်၊ သူ့ကိုယ်လုံးကြီးက ချောနေတယ်၊ ဘယ်လိုမှ ဖမ်းလို့မရဘူး၊ သူ့မှာ အကျီမပါ ဘူးဆရာ၊

' ဝုန်း ' ဆို အိမ်ပေါ်က ခုန်ဆင်းပြေးတယ်၊ လူတွေ ဝိုင်းလိုက်တာတောင် မမိဘူး . . .၊

ခြံစည်းရိုးတွေကို လွှားခနဲ လွှားခနဲ ခုန်ကျော်လိုက် တာများ ကျားတစ်ကောင်အတိုင်းပဲတဲ့ . . .၊

နောက်ဆုံး သစ်ပင်ပေါ်ကို မျောက်တစ်ကောင်လို တက်သွားတယ်တဲ့ . . .၊

အဲဒီသစ်ပင်ပေါ်မှာတင် ပျောက်သွားတယ်လို့ ပြော ကြတယ် "

www.burmeseclassic.com

www.burmeseclassic.com


" ခွကောင်က ဖိထားတဲ့ အချိန်မှာ နင့်ယောက်ျား တာလူးက ဘယ်ရောက်နေလို့တုန်း "

" သေနာတ ကျွန်မ ညာဘက်မှာလေ၊ ချက်အရက်တွေ မူးပြီးအိပ်နေတယ်၊

အိမ်မှာ ဒီပြဿနာတက်တာတောင် နံနက်လင်းမှ သူသိတာ "

" မတော်ခွန်ရယ်၊ နင်ကလည်း မူးနေတာပဲ မဟုတ်လား၊ ဒါကြောင့် ဒီအခြေအနေရောက်မှ နိုးတာပေါ့ "

" ကျွန်မက ညတိုင်း စားကောင်းရုံ၊ အိပ်ကောင်းရုံ သောက်ပဲ သောက်တတ်တာပါ လူကြီးရယ် "

" ခွကောင်ရဲ့ မျက်နှာကိုရော မြင်လိုက်ရသေးလား. . . "

" ဘယ်မြင်လိုက်ရပါ့မလဲတော်၊ တစ်ဆယ်သားတစ်ချပ် ဖြစ်နေလို့ ရေနံဆီမီးခွက်လေးတောင် ညလုံးပေါက်ထွန်းမထားနိုင်ပါဘူး "

"ဒါဆို တာလူးမဟုတ်မှန်း ဘယ်လိုလုပ်သိလဲ. . . "

" လူကြီး၊ ပေါက်တတ်ကရတွေ လျှောက်မေးမနေ

www.burmeseclassic.com

www.burmeseclassic.com



နှင့်၊ ကိုယ့်လင်မဟုတ်မှန်းတော့ ကိုယ်သိတာပေါ့တော့”

မတံခွန်က သူမပြန်မီ အမျိုးသမီး (၁၀) ဦး၏ အမည်များကို ပြောပြ၏။

“ ဒီကောင်မတွေ အကုန်လုံး ခွကောင်နှင့် ကြုံခဲ့ဖူးတဲ့သူတွေချည်းပဲ၊ သူတို့လင်တွေကို ကြောက်တာရယ်၊ ရှက်တာရယ်ကြောင့် ငြိမ်နေကြတာ . . .၊

ကျွန်မနှင့် ခွကောင်ရဲ့ သတင်းကြားမှ လာဖြီးရင်ဖွင့်လို့ သိရတာ ”

ဤကား ခွကောင်နှင့် နဖူးတွေ့၊ ဒူးတွေ့ကြုံခဲ့ရသည့် မတံခွန်၏ သည်းထိတ်ရင်ဖို အစစ်ခံချက်များပင် ဖြစ်ပါသည်။

(သုံး)

“ ခွကောင် နာမည်ကြီးသွားတာ မတံခွန်ကြောင့်လို့ ဆိုနိုင်တာပေါ့ . . . ”

ကျွန်တော်သည်လိုပင် မှတ်ချက်ပြုမိ၏။

အသက် (၃၀) ခန့် အသားညိုညို၊ တုတ်တုတ်နှင့် မတံခွန်သည် ဆယ်မိုင်ကုန်းပွဲကျဈေးတန်းတွင် ငါးရောင်း

www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်သည်။ သူ့တွင် မိဘပေးထားသည့် နာမည်ရှိသော်
ငည်း သူ့ယောကျ်ား တာလူးမှအပ မည်သူမျှ မသိတော့။

သူ့အမြဲတမ်း ရောင်းသည့် ငါးတံခွန်ကို စွဲပြီး
တံခွန်ဟုခေါ်ကြရာမှ အိမ်ထောင်စုစာရင်းတွင်ပါ မတံခွန်
ဖြစ်သွားခဲ့ရ၏။

သူသည် ငါးစိမ်းသည်ပီပီအာပေါင်အာရင်းသန်၏။
တားပြောလျှင် ကျယ်လောင် ပြောတတ်၏။

ခွေကောင်နှင့် သူ၏ ဇာတ်လမ်းကို ပျံကျဈေးတွင်
ဖာက်သည်ချသည်။

ဤသို့ဖြင့် ခွေကောင်အကြောင်းက ဈေးဝယ်သူ
များနှင့် ဈေးသည်များအကြား ရေပန်းစားသွား၏။

တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ သတင်း ဖြန့်ဝေ
ကြရင်း စိုးရိမ်ထိတ်လန့်စရာ ခွေကောင်အဖြစ်တစ်ပတ်
တွင်း ရောက်ရှိသွားသည်။

ထိုမှတစ်လအတွင်းမှာပင် ရန်ကုန်မြို့တော်တစ်ခု
ငုံးကို ချောက်ချောက်ချားချား ဖြစ်သွားစေတော့သည်။

အံ့ဩစရာကောင်းသည်မှာ မြို့တော်တစ်ခုလုံးကို

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ချောက်ချားစေခဲ့သည့် " ခွကောင် " ဟူသော အမည်မှာ ဆယ်မိုင်ကုန်း ပျံကျဈေးမှ ငါးစိမ်းသည် မတံခွန် စတင်ခေါ်ဝေါ်သုံးစွဲသည့် အမည်ဖြစ်နေခြင်းပင် ဖြစ်သည်။

စော်ဘွားကြီးကုန်းရပ်ကွက်အတွင်း ကျွန်တော်နှင့် နယ်ထိန်းအဖွဲ့ အခြေပြုလှုပ်ရှားလျက်ရှိသည်မှာ ရက်သတ္တ တစ်ပတ်ခန့်ပင် ကြာမြင့်ခဲ့ပြီဖြစ်၏။

မတံခွန်ဖော်ထုတ်ပေးခဲ့သည့် စာရင်းပါ အမျိုးသမီး များအား ဂုဏ်သိက္ခာမထိခိုက်စေရန် သတိပြု၍ ရပ်ကွက် ကောင်စီနှင့် ညှိနှိုင်းကာ တိတ်တဆိတ် ခေါ်ယူမေးမြန်းခဲ့ သည်။

ခွကောင် လျှို့ဝှက်ဝင်ရောက်ကျူးလွန်ခဲ့သည့် နေ အိမ်နှင့် အခင်းဖြစ်နေရာများကိုလည်း လေ့လာပြီးခဲ့ပြီ။

သေချာသည့်အချက်မှာ ရန်ကုန်တစ်မြို့လုံး ချောက်ချားနေသော်လည်း ခွကောင်လှုပ်ရှားသည့် နေ ကျက်က စော်ဘွားကြီးကုန်းအပိုင် ဂေါ်ရခါးကုန်းရွာ ထဲမှာပင်ဖြစ်သည်။

စာရင်းပါ အမျိုးသမီး (၁၀) ဦးစလုံး ဂေါ်ရခါးကုန်း

www.burmeseclassic.com

www.burmeseclassic.com


ရွာထဲမှာပင် ဖြစ်၏။

ငြင်းကွယ်သူ သုံးဦးမှအပ ကျန်အမျိုးသမီးအားလုံးက ခွကောင်နှင့် ကြုံတွေ့ခဲ့ကြရကြောင်း ဝန်ခံထွက်ဆိုခဲ့ကြသည်။

သူတို့ထံမှ ခွကောင်၏ အမူအကျင့် စရိုက်လက္ခဏာများ သိရ၏။

" စိတ္တဇတကျော့ရှုမို့များ ဒီလောက်အတင့်ရဲရဲ ကျူးလွန်နေတာလား "

ကျွန်တော် သည်လိုပင် တွေးမိသည်။

" ဝေါ်ရခါးကုန်းရွာရဲ့ အနေအထားနှင့် အခင်းဖြစ်အိမ်တွေကလည်း ခွကောင်ကို မလာလာအောင် ဖိတ်ခေါ်နေသလိုပဲ . . . "

တပ်ကြပ်ကြီးဝင်းလွင်ကပါ ဝင်ဆွေးနွေး၏။

" ဝေါ်ရခါးကုန်းတစ်ရွာလုံးမှာ အိမ်တိုင်း ခြံတိုင်းလိုလို သစ်ကြီးဝါးကြီးတွေ ထူထပ်ပေါက်ရောက်နေတယ်၊ အိမ် ခြံစည်းရိုးတွေကလည်း ကျိုးပဲ့ယိုင်နဲ့နေတယ်၊ အချို့နေရာတွေဆို ခြံစည်းရိုးမရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အခင်းဖြစ်တဲ့ အိမ်အားလုံး တဲသာသာ အိမ်တွေ၊ တံခါးပိတ် တံခါးရွက်မရှိကြဘူး၊

အဆိုးဆုံးကတော့ ဝေါ်ရခါးကုန်းရွာမှာ လျှပ်စစ်မီး လုံးဝမရှိခြင်းဘဲ၊

ဒီအချက်တွေကြောင့် ဒီကောင်ဟာ ပုန်းလျှိုးကွယ် လျှိုး နေနိုင်တယ်၊ ရဲရဲတင်းတင်းဝင်ရောက်ကျူးလွန်ပြီး လွယ် လင့်တကူ ထွက်ပြေးလွတ်မြောက်နိုင်တယ်။

ဒီပြစ်မှုတွေအတွက် ခွကောင်ဟာ နံပါတ် (၁) တရားခံဆိုရင် (၂) တရားခံက ကာယကံရှင်အမျိုးသမီး တွေပဲ၊

သူတို့အားလုံးလိုလို အရက်ကို ယောကျ်ားတွေနှင့် တန်းတူသောက်ကြတယ်၊ သောက်တာမှ အချို့ဆို ကိုယ် တိုင်ကို ချက်ပြီး သောက်တာ၊

အရက်မူးပြီး အိမ်ပေါ်မှာ ပိုးလို့ပက်လက်အိပ် အိမ်ကလည်း တံခါးမရှိ၊ ဘာမရှိ၊ သူတို့ကိုယ်တိုင်ကိုယ ခွကောင်ကို မလာလာအောင် ဖိတ်ခေါ်နေသလိုဖြစ်နေ တယ် ဆရာစောသိန်း "

www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်တင်စိုးနှင့် ရန်သိန်းတို့ကလည်း သူတို့မြင်သမျှ ဆွေးနွေး၏။

" အားလုံးကိုခြုံပြီး ကောက်ချက်ချရရင် ခွကောင်ဟာ တခြားရပ်ရွာက လာတာမဟုတ်ဘူး ဥက္ကဋ္ဌကြီးရေ၊

အိမ်ခြေ (၅၀) လောက်သာရှိတဲ့ ပေါဒီဂေါ် ရခိုင်တုန်းရွာထဲက စားနေကျ ကြောင်ဖားပဲဖြစ်ရမယ် "

သည်လိုနှင့် ရက်သတ္တ နှစ်ပတ်ကျော်ခဲ့ပြန်သည်။

ခွကောင်ကား မြုပ်ချက်သားကောင်းကာ ပေါ်မလာတော့ ကျွန်တော်တို့ လှုပ်ရှားနေသည်ကို သိရှိသွား၍လည်း ဖြစ်ဟန်တူ၏။

သို့သော် ကောလာဟလက ကြီးထွားနေဆဲ၊

" ညက ရန်ကုန်မြို့လယ်ခေါင်တိုက်ခန်းတစ်ခုမှာ ခွကောင်ဝင်လို့တဲ့ . . . "

" ကြည့်မြင်တိုင်မှာ ခွကောင်ကို ဝိုင်းဖမ်းတာ၊ ခွကောင်က အစွယ်တွေ ဖြဲပြီးလိုက်လို့ ပြန်ထွက်ပြေးလာခဲ့ရတယ်တဲ့ . . . "

သေသေချာချာ စဉ်းစားကြည့်ရင် အဓိပ္ပါယ်မရှိ၊

www.burmeseclassic.com

www.burmeseclassic.com



ယုတ္တိမဲ့မှန်းသိနိုင်ပေမယ့် လူတွေကတော့ စိုးရိမ်ထိတ်လန့်နေကြဆဲ . . .။

ခွကောင်တို့ မမိသေးသော်လည်း ကျွန်တော့်တွင် ခြေမြစ် ခိုင်လုံသည့် သတင်းတွေရှိသည်။

ထိုသတင်းတွေအရ ခွကောင်သည် ဂေါ်ရခါးကုန်းရွာထဲမှာပဲ ရှိရမည်။

တော်ရုံမပြေသည့် တဏှာစိတ္တဇကြောင့် မလွဲမသွေ လှုပ်ရှားလာမည်ဟုလည်း ယုံကြည်မိ၏။

ထို့ကြောင့် နည်းဗျူဟာကို ပြောင်းလိုက်သည်။

ခွကောင်သတင်းမေးမြန်းစုံစမ်းခြင်းကို ရပ်လိုက်သည် သာမက ဂေါ်ရခါးကုန်းမှပင် ကျွန်တော်တို့ ဆုတ်ခွာခဲ့၏။

စော်ဘွားကြီးကုန်းတစ်နေရာတွင် လျှို့ဝှက်နေကာ ည(၉)နာရီမှ ဂေါ်ရခါးကုန်းရွာသို့ ဝင်သည်။ ကောင်စီနှင့်ပူးပေါင်းကာ ခွကောင် လှုပ်ရှားမှုကို စောင့်ကြည့်၏။

နံနက် (၄/၅) နာရီထိုးမှ တိတ်တဆိတ် ပြန်ဆုတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် တစ်လကျော်လာခဲ့သည်။

ခွကောင် ငြိမ်နေဆဲ။

သည်တော့မှ ကျွန်တော်တစ်စုံတစ်ရာကို သတိရလိုက်၏။

" ထောင်ချောက် . . . "

" ထောင်ချောက်တစ်ခုဆင်ရမည်ဖြစ်သည် "

(လေး)

" လူ . . . လူ . . . လူ . . . လူ . . . "

မိန်းမတစ်ယောက်၏ အော်ဟစ်သံက ညအမှောင်ထဲတွင် အလန့်တကြား ပေါ်ထွက်လာ၏။

အချိန်က ညလယ်သန်းခေါင်ယံကျော်စပြုနေသည့်အချိန်။

ဂေါ်ရခါးကုန်းတစ်ရွာလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ကြိုတင်နေရာယူစောင့်ဆိုင်းနေသည့် ကျွန်တော်တို့အဖွဲ့က ထိုအိမ်ကို ချက်ချင်းပင် ဝိုင်းမိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကောင်စီလူကြီးများ ပူးပေါင်းပါဝင်သည့် ကျွန်တော်တို့အဖွဲ့ထံမှ ခတ်မီးရောင်တွေက အိမ်လေးဆီဖြာကျသွား၏။ သည်အိမ်က ကျွန်တော်တို့ ဆင်ထားသည့် ထောင်ချောက်ဖြစ်သည်။ ထောင်ချောက်အတွင်းသို့ ခွကောင်ဝင်လေပြီ။

အိမ်လေးထဲက လူတစ်ယောက် ခုန်ချပြေးထွက်လာ၏။

သူ့လှုပ်ရှားမှုက သွက်လက်မြန်ဆန်လွန်းလှသည်။

ခတ်မီးရောင်တွေက သူ့နောက်က ထပ်ချပ်မခွာ. . .။

တခဏအတွင်းမှာပင် လုံးထွေးသတ်ပုတ်သံများကြားလိုက်ရ၏။

ကျွန်တော်တို့ ရောက်သွားချိန်၌ တပ်ကြပ်တင်စိုးနှင့် ရန်သိန်းတို့က လူတစ်ယောက်ကို ချုပ်နှောင်ထားပြီးလေပြီ။

အသားညိုညို၊ ပုပုတုတ်တုတ်၊ ဆံပင်ကောက်ကောက်နှင့် အသက် (၂၀)ကျော်ခန့် လူတစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်ကိုယ်လုံးတွင် ဘောင်းဘီတိုလေးတစ်ထည်သာ ဝတ်ထားသည်။

ထူးခြားသည်က သူ၏မျက်လုံးများ၊ မျောက်တစ်ကောင်၏ မျက်လုံးတွေလိုပင် ဟိုကြည့် သည်ကြည့်ဂနာမငြိမ်နှင့်။

" အလိုလေး . . . လေး . . . ရန်ကုန်တစ်မြို့လုံးစိုးရိမ်ထိတ်လန့်နေရတဲ့ ခွကောင်ဟာ မင်းဖြစ်နေပါလားမောင် ----- ရယ်၊

အံ့သြစရာပဲ ဆရာတော်သိန်းရေ၊

သူ့ကို ပေါချာချာ၊ ကြောင်တောင်တောင်မို့ဂေါ်ရခါးရွှာထဲမှာ လူရာတောင် သိပ်မသွင်းကြပါဘူး . . . "

တောင်စီလူကြီးမင်း၏ စကားမှန်ပါလိမ့်မည်။

ပုံမှန်အသိဉာဏ်မဟုတ်၍သာ သူတကာ ရှုံ့ချအထင်သေးသည့် ပြစ်မှုမျိုးကို အရှက်အကြောက်ကင်းစွာဆင်ခြင်တုံတရားမဲ့စွာ ထပ်ခါ တလဲလဲကျူးလွန်ခြင်း ဖြစ်ပေမည်။

" အရှုံးအပေါ်ဆိုရင်တောင် အလွန်ပါးနပ်တဲ့အရှု

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ပဲ ဆရာစောသိန်း။

အလွယ်တကူ ဖမ်းချုပ်လို့မရအောင် အဝတ်အစား မဝတ်တာပဲကြည့်၊ လူ့ကလည်း တုတ်ခိုင်သန်မာ၊ ကိုယ်လုံး မှာလည်း ချေးတွေ ရွှဲနေလို့ ကျွန်တော်တို့တောင် မနည်းဖမ်း ချုပ်ယူရတယ် . . . ”

တပ်ကြပ်တင်စိုးက ပြော၏။

ကျွန်တော်က နံနက်မိုးလင်းသည်နှင့် ဆယ်မိုင်ကုန်း ပျံကျဈေးထဲတွင် “ ခွကောင်ဖမ်းမိပြီ ” ဆိုသည့် သတင်းကို အားရပါးရ ပြောနေမည့် မတံခွန်၏ အသံကျယ်လောင် ကျယ်လောင်ကိုသာ ကြားယောင်နေမိ၏။

မည်သို့ပင် ဖြစ်စေ ခွကောင်ဖမ်းဆီးရမိလိုက်သဖြင့် ကျွန်တော်နှင့် နယ်ထိန်းအဖွဲ့ စခန်း အပြန်လှည့်ခဲ့ပါ၏။

ရောက်သည်နှင့် မြို့နယ်မှူးရုံးသို့ သတင်းပို့လိုက် သည်။

ချက်ချင်းလာရောက် တွေ့ဆုံရန် ကျွန်တော့်ကို ခေါ်၏။

“ ခွကောင်မိခဲ့လို့ ခိုးကျူးတာ ခံရမလား ဒါမှမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်လခွဲလောက်ကြာခဲ့လို့ပဲ ထုချေလွှာတောင်းခံရမလား၊ တစ်ခုခုတော့ တစ်ခုခုပဲ ”

သို့သော် ခိုးကျူးခြင်းလည်း မခံရ၊ ပြစ်တင်ခြင်းလည်း မခံရနှင့် ကျွန်တော်ထင်သလို ဘာတစ်ခုမှ မဖြစ်ခဲ့ပါ . . .။

ရုံးခန်းထဲဝင်၊ အလေးပြုအရိုအသေပေး၍ ရောက်ရှိကြောင်း သတင်းပို့လိုက်သည်နှင့် မြို့နယ်မှူးကြီးပြောသည့် တစ်ခွန်းတည်းသော စကားမှာ . . . ”

“ လှိုင်မြစ်ကမ်းက စက်မှု (၁) ဂိုဒေါင်၊ ညက ဖောက်ထွင်းခံရပြီး ကားသုံးစီးတိုက်လောက် ပစ္စည်းတွေ ပါသွားတယ်။ ဒီကိစ္စကို ညစောင့်က လုံးဝမသိဘူးတဲ့၊

အဲဒီအမှုကို ပေါ်အောင် ခုချက်ချင်း ထွက်ပြီး ဆရာစောသိန်းနှင့် နယ်ထိန်းအဖွဲ့ စုံစမ်းဖော်ထုတ်ပါ။

တရားခံ မမိမချင်း စခန်းပြန်မလာပါနှင့် ” ဟူ၍သာ ဖြစ်ပါတော့သည်။

◈◈◈

www.burmeseclassic.com

www.burmeseclassic.com

## ပျော့ . . . ပျော့ . . . ဝေမ

(၁)

ဝေမတစ်ယောက်ကား ပျောက်ချက်သားကောင်းလှချေ၏။

ကျွန်တော်တို့ ရွှေနေရုံးခန်းဘက် ရောက်မလာသည်မှာပင် ရက်အတန်ကြာခဲ့ပြီ။

ကျွန်တော့်စိတ်အထင် ရက်သတ္တပတ် (၃) ပတ်လောက်တော့ ရှိရော့မည်။

ကျွန်တော်တို့ ရွှေနေတစ်စုဆုံတိုင်း စကားစပ်မိတိုင်း . . .။

ဝေမ . . . သူမြို့ပြန်သွားတာများလား ”

“ အင်းနေ့ . . . ဒီကောင်မလေး ဘာကြောင့်ပေါ်မလာတာပါလိမ့် ”

www.burmeseclassic.com

www.burmeseclassic.com



"ဝေမတစ်ယောက် နေလို့မှ ကောင်းရဲ့လား"

သည်လိုစကားတွေနှင့် ဝေမကို တသသ, သတိရ နေကြ၏။

ကျွန်တော်တို့ သည်သို့သည်နှယ် သတိရ တသ, နေသည့် ဝေမကား စင်စစ် ကျွန်တော်တို့၏ အမှုသည် တစ်ယောက်မဟုတ်။ ထိုနည်းတူပင် ကျွန်တော်တို့ထံတွင် အလုပ်သင်ရှေ့နေမလေး တစ်ဦးလည်းမဟုတ်ပါ။ ရိုးရိုး အရပ်သူတစ်ဦးဖြစ်ပြီး အမှုသည်တစ်ဦးနှင့်အတူ ကျွန်တော် တို့ ရုံးခန်းသို့ ရောက်ဖူးရာက နောက်ပိုင်းတွင် ကျွန်တော် တို့ရုံးခန်းကို ဓာတ်ကျသွားခြင်း ဖြစ်ဟန်တူပါသည်။ ရုံးပိတ် ရက်ကလွဲပြီး နေ့တိုင်းလိုလို သူမရောက်လာတတ်၏။ ပြုံး ရယ်ရွှင်ပြ စကားတွေ ဖောင်ဖွဲ့တတ်၏။ သူမ၏ ထူးခြား ချက်မှာ မည်သူ့ကိုမဆို တစ်ကြိမ်တည်း တွေ့ရုံနှင့် ငယ် ပေါင်းကြီးဖော် မိတ်ရင်းဆွေရင်းပမာ ခင်မင်သွားအောင် ပြောတတ်ဆိုတတ်ခြင်းပင်ဖြစ်သည်။

ဝေမ ရောက်လာပြီဆိုလျှင် ဘယ်သူမှ မပျင်းကြရ တော့ . . .

www.burmeseclassic.com

www.burmeseclassic.com



သူမကချည်း ဒိုင်ခံကာ ဟိုအကြောင်း၊ သည်အကြောင်း၊ သောင်းပြောင်းထွေလာ စပ်မိစပ်ရာ ပြောပြတတ်၏။

သူမပြောပြသည့် အထဲတွင် ကုန်ဈေးနှုန်းအကြောင်း၊ ဇာတိကြောင်း၊ ငယ်ငယ်က သူငယ်ချင်းတွေအကြောင်း စုံတကာစေ့အောင် ကြားရသည်။

ရံဖန်ရံခါ မဟုတ်သော ကောလာဟလတွေကိုပင် တစ်ဆင့်ကြားနှင့် အဆစ်သယ်လာတတ်သေးသည်။

စကားအရာ၊ ဥပဒေအရာတွင် ပညာရှိမင်းများဟု သမုတ်ခံရသည့် ကျွန်တော်တို့ ရှေ့နေတစ်စုမှာ သူမ၏ စကားအလျှင်ကို ဖြတ်တောက်တိုးဝင်၍ မရဘဲ စကားဖြည့် စကားထောက်လောက်သာ ပြောခွင့်ရကြသည်။

တစ်ခါတစ်လေ ကျွန်တော်တွေးတောမိခဲ့ဖူးသည်။

" ကျွန်တော်တို့ ရုံးခန်းကို ဝေမ ဘာကြောင့် နေ့စဉ်လာနေရသလဲ " စားချင်၊ သောက်ချင်၍တော့ လုံးဝမဟုတ်နိုင်။

သူမလာ၍ လက်ဖက်ရည် တိုက်တိုင်း ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ ရှင်းသည်ကို လက်မခံ။ သူမကသာ ရှင်းသည်။ ရှင်းသည်မှ ကျွန်တော်တို့ စားထား သောက်ထားတာတွေရော၊ အမှုသည် အချို့ကို ကျွန်တော်တို့ညှော်ခံထားတာရော တွေ့သမျှ စုပြီး အကုန်ရှင်းတတ်၏။

ထိုမျှမကသေး၊ ရုံးခန်းရှေ့မှ ဖြတ်သွားသော ရာသီသီးနှံသည်လေးတွေထံမှလည်း ဝယ်ခြမ်းကျွေးမွေးတတ်သေး၏။

ကျွန်တော်တို့ လက်ဖက်ရည်ဖိုး၊ မုန့်ဖိုး ရှင်းခွင့်ရသည်ဆိုလျှင်လည်း ဆယ်ကွေ့တစ်ကွေ့၊ ဆယ်ရေးတစ်ရေးသာ ဖြစ်ပါလိမ့်မည်။

ဤသည်ကား ကျွန်တော်တို့ ရုံးခန်းသို့ သူမ ရောက်လာခြင်းသည် စားချင်၊ သောက်ချင်၍ လာခြင်းမဟုတ်ကြောင်း ထင်ရှားနေပေသည်။

ဤသို့ဆိုလျှင် ဘာကြောင့် သူမလာနေရသနည်း။ ကျွန်တော်မသိပါ။

သူမကို မေးကြည့်တော့ 'ခင်လို့ပေါ့ ' ဟုပဲ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



" ဝေမ အလုပ်က ညနေပိုင်းမှ ရှိတယ်ဆရာရဲ့ နေ့လည်နေ့ခင်းဘက် အားလပ်နေတော့ ဆရာတို့ ရုံးခန်းဘက်ပဲ လာနေမိတာပေါ့။ ဘာလဲ ဝေမ လာရင် အလုပ်ရှုပ် လို့လား "

မျက်ဝန်းနက်ကလေး ထောင့်ကပ်၍ မကျေမနပ် ဟန်ဖြင့် တုံ့ပြန်မေးခွန်းမေးကာ စိတ်ကောက်ဟန်ဆောင် တတ်၍ ကျွန်တော်တို့မှ ပြေရာပြေကြောင်း စကားများတို့ လျှော့ချရပြန်၏။

နောက်ဆုံးတော့ ကျွန်တော်မှတ်ချက် တစ်ခုပြုမိ သည်။

ဝေမသည် ရပ်ကွက်ထဲတွင် ချောင်ချောင်လည် လည် ရှိဟန်တူ၏။ အရင်းအနှီးနည်း၍ ငွေလိုသော ခေါင်းရွက်ဗျပ်ထိုး၊ လက်လုပ်လက်စားဈေးသည်လေးများ အား နေ့ပြန်တိုး၊ မတ်တိုးဖြင့် ငွေချေးကြောင်း သူမ ပြောဖူး သည်။

ငွေရှိသော်လည်း ပညာအခြေခံအားနည်းဟန် တူ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရှေ့နေတစ်စုနှင့် ရင်းရင်းနှီးနှီး၊ ခင်ခင်မင်မင် ရှိသည့်အတွက် သူမ၏ လူမှုဝန်းကျင်တွင် ဂုဏ်တစ်ရပ်အဖြစ် သူမ ခံယူပေလိမ့်မည်။

ဟုတ်၊ မဟုတ်၊ မှန်မမှန်အတိအကျ ပြောရန်ခက်သော်လည်း ကျွန်တော်ကတော့ သည်သို့ နှယ်ပင် မှတ်ချက်ချခဲ့၏။

မည်သို့ပင် ဖြစ်စေ၊ ဝေမတစ်ယောက် ကျွန်တော်တို့ထံ လာနေခြင်းကြောင့် ကျွန်တော်တို့အားလုံး အကျိုးစီးပွားထိခိုက်နစ်နာရန်အကြောင်းတစ်စွန်းတစ်စမျှ မရှိခဲ့ပါ။

မကြာခဏဆိုသလို သူမခေါ်လာတတ်သည့် အရောင်းအဝယ်စာချုပ်၊ အငှားစာချုပ်၊ လက်ထပ်စာချုပ်ချုပ်ဆိုလိုသူများ တရားရုံးတော်တွင် အမှုအခင်းနှင့် ရင်ဆိုင်နေကြရသူများနှင့် ပတ်သက်၍ပင် ဥပဒေအကျိုးဆောင်ခရတတ်သေး၏။

သူမ ခေါ်လာသည့် အမှုသည်များအတွက် ထုံးစံအတိုင်း လက်ဖက်ရည်တိုက်သည်ကိုပင် အတင်းအကျပ်တိုက်မှ သောက်တတ်သော ဝေမပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဘဝကလည်း မလွယ်ရေးချမလွယ်လှ။

ခေါ်တော့သာ ပညာရှိ ဥပဒေအကျိုးဆောင်ရှေ့နေကြီး၊ အမှန်တကယ်မှု သူများရင်ထဲက မီးအပူကိုယ့်ရင်ထဲ ပြောင်းထည့်နေရသူ။

သူများအမှု ကိုယ့်အမှု လုပ်နေကြရသူများသာ ဖြစ်သည်။

ဝေမသည် ကျွန်တော်တို့ ရင်ထဲက မီးအပူကို တဒင်္ဂတော့ လျော့နည်းသက်သာစေ၏။

အမှုမှန်သမျှကိုလည်း တစ်ခဏမေ့ပျောက် သွားစေ၏။

သူမပြောပြသည့် ပေါ့ပေါ့ပါးပါးအကြောင်းအရာတွေထဲ လိုက်ပါမျော်ဝင်ရင်း အခိုက်အတန့်တော့ ကျွန်တော်တို့ ကိုယ်စိတ်နှလုံးတွေပါ ပေါ့ပါးရ၏၊ ဖိအားတွေထဲက လွတ်မြောက်ခွင့် ရကြ၏၊ အခိုက်အတန့်မျှ ငြိမ်းချမ်းမှုရသလို ခံစားရ၏။

ထို့ကြောင့်လည်း အလုပ်မရှိ အလုပ်ရှုပ်ပြီး ဝေမ

www.burmeseclassic.com

www.burmeseclassic.com



လာနေခြင်းအပေါ် ကျွန်တော်တို့ အားလုံးလိုလိုလားလား လက်ခံခဲ့ကြခြင်းဖြစ်ပါသည်။

ခုတော့၊ ဝေမ တစ်ယောက် ပျောက်ချက်သား ကောင်းလှသည်။

ကျွန်တော်တို့ ရုံးခန်းဘက် ရောက်မလာသည်မှာ ပင် ရက်ပေါင်း အတန်ကြာခဲ့ပြီ။

သီချင်းတစ်ပုဒ်ထဲက စာသားလို ' မခေါ်ပဲလာ၊ မနှင်ပဲပြေးလေပြီလား ' မသိတတ်နိုင်တော့ပါ . . .။

(၂)

" ဝေမရဲ့ ငယ်ဘဝက အရမ်းကြမ်းတမ်း ခက်ခဲလွန်း လှပါတယ် ဆရာ . . .

အဖေရယ်၊ နို့ညှာညီမလေးရယ်၊ အငယ်ဆုံးနို့စို့ အရွယ် မောင်လေးရယ်၊ သုံးယောက်စလုံး ကားမှောက် တဲ့အထဲပါပြီး တစ်ပြိုင်တည်း တစ်နေ့တည်းဆုံးပါးသွား ကြတယ်. . .။

အမေလည်း အဲဒီအချိန်က စပြီး စိတ်နောက်သွား

www.burmeseclassic.com

www.burmeseclassic.com



တာပဲ . . .။

အဲဒီအချိန်မှာ ဝေမက (၁၀) နှစ်သမီးပဲ ရှိသေးတယ်။ လေးတန်းတက်နေတုန်းပေါ့ . . .”

ဝေမအသံက ဆွေးရိပ်သမ်းနေသည်။

ကော့ရှန်းသော မျက်တောင်ရှည်ကြီးများအောက်က မျက်ဝန်းအစုံသည်လည်း မှိုင်းမှုံ့ရီဝေနေဟန် ရှိ၏။

သူမ၏ ဆွေးရိပ်တွေ၊ ရီဝေမှုတွေက အုသဲနှလုံးကျွဲပုခုံးထနေသည့်ကျွန်တော်တို့ကိုပင် ဖမ်းစားနိုင်လိုက်သည်။

ဂရုဏာစိတ်၊ သနားကြင်နာစိတ်ဖြင့် ကျွန်တော်တို့ ငြိမ်သက်စွာ နားထောင်နေခဲ့ရ၏။

“ အိမ်မှာ စိတ်ဝေဒနာသည် အမေရယ်၊ ဝေမရယ်၊ ဝေမအောက် အငယ်မနုနုရယ်ပဲ ရှိတော့တာယ် . . .

အမေက စိတ်ဝေဒနာသည်ဆိုတော့ ဘာမှ မလုပ်နိုင်တော့ဘူး။ နုနုလည်း ငယ်သေးတော့ မိသားစု ထမင်းမငတ်ဖို့ ဝေမတာဝန်ကျလာတာပေါ့ဆရာ . . .

အရင်က မနက်လင်းတာနဲ့ ကျောင်းသွားဖို့ မမောနိုင်မပမ်းနိုင်အလှပြင်ရတဲ့ဝေမ၊ ဈေးသွားဖို့ဟင်းရွက်ဗန်းကို

www.burmeseclassic.com

www.burmeseclassic.com



ငြင်ရတယ်။ အရင်က မျှော့တွေ ကျွတ်တွေ ကြောက်လို့ ခရေပပ်ပေပ်တွေ့ရင်တောင် ကြောက်လန့်တကြား အမြေး အလွှား ကူးခဲ့ရတဲ့ဝေမ၊ လယ်ဆဲမှာ ကောက်စိုက်နေရပြီး တောထဲမှာ ကန်စွန်းရွက် ရှာဆူးနေရပြီး၊ ချောင်းတွေမြောင်း တွေထဲမှာ ငါးပက်နေရပြီ၊ ဘဝတွေက အဲလိုကြမ်းခဲ့ တာ. . .

အံ့မယ်၊ ဆရာတို့ ငိုနေကြတာလား။ ငိုတော့ မငိုပါ ခဲ့နော်၊ ရှေ့နေတို့မျက်ရည် မြေဝယ်မကျကောင်းဘူးတဲ့ ဆရာ. . .”

ပောကြည့် ဒီမှာ ဂရုဏာတွေ ကြင်နာသနားမှု တွေနဲ့ အဆွေးဖီလင်တက်နေတုန်း သူမက ရုတ်တရက် အရွှန်းဖောက်ချလိုက်သည်။

လူရွှင်တော် လွမ်းတာကို လိုက်လွမ်းမိသူလို လွမ်းနေရင်းက ဟာသထဖောက်လိုက်တော့ လိုက်လွမ်းသူ တို့ရှုံးတန်း ဖြစ်သွားရသည်မျိုး၊

တတ်လည်းတတ်နိုင်တဲ့ ဝေမပါ။

နောက်ပိုင်းတွင် ဝေမအိမ်ဖော်အလုပ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့မြို့က တရုတ်သူဌေးလင်မယားအိမ်မှာ ဖြစ်သည်။

တရုတ်သူဌေးလင်မယားက အလုပ်ကြိုးစားသော ရိုးသားသော ကျိုးနွံသော၊ ဝေမလေးကို သဘောကျ၏။ ချစ်၏။

နှစ်သစ်ကူးရက် တစ်ရက်သူတို့ ပြည်မကြီးသို့ အလည်သွားသောအခါ ဝေမပါ ပါသွားခဲ့သည်။

ပြည်မကြီးရှိ သူဌေးလင်မယား၏ ဆွေမျိုးတွေက လည်း ဝေမကို သဘောကျ၍ ခေါ်ထားလိုကြ၏။

ဤသို့ဖြင့် သူဌေးလင်မယားမြန်မာပြည်အပြန်တွင် ဝေမကား တာ့ ပြည်မကြီးမှာ ကျန်ခဲ့ရတယ်။

ဝေမ ပြည်မကြီးမှာ အိမ်ဖော်လုပ်ရသည်။ နောက် ဝေမကို တရုတ်စကား သင်ပေးပြီး သူတို့ ပိုင် စတိုးဆိုင်ကြီး မှာ ခိုင်းပြန်သည်။

ဝေမ၏ လုပ်အားခထဲက အချို့ကို မြန်မာပြည်ရှိ တရုတ်သူဌေးလင်မယားထံပို့ပေးရ၏။ သူတို့ကမှ တစ်ဆင့် ဝေမ၏ မိခင်နှင့် ညီမလေးတို့၏ စားဝတ်နေမှုအတွက် စီစဉ်ပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်မကြီးတွင် (၅) နှစ်ခန့် လုပ်ပြီး စိတ်ဝေဒနာရှင် မိခင်ကြီးအား ဆေးကုသရန် ဝေမ မြန်မာပြည်သို့ အပြီး ပြန်လာခဲ့သည်။

ထိုအချိန်၌ ဝေမအသက် (၂၀) ကျော်နေပေပြီ။

ပါလာသည့် ငွေကြေးဖြင့် မိခင်ကြီးကို ဆေးကုပေးသည်။ သူတို့မြို့မှာ ခြံဝန်းဝယ်ကာ အိမ်ကောင်းကောင်းတစ်လုံး ဆောက်ပေးသည်။

သူမကတော့ ရေကြည်ရာမြက်နုရာ ဖြစ်သည့် ရန်ကုန်မြို့မှာ တိုက်ခန်းတစ်ခန်းငှားနေကာ ငွေတိုးပေးစားခြင်းဖြင့် စီးပွားရေးအဆင်ပြေလျက်ရှိ၏။

ဤသည်တို့ကား ဝေမ ပြောပြသော သူမဘဝဇာတ်အကြောင်းခရောင်းလမ်းပင် ဖြစ်သည်။

ကျွန်တော် ဝေမကို ချီးကျူးမိပါသည်။

စိတ်ဝေဒနာသည် မိခင်အိုအား လုပ်ကျွေးနေသော သမီးကောင်းတစ်ယောက် အနေဖြင့်ရော။

ဘဝကန္တာရတွေကို ဖြတ်ကျော်ပြီး သည်အနေအထိ ရောက်အောင် တက်လှမ်းနိုင်သည့် ကြိုးစားသည့်အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက်အနေဖြင့်ရော ဖြစ်ပါသည်။

ပြန်ချိန်နီးတော့ ဝေမက ဓာတ်ပုံနှစ်ပုံထုတ်ပြ၏။

ဆိဒ်ိုးနားဟော်တယ်နှောတီခံဖြင့် သူမမတ်တပ်ရပ်နေသည့်ပုံနှင့် အခန်းမျက်နှာကြက်တွင် ချိတ်ဆွဲထားသည့် မီးရောင်စုံအလှမန်းဆိုင်းကြီးအောက်တွင် သူမရပ်နေသည့် ပုံများဖြစ်သည်။

" ဆိဒ်ိုးနားက မဂ်လာဆောင်သွားရင်း အမှတ်တရ ရိုက်ထားတဲ့ပုံတွေလေဆရာ၊ ဝေမလှတယ်နော် အဟဲ. . "

ကြွားလည်း ကြွားချင်သည် ရှက်လည်း ရှက်နေသည့်ဝေမ။

" လှပါပေ့၊ ချောမါပေ့ဗျာ " ဟု အလိုက်သင့် မောင်အညီးရှော်ရ၏။

" မင်္ဂလာဆောင်က သတို့သမီးအတုနဲ့ ဆောင်ရတာလေ ဆရာ"

လုပ်ပြန်ပြီ ဝေမကတော့ သူမိဇ္ဈပြောလိုက်ပုံမှာ အဆန်းတကြယ်ချည်း။

ပြောပါဦးဝေမရ ဘယ်လိုဖြစ်တာတုန်း

www.burmeseclassic.com

www.burmeseclassic.com



" သတို့သမီးက မန္တလေးကလေ မင်္ဂလာအခမ်းအနား ကျင်းပမယ့် အဝင်နေ့မှာ ရည်းစားနဲ့ လိုက်ပြေးသွားတယ် . . .

ဖိတ်စာကလည်း ဝေပြီးပြီ အစစအရာရာကလည်း စီစဉ်ပြီးသားဆိုတော့ သတို့သမီးအတုရှာပြီး မင်္ဂလာပွဲလုပ်ရတာပေါ့ဆရာ . . .

သတို့သားနဲ့ ကျောင်းနေဖက် သူငယ်ချင်းမလေးတစ်ယောက်က သတို့သမီးအတုအဖြစ် အကူအညီပေးတယ်။

သူငယ်ချင်းမလေးကလည်း ချောတာမှ အိနေတာပဲ။ ဒါပေမယ့် နှမ်းပါးတယ် . . .

ဒါကြောင့် လက်ထပ်ပွဲပြီးတာနဲ့ ကွာရှင်းကြောင်းသက်မှတ်ထိုးရမယ်။ သူငယ်ချင်းမလေးကိုလည်း အတုအဖြစ် သရုပ်ဆောင်ခ (၁၅) သိန်းပေးမယ်လို့ ကတိ စာချုပ်လုပ်ကြရတယ်တဲ့ဆရာ "

ဝေမ သယ်လာတဲ့ ဇာတ်လမ်းက ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလိုပဲ ဆန်းကြယ်လှချည်လား ဝေမရယ်။

www.burmeseclassic.com

www.burmeseclassic.com



" ဇာတ်က မပြီးသေးဘူးဆရာရဲ့ ခုမှ အရမ်းကောင်းခန်းရောက်နေတယ်။

" ဆက်ပါဦး "

ဘာရယ်မဟုတ် ဖြစ်တောင့်ဖြစ်ခဲ ကိစ္စတစ်ခုအဖြစ်ကျွန်တော်တို့ အားလုံး စိတ်ဝင်တစားဖြစ်နေရသည်။

" လက်ထပ်ပွဲပြီးတဲ့ညနေမှပဲ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲကြောင်း လက်မှတ်ရေးထိုးပြီး သူငယ်ချင်းမလေး ထွက်သွားတယ်။ သတို့သမီးအတု သရုပ်ဆောင်ခ (၁၅) သိန်းလည်း ယူမသွားဘူးတဲ့ "

လှလိုက်တဲ့ ဇာတ်လမ်းပါလား ဂေမရယ်။

ခု သတို့သားက သူငယ်ချင်းမလေးကို အသဲအသန် လိုက်ရှာနေပြီ "

" ငွေ (၁၅) သိန်းပေးဖို့ မဟုတ်လား . . .

မဟုတ်ဘူးဆရာရေ သူငယ်ချင်းမလေးကိုပဲ ရိုးရိုးကျပေါင်းတော့မယ်တဲ့ . . .

သူ့အပေါ် အနစ်နာခံခဲ့တာတွေကို စဉ်းစားမိပြီး အကြင်နာတွေ မေတ္တာတရားတွေ ပေါက်ဖွားလာတယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တူပါရဲ့။

ဝေမက သူ့စကားကို အဆုံးသတ်လိုက်သည်။

ထိုအချိန်က ကျွန်တော် ဖတ်ခဲ့မှတ်ခဲ့ဖူးသည့် စာကြောင်းတစ်ကြောင်းကို ဝေမအား ကျွန်တော်ရွတ်ပြခဲ့သေးသည်။

" အချို့သော တစ်ကာယ်ဖြစ်ရပ်တွေက စိတ်ကူးယဉ်ဇာတ်လမ်းတွေထက် ဆန်းကြယ်ထူးခြားတယ်ဆိုတာ ဒါမျိုးပေါ့ ဝေမရယ်"

(၃)

" မင်္ဂလာပါဆရာ "

" မင်္ဂလာပါကွယ်သမီးတို့ လာကြ၊ ထိုင်ကြ "

မင်္ဂလာ နှုတ်ခွန်းဆက်ရင်း ဌာနဆိုင်ရာ ရုံးဝန်ထမ်းသမီးငယ်နှစ်ယောက် ကျွန်တော်ရုံးခန်းထဲ ဝင်လာကြသည်။

ကျွန်တော်က တုန့်ပြန်နှုတ်ခွန်းဆက်၍ နေရာထိုင်ခင်းပေး၏။ သူတို့လေးတွေမှာ ကျွန်တော့်မိတ်ဆွေများ၏ သမီးလေးတွေ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့် ရုံးနားချိန်များ၌ ရံဖန်ရံခါဆိုသလို ရောက်လာတတ်ကြ၊ စကားပြောတတ်ကြ၏။

" ဆရာ၊ မဝေမ တစ်ယောက် မတွေ့တာကြာလို့"

" အေးကွယ့် . . . ဦးတို့ရုံးခန်းကိုလည်း မလာတာကြာပြီ။ နေထိုင်မကောင်းများ ဖြစ်နေမလားမသိဘူး။ သမီးတို့လည်း ဝေမကို သတိရနေကြတယ်နဲ့ တူတယ် "

" ဟုတ်ကဲ့ဆရာ၊ သတိလည်းရတယ်။ ရစရာလေးလည်း ရှိလို့ပါဆရာ " ဝေမဆီက ရစရာ . . .

" ဟုတ်ကဲ့ဆရာ၊ သမီးရုံးမှာ ရက်ဆိုင်နဲ့ ရောင်းတဲ့ထဲက အထည်အချို့ မဝေမ ယူထားပါတယ် . . .

တွေ့တုန်းက တောင်းတော့ ညနေပေးမယ်။ မနက်ဖြန်ပေးမယ်ဆိုပြီး မပေးခဲ့ပါဘူး . . .

ခုတော့ မတွေ့တာ တော်တော်ကြာနေလို့ ဆရာတို့ဆီများ လာသေးလားလို့ "

ဝေမနှင့် ပတ်သက်၍ သည်လိုသတင်းမျိုး ကြားသည်မှာ ဒါပထမဆုံးဖြစ်သည်။ ယခင်က သည်လိုသတင်း တစ်ကြိမ်တစ်ခါမျှပင် မကြားဘူး။

www.burmeseclassic.com

www.burmeseclassic.com


ဒီကာ သမီးလေးတွေနှင့် ဝေမတို့ ကျွန်တော့် ရုံးခန်းမှာပင် တွေ့ဆုံမိကာ ခင်မင်ရင်းနှီးသွားကြခြင်း ဖြစ်သည်။ သို့သော် အထည်အကြွေးယူခြင်းကိစ္စကိုတော့ ဘယ်သူကမှ မပြော၍ မသိရ၊ ခုမှ သိရခြင်းဖြစ်၏။

" ငွေက ဘယ်လောက်များလဲသမီး "

" ငါးထောင်ဆဲပါ၊ မများပါဘူးဆရာ"

" အေးကွယ်၊ ဝေမအာနေနှင့် ဒီငွေလောက်ကို ခက်ခဲဟန်မတူပါဘူး၊ ဘာတွေများ ဖြစ်နေလည်း မသိဘူး။ အေးကွယ်၊ ဝေမလာရင် ဦး ရအောင်တောင်းထားပေးပါ့မယ်"

သမီးငယ် နှစ်ယောက် ပြန်သွားကြသည်။

ဝေမနှင့် ပတ်သက်သည့် စိတ်အနှောက်အယှက် ဖြစ်စရာက ဤမျှနှင့် ရပ်မသွား။ ခက်ပုံဆရာကိုတိုးဆိုသူ ရောက်လာခဲ့ပြန်၏။

" ဆရာ့တပည့်မက သူ့ပုံကို လှအောင် ရိုက်ပေးပါဆိုလို့၊ ကွန်ပျူတာအဖက်လုပ်ပြီး သေသေချာချာ ဆောင်ရွက်ပေးခဲ့တာပါ . . . "

www.burmeseclassic.com

www.burmeseclassic.com



ဆီဒိုးနားဟိုတယ် နောက်ခံနဲ့ ရိုက်ချင်တယ်ဆိုလို့ ဆီဒိုးနားဟိုတယ်ပုံကိုတောင် နောက်ခံ အောက်ဒိုး ထည့်ပေးခဲ့ရပါသေးတယ်။

“ ကျွန်တော့်တပည့်မ မဟုတ်ပါဘူး။ ကိုတိုးရဲ့ ”

“ မသိပါဘူးဆရာရယ်။ ဆရာ့ရုံးခန်းမှာပဲ အမြဲတွေ့နေရတော့ အလုပ်သင်ရှေ့နေဆင်းနေတဲ့ ဆရာ့တပည့်မလားလို့ပါ”

“ ဓာတ်ပုံဖိုးက ဘယ်လောက်လဲ ”

“သုံးထောင့်ငါးရာထဲပါဆရာရယ်။ ဆရာ့တပည့်မဆီက တောင်းပေးပါဦး ”

ဓာတ်ပုံဆရာကိုတိုး ပြန်သွားတော့ ကျွန်တော်တစ်စုံတစ်ခုကို ပြန်လည်အမှတ်ရမိ၏။

ဝေမ ဆီဒိုးနားဟိုတယ် မင်္ဂလာဆောင်သွားသည့်အကြောင်းနှင့် သတို့သမီးအတူ ပါဝင်သော မေတ္တာဖွဲ့ ဇာတ်လမ်းအကြောင်း။

အလိုလေး။ ဝေမစကားတွေက မုသာဝါဒတွေပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင် သူ့အဖေနဲ့ မောင်လေး၊ ညီမလေးတွေ တစ်နေ့ထဲတစ်ချိန်တည်း ကားမှောက်သေဆုံးကြရတယ် ဆိုတာကရော ဘယ်ရုပ်ရှင် ဇာတ်လမ်းထဲကလဲ။

တရုပ်ပြည်မကြီးမှာ အလုပ်လုပ်ခဲ့ရတယ်ဆိုတာ ကရော တကယ်မှ ဟုတ်ရဲ့လား။

ကျွန်တော်တို့ ရုံးခန်းသို့ ဝေမနေ့စဉ်လာနေခြင်းနှင့် ပတ်သက်ပြီး တစ်ချိန်က ပဟေဠိတစ်ပုဒ်ပမာ အဖြေရှာဖို့ ကျွန်တော် ကြိုးစားခဲ့ဘူး၏။ သို့သော် အဖြေကိုမူ မတွေ့ ခဲ့တော့ နည်းနည်း ရိပ်မိလာသလိုလိုရှိသည်။ ရေးတေးတေး တော့ ကျွန်တော် မြင်လာရလေပြီ။

ဝေမနှင့် ပတ်သက်သော သတင်း စကားကုန်ကြား ရသည်မှာ ရှေ့နေမကြီး ဒေါ်ခင်ခင်ဦးကြောင့် ဖြစ်သည်။

ဒေါ်ခင်ခင်ဦးမှာ တရားသူကြီးအဖြစ်မှ အငြိမ်းစား ယူပြီး ရှေ့နေ လိုက်နေသူဖြစ်၏။

အခြားသူများကဲ့သို့ပင် ဝေမနှင့် ကျွန်တော့်ရုံးခန်း မှာပင် တွေ့ဆုံမိပြီး ခင်မင်ရင်းနှီး ခဲ့ကြရခြင်းဖြစ်သည်။

သူတို့နှစ်ယောက် အတော်တွဲဖြစ်လိုက်ကြသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှပ်ရှင်တွေ အတူသွားကြည့်သည်၊ ဈေးအတူသွား ကြသည်၊ အတူတူ မုန့်စားထွက်ကြသည်။ ထိုအကြောင်း တွေကို အချိန်နှင့် တပြေးညီ ကျွန်တော်သိခဲ့ရ၏။

ဝေမတစ်ယောက် တိုးပွားအောင် လုပ်ပေးမည်ဆို ကာ ဒေါ်ခင်ခင်ဦးထံမှ ငွေငါးသောင်းချေးသည့်ကိစ္စ၊ အတိုးအပွားမရဘဲ၊ အရင်းပါ ဆုံးရကိန်းဆိုက်သည့် ကိစ္စ တွေကိုတော့ ဝေမပျောက်သွားတော့မှပင် ကျွန်တော်သိခဲ့ရ တော့သည်။

" အတိုးလည်းမရ၊ အရင်းလည်းမရဆိုတော့ ကျွန်မ လည်း သူ့အိမ်စုံစမ်းပြီး လိုက်ရတာပေါ့ . . .

ဝေမအိမ်ရောက်တော့မှ တစ်ကယ်အံ့ဩစရာ တွေ့ . .

" သူ့ယောက်ျား ဆိုတာလဲ တွေ့တယ် "

" အဲဗျာ၊ ဝေမမှာ ယောက်ျားရှိတယ် "

ဒေါ်ခင်ခင်ဦးပြောသလို၊ တစ်ကယ်အံ့ဩစရာ ပါပေ။ ဝေမကို အိမ်ထောင်မရှိသူ၊ လူလွတ် အပျိုကြီးဟု ထင်ခဲ့သမျှ ခုမှအလွဲကြီး လွဲတော့၏။ ဝေမကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



တလည်း သူမကိုယ်သူမ အိမ်ထောင်မရှိသူတစ်ယောက်လို ပြောဆိုခဲ့ဖူးသည်။

"ဝေမ့ယောက်ျားက အသက်ကြီးကြီး၊ ငွေမနဲ့လည်း အသက်အစိတ်၊ သုံးဆယ်လောက် ကွာတယ်။ ပြီးတော့ သူ့မှာ မယားကြီးလည်းရှိတယ်။ ဝေမကို တိုက်ခန်း ငှားပေးထားတယ်။ စားရေးဝတ်ရေးလိုလေသေးမရှိ ထောက်ပံ့တယ်။

သူကတော့ ရံဖန်ရံခါမှ လာတယ် . . .

ဝေမက လူအထင်ကြီးခံချင်တယ်။ သူ့ကိုယ်သူ ဂုဏ်သရေရှိ လူတန်းစားထဲ သွင်းထားတယ်။ နေထိုင်စား သောက်မှု ပုံစံကလည်း မြင့်တယ်။

ဒီတော့ သူ့ယောက်ျားပေးငွေနဲ့ ဘယ်လောက် တော့မှာလဲ။ ဒါကြောင့် ဆရာ့ရုံးခန်းလာထိုင်၊ လူတွေနဲ့ ခင်မင်အောင်ပေါင်း၊ နည်းမျိုးစုံနဲ့ ချေးငှား၊ မပေးနိုင်တော့ ဒီပတ်ဝန်းကျင်ကို ရှောင်တော့တာပေါ့"

ဒေါ်ခင်ခင်ဦးစကားအဆုံးမှာတော့ ကျွန်တော်တို့ ရှေ့နေကြီးများ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

စာမတတ် ပေမတတ် အညတြအရပ်သူ ဝေမ
မည်သော မိန်းမတစ်ယောက်၏ အသုံးချခြင်းကို ပညာရှိ
နေတော်မင်းများ သိုးငယ်လေးတွေပမာ လည်စင်း၍
ခံလိုက်ကြရပေပြီ။

တစ်ဦးနှင့်တစ်ဦး ပါးစပ်မှ ဖွင့်မပြောကြသော်လည်း
ဤသို့ပင် နားလည် လိုက်ကြပြီဖြစ်ပါတော့သည်။

(၄)

တစ်လောက အင်းစိန်ဈေးရှေ့ ကားမှတ်တိုင်တွင်
ကျွန်တော်ဝေမကို လှမ်းမြင်လိုက်ရသည်။

ကျွန်တော်က ဈေးရုံကြီးဘက်မှ အထွက်လမ်းမဖြ
ခြားနေ၍ ဝေမ ကျွန်တော့်ကို မမြင်။

အစုန်၊ အဆန် ကားတွေကလည်း အဆက်မပြတ်
ဖြစ်နေ၍ လမ်းကို ရုတ်တရက် ဖြတ်မကူးနိုင်။

ထို့ကြောင့် ဝေမကို ကျွန်တော် လှမ်းခေါ်လိုက်
သည်။

www.burmeseclassic.com

www.burmeseclassic.com


" ဟော့ . . . ဟော့. . . ဝေမ "

ဝေမကိုယ်လုံးလေး ဆတ်ကနဲတုန်သွားသလို ရှိသည်ဟု ကျွန်တော်ထင်သည်။

ထိုခဏမှာပင် ထွက်စပြုနေသည့် (၄၈) မိနစ်ဘတ်စ်ကားအပေါ် ဝေမ အပြေးအလွှားတက်ပြီး လိုက်ပါသွားသည်။

ကျွန်တော့်ခေါ်သံကို ကြား၍ကားပေါ်လိုက်ပါသွားခြင်းလား၊ ကျွန်တော့်ခေါ်သံကို ကြားသော်လည်း ကြေးဟန်ပြုသွားခြင်းလား ဆိုသည်ကိုတော့ ဝေမသာ အသိဆုံးဖြစ်ပါပေလိမ့်မည်။

◈◈◈

www.burmeseclassic.com

www.burmeseclassic.com

# တစ်ဆယ့်သုံးတစ်လီအမုန်း

(တစ်)

" သူ့ဆီက ဖြေရှင်းချက်ကို မနက်ဖြန်ပဲသမီးလိုချင်တယ် အန်ကယ် "

" ဟေ "

ဆန္ဒစောလွန်းသော သူမစကားကြောင့် ကျွန်တော် အလန့်တကြား 'ဟေ' လိုက်မိသည်။

ချက်ချင်းပင် သူမကို ကြည့်လိုက်၏။

လှပသော သူမ၏ မျက်နှာပေါ်မှာ မိန်းမငယ်ယောက်ရဲ့ မာန်မာနတွေ ထင်ထင်ရှားရှား ကျွန်တော်တွေ့နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



" နာကြည်းခံပြင်းခြင်း၊ မကျေနပ်ခြင်းတွေ စွန်းထင်းမေကျုံနေသော သူမမျက်နှာက လှပစွာပင် တင်းမာနေသည်။

တစ်ဆယ့်သုံးနှစ်တိတိ ရည်းစားဖြစ်ခဲ့သူ ဖွေဖောက်သောကြောင့် အမှုလာအပ်ခြင်း ဖြစ်သည်။

" ချစ်ကြတုန်းကတော့ သတ်သတ် အချိန်ဆွဲနေကြတယ်၊ သမီးရည်းစားသက် တစ်ဆယ့်သုံးနှစ်တိတိ မလိုအပ်ဘဲ အချိန်ဖြုန်းနေခဲ့တယ်၊

ခုတော့ ရှေ့နေတို့ ပေးစမြဲဖြစ်သော နို့တစ်ရက်ချိန်းလေး တစ်ပတ်၊ နှစ်ပတ်မျှကိုပင် မစောင့်နိုင်တော့ဘူးတဲ့လား "

ယခင် ရဲ့အရာရှိဘဝတုန်းက ကျွန်တော် မကျေနပ်လျှင် ချက်ချင်း၊ စိတ်အချဉ်ပေါက်လျှင် တွယ်ထည့်တတ်သည်။

ထိုအကျင့်က ယခုလည်းနှုတ်ဖျားအထိရောက်လာ၏၊ ထို့ကြောင့်အလျှင်အမြန် ဘာရိတ်အုပ်လိုက်ရသည်။

စိတ်ခံစားမှုကို အလျှင်စလိုတုန့်ပြန်၍ မဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အနေအထားကို အပ္ပမာဒေနသမာဒေထ လိုက်ရသည်။

တကယ် စေ့စေ့တွေးတော့လည်း ရေးရေးပေါ်ပါ၏။

အပြစ်က သူ့မှာ မရှိ၊ ကျွန်တော့်မှာ ရှိသည်။

ရဲအုပ်အဆင့်မြင့် စီအိုင်ဒီက အငြိမ်းစားယူပြီး အေးအေးချမ်းချမ်းနေထိုင် စားသောက်နိုင်ပါလျက် ငွေကြေးအတွက်မဟုတ်၊ ဂုဏ်သိက္ခာအတွက်လည်း မဟုတ် ထင်ပေါ်ကျော်ကြားချင်လို့ ဆိုရင်လည်း ပိုပြီးမဟုတ် (ရှေ့နေလုပ်ချင်၍ လုပ်နေခြင်းသာဟု ပြောရမည် ထင်သည်)

လွန်ခဲ့သည့် အနှစ် နှစ်ဆယ်ကျော်ကတည်းက ယူထားသည့် ရှေ့နေလိုင်စင်လေးကို ချောင်ကြိုချောင်ကြားက ရှာဖွေထုတ်ယူမိသည်၊ သေနေသည့် လိုင်စင်ကို ဖုတ်ဖက်ခါကာ အသက်သွင်းရသည်။ အသက်ရှင်တော့မှ အင်းစိန် စုပေါင်းရုံးဝင်းထဲတွင် ပညာရှိမင်း အချို့နှင့် ပူးပေါင်းပြီး 'ပဥ္စဂုဏ်ရည် အကျိုးဆောင်' ရှေ့နေရုံးခန်း ဖွင့်၏။ သည်မှ

www.burmeseclassic.com

www.burmeseclassic.com



တဲကဲတက်မိခဲ့၏။

ရှေ့နေဆိုမှတော့ အမှုသည်တွေနှင့် စကားပြော ရမည်၊ ဘယ်အမှုသည်ဖြစ်ဖြစ် သူ့ဟာနဲ့သူတော့ အရေး ကြီးနေကြသည်၊ အမှုအပ်သည်နှင့် သူတို့ဆန္ဒတွေချည်း ဖြစ်ချင်ကြ၏။ သူတို့ လိုအင်ကိုပဲ ရှေ့တန်းတင်ချင်ကြ၏။

ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အဓိပ္ပာယ်ဖွင့်ဆို ချက် ထုံးထမ်းစဉ်လာတွေကျ ဘာတစ်ခုမှ အလေးမထား၊ သိလည်း မသိ၊ (တချို့သိချင်ဟန်ဆောင်တတ်ကြသေး၏) ခုလည်း အမှုသည်တစ်ယောက် ရောက်ချလာပြန်ချေပြီ။

ထုံးစံအတိုင်း ဥပဒေနှင့် ငြိစွန်းသော အချက် အလက်များ ဖော်ပြကာ တစ်ပတ် (သို့မဟုတ်) နှစ်ပတ် အတွင်း ကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှဲအပ်ထားသော အကျိုးဆောင်က လာရောက် ရှင်းလင်းဖို့ နို့တစ်စာပို့ရမည်၊ တ်ချိန်းပေးရမည်။

ဤသည်ကို မနက်ဖြန်ချိန်းပေးပါ။ မနက်ဖြန်ပဲ သူ့ဆီက ဖြေရှင်းချက် လိုချင်သည်ဆိုတော့ . . .

စိတ်အချဉ်ပေါက်စွာ မအီမလည်ခံစားရသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဘာမှတော့ ပြောမနေတော့၊ ရွှေနေပိပိ အပြုံးတုတစ်ခုကို သာ ပိပိရိရိ ပြုံးရင်း ကိုယ့်ကိုယ်ကို ဆုံးမနေမိပါသည်။

" သည်းခံ၊ သည်းခံ၊ ကိုယ့်ဘာသာ ကိုယ် တဲတဲ တတ် ရွှေနေလောကထဲ ဝင်လာတာဆိုတော့ ဒီလောက် တော့ ရှိမှာပေါ့၊ သည်းခံ၊ သည်းခံပေတော့. . . "

(နှစ်)

ပြောလို့သာ ပြောရသည်။ ယနေ့သည် မင်္ဂလာရှိ သောနေ့ ဖြစ်၏။ ရွှေနေပြောပြောရလျှင် အမှုရသောနေ့ သည် မင်္ဂလာရှိသည်မဟုတ်ပါလား။

ထို့ကြောင့် သူမ ရောက်လာခြင်းကို (ဘာပဲဖြစ်ဖြစ်) မင်္ဂလာရှိသော လာခြင်း၊ ကောင်းမြတ်သော လာခြင်းဟုပဲ ဆိုရမည်ဖြစ်သည်။

" သမီးနဲ့ သူ ရည်းစားဖြစ်ခဲ့ကြတာ တစ်ဆယ့်သုံး နှစ် ပြည့်ပြီးပါပြီ အန်ကယ် "

သည်စကားကြောင့် ကျွန်တော် ပို၍ စိတ်ဝင်တစား ဖြစ်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟိုးရှေးရှေးတုန်းကပင် သုံးနှစ်သုံးမိုးသာ စောင့်ကြည့်ကြ၏။ အင်တာနက်ခေတ်၊ တက်ကနော် လော်ဂျီခေတ် ချစ်သူတွေက ရှေးခေတ်ကို စံချိန်အပြတ် အသတ်ချိုးတာ ရည်းစားသက်တမ်း သည်လောက် ကြာသည်ဆိုတော့. . .

ကျွန်တော်က ဆက်မစဉ်းစားတော့ပဲ သူမစကားကိုသာ အလေးထား၍ နားထောင်နေလိုက်သည်။

" သူနဲ့ သမီးက သက်တူရွယ်တူပါ။ သမီး ဆယ်တန်းနှစ်မှာ စကြိုက်ကြတာပါ။

စာကြိုးစားမယ်၊ ဘွဲ့ရပြီးမှ လက်ထပ်ကြမယ်လို့ ညှိရွယ်ချက်ထားခဲ့ကြတယ်။

မေဂျာတစ်ခုတည်း ယူတဲ့အတွက် တက္ကသိုလ်မှာ သည်း မခွဲကြရပါဘူး အန်ကယ်။

ဘွဲ့ရပြီးတော့ သမီးက အိမ်အလုပ်ဖြစ်တဲ့ သစ်သီး ဒိုင်မှာပဲ ဦးစီးပြီး လုပ်တယ်၊ သူကတော့ ရုံးတစ်ရုံးမှာ စာရေး ဝင်လုပ်ခဲ့ပါတယ်။

သမီးတို့နှစ်ယောက် လက်ထပ်ဖို့အရေး ထင်

www.burmeseclassic.com

www.burmeseclassic.com



သလောက်မလွယ်ဘူးဆိုတာလည်း အဲဒီအချိန်မှာ သိလိုက်ရပါတယ်။

သမီးက တစ်ဦးတည်းသော သမီးဖြစ်ပြီး အိမ်ရဲ့ စီးပွားရေး အခြေအနေကလည်း ကောင်းတယ်၊ ကိုယ်ပိုင်ခြံနဲ့ ကိုယ်ပိုင်လုံးချင်း တိုက်နဲ့၊ ကိုယ်ပိုင်ကားနဲ့ နေနိုင်ကြတယ်။

ဒီတော့ သမီးရဲ့ မိဘတွေက သူနဲ့ လုံးဝသဘောမတူဘူး၊ သူတို့ မိသားစုက နွမ်းပါတယ်၊ ပြီးတော့ ညီအစ်ကိုမောင်နှမတွေလည်း များကြတယ်လေ။

သမီးသာ သူ့ကို လက်ထပ်ရင် ဖေဖေနှင့်မေမေ စိတ်ဆင်းရဲပြီး အပ်ရာထဲ လဲသွားနိုင်တယ်၊ ပြီးတော့ သမီးကိုလည်း အမွေဖြတ် ကြေညာကြမှာ။

သမီးတို့ လက်မထပ်ဖြစ်တာ ဒီအတွက်ကြောင့်ပါ။

ပြီးခဲ့တဲ့ နှစ်လလောက်ကတော့ သူ့ခြေလှမ်းတွေပျက်လာတာ သမီး သတိထားမိတယ် အန်ကယ်။

သူတို့ရုံးက ကောင်မလေးတစ်ယောက်နဲ့သူ တွဲနေတယ်လို့လည်း သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရုံးကို သမီးလိုက်ရှင်းတယ်၊ သူက ငြင်းတယ်၊ ကောင်မလေးကလည်း မဟုတ်တဲ့အကြောင်း ဖြေရှင်းတယ်။

ပြီးခဲ့တဲ့ တစ်လလောက်ကတော့ သူတို့နှစ်យောက် လက်ထပ်ဖို့စီစဉ်နေတယ်ဆိုတဲ့အကြောင်း ထပ်ကြားရပါတယ်။

သမီး သူ့အိမ်သွားတယ်၊ အိမ်မှာမတွေ့ဘူး၊ သူ့မိဘတွေမေးကြည့်တော့ ဒီအကြောင်းတွေ ဘာမှ မသိရဘူးလို့ပဲ ပြောပါတယ်၊ ရုံးလိုက်သွားတော့လည်း သူတို့ နှစ်ယောက်စလုံး ခွင့်ရက်ရှည် ယူထားတယ်လို့ သိရတယ် အန်ကယ်၊ မနေ့ကထိ လုံးဝရှာလို့မရဘူး။

ဒီအတိုင်းဆိုရင် သူတို့နှစ်ယောက် လက်ထပ်မှာ သေချာနေပါပြီ။

တရားရုံးက စကားပြောမှပဲဖြစ်တော့မှာမို့ အန်ကယ့်ဆီ သမီးလာခဲ့တာပါ အန်ကယ် ”

ချစ်သူအပေါ် နာကျင်စိတ်၊ မခံချင်စိတ်တွေနှင့် ဒေါ်မာန်ပါပါပြောရသဖြင့် သူမ နဖူးနှင့် မျက်ဝန်းတစ်ခို

www.burmeseclassic.com



ချွေးလေးတွေ စို့လာသည်ကို ကျွန်တော် တွေ့နေရ၏။

သူမပြောတဲ့စကားအရဆိုလျှင် သူမချစ်သူကို 'ချစ်သူသစ္စာဖောက်ဖျက်ပုန်ကန်မှု' ဖြင့် အရေးယူရမည့် တိန်းဆိုက်နေသည်။ သို့သော် သည်ပုဒ်မက မရှိ ပြစ်မှုဆိုင်ရာ ဥပဒေမှာလည်း မပါ၊ စီရင်ထုံးများမှာလည်း မတွေ့မိ၊ ဓလေ့ထုံးထမ်းစဉ်လာမှာပင် နတ္ထိ။

ကျွန်တော့်ကို ပြောမပြသည့် လျှို့ဝှက်ချက်တစ်ခု သူမ ချန်ထားသေးကြောင်း ကျွန်တော် သိလိုက်၏။ သို့သော် မသိချင်ဟန်ဆောင်၍

" ချစ်သူရည်းစားကို စွန့်ပစ်ပြီး အသစ်ရှာတဲ့အတွက်တော့ အရေးယူလို့ မရဘူးနော် သမီး"

" ဟုတ်ကဲ့ အန်ကယ် "

" သမီးတို့နှစ်ယောက် တရားဝင် လက်ထပ်မထားပေမယ့် အနောက်နိုင်ငံတွေလို 'လစ်ဗင်းတူဂဲသား' နေခဲ့သေးလား၊ သက်သေ ခိုင်ခိုင်လုံလုံ ပြနိုင်ရင် မြန်မာ့ထုံးတမ်းစဉ်လာ ဥပဒေအရ လင်ခန်းမယားခန်း မြောက်တယ် ဒါဆိုရင်တော့ ဥပဒေနှင့် ညီညွတ်တဲ့ အကြောင်းပြချက်

www.burmeseclassic.com

www.burmeseclassic.com


တစ်ခုခုနှင့် စွဲဆိုနိုင်တယ်၊ ဆင့်ခေါ်နိုင်တယ် ”

“ အဲဒီလိုလည်း မနေခဲ့ကြပါဘူး အန်ကယ် ”

“ ဒါဆိုရင်တော့ ဘာမှ လုပ်လို့မရဘူးလို့ ပြောရမှာ ပဲ သမီးရေ ”

ထိုအခါကျမှပင် သူမ၏ လျှို့ဝှက်ချက်ကို သူမက ပြောပြပါတော့သည်။

“ ဒီကြားထဲမှာ သမီးနဲ့ သူနဲ့ လွန်လွန်ကျူးကျူး ဖြစ်ခဲ့ကြတယ်ဆိုရင်ရော အန်ကယ် ”

“ စောစောက ပြောပါလားသမီးရယ်၊ ဒီအတိုင်း ဆိုရင်တော့ ဥပဒေနဲ့ ညီတဲ့ အကြောင်းပြချက်ရပါပြီ။

လက်ထပ် ထိမ်းမြားပါမယ်လို့ ယုံကြည်အောင် ပြောပြီး ကာမကို လိမ်လည်ရယူမှု၊

လိမ်လည်မှု ပုဒ်မပေါ့ သမီးရယ်။

မည်သူမဆို လိမ်လည်မှု ကျူးလွန်လျှင် ထိုသူကို (၁) နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးကို ဖြစ်စေ၊ ငွေဒဏ်ဖြစ် စေ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ချမှတ်ရမယ်လို့ ပြစ်မှုဆိုင် ရာ ဥပဒေပုဒ်မ ၄၁၇ မှာ ပြဋ္ဌာန်းထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီပုဒ်မနှင့် အကျုံးဝင်အောင် ဖော်ပြပြီး လာ
ရောက်ဖြေရှင်းဖို့ သူ့ကို ဆင့်ခေါ်နိုင်တယ်။ ကျေနပ်အောင်
ဖြေရှင်းမပေးရင် အဲဒီပုဒ်မနဲ့ တရားစွဲနိုင်တယ်"

" သူ့ကို ထောင်တွေ ဘာတွေတော့ မကျစေချင်ပါ
ဘူး အန်ကယ် "

" တုတ်ပါပြီ၊ ဒါအဓိကပဲ၊ သမီးဘယ်လိုဖြစ်ချင်
သလဲ၊ ဘယ်လိုလုပ်ချင်သလဲ"

" သမီးကတော့ သူနဲ့ တွေ့တာနဲ့ ဆွေးနွေးမယ်
ပြီးတော့ လက်ထပ်ကြမယ် "

" ဖြစ်ပါ့မလား၊ သမီးမိဘတွေ အိပ်ရာထဲ လဲလို့
မယ်"

" မတတ်နိုင်တော့ဘူး အန်ကယ်၊ အကျိုးအ
ကြောင်းတော့ ရှင်းပြရမှာပေါ့"

" သမီးကို အမွေဖြတ်ကြေညာရင်ကော "

" သူ့ကို လက်လွှတ်ဆုံးရှုံးရမှာပဲ အကြောင်း
ဖြစ်နေပြီ အန်ကယ် "

ချစ်ဆိပ်တက်နေပြီဖြစ်သော သူမအတွက် ဆွေး

www.burmeseclassic.com

www.burmeseclassic.com



ညှိနှိုင်းခြင်းဖြင့် ရရှိနိုင်သော အကျိုးများကို ပြောပြပြီး နို့တစ်စာ တစ်စောင်ရေးသည်။

ရေးပြီးသည်နှင့် ကွန်ပျူတာစာစီပြီး မိတ္တူနှစ်စုံ ကူးလိုက်၏။

နို့တစ်စာမှာ ' သင်ကိုယ်တိုင် (သို့မဟုတ်) သင်၏ ကိုယ်စား တရားဝင်လွှဲအပ်ခြင်း ခံရသူကိုယ်တိုင် အကြောင်းကြားစာ ရသည့်နေ့မှ (၁၅) ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ အမှုသည်ထံသို့ ဖြစ်စေ လာရောက်၍ ဆွေးနွေး ဖြေရှင်းညှိနှိုင်းရန် အကြောင်းကြားအပ်ပါသည် " ဟု ကျွန်တော်က ရေးခဲ့၏။

၅ှသည်မှာ သူမက အကွန့်အညွန့်လေးနှင့် အတွန့်တက်ခြင်းဖြစ်သည်။

" သူ့ဆီက ဖြေရှင်းချက်ကို မနက်ဖြန်ပဲ သိမ်းလိုချင်တယ် အန်ကယ် " ဟု ပြော၏။

မည်သို့ဖြစ်စေ ကွန်ပျူတာစာစီစာရိုက်ခ မိတ္တူကူးခ၊ နို့တစ်စာအကျိုးဆောင်ခစသည်ဖြင့် တာဝန်ကျေကျေ ပွင့်လင်းရှိသော သူမအကြိုက်လိုက်ကာ (၈) ရက်လျှော့ပေးခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ' ၇ - ရက်အတွင်း ' ဟု ပြုပြင်ပေးလိုက်သည်။

သူမလည်း ' သမီးကိုယ်တိုင်သွားပေးမယ် ' ဟု ပြော၍ နို့တစ်စာကိုင်ကာ ကျွန်တော့်ရုံးခန်းမှ ငှက်သွင်ပျံကြွ မတက် ထွက်ခွာသွားပါလေတော့သည်။

(သုံး)

" သင်သည် ကျွန်ုပ်၏ အမှုသည် မခင်ဝေလွင်အား တရားဝင်လက်ထပ် ထိမ်းမြားပါမည်ဟု ယုံကြည်အောင် ပြောဆို၍ ကာမကို လိမ်လည်ရယူခဲ့ကြောင်း ကျွန်ုပ်၏ အမှုသည်မှ ပြောကြားခဲ့ပါသည်"

ဥပဒေပြဋ္ဌာန်းချက်နှင့် ဆီလျော်အောင် နို့တစ်စာတွင် အထက်ပါအတိုင်း ကျွန်တော် ရေး၏။

(၇) ရက်အတွင်း လာရောက်ရှင်းလင်းရန်လည်း ရေးခဲ့၏။

သို့သော် ခုနှစ်ရက်တင်းတင်းပြည့်သော်လည်း မည်သူမှမလာ၊ ထိုမှ ကျော်ကာ (၁၅) ရက် ပြည့်သော်ခဲ့ပြန်၏။ မည်သူမျှ မရောက်လာကြ။

www.burmeseclassic.com

www.burmeseclassic.com



စွပ်စွဲခံရသူ မောင်သန်းထွေးနှင့် သူ၏ကိုယ်စား လှယ် ရှေ့နေတစ်စုံတစ်ယောက် မလာရောက်သည်က ထားဦး . . .

စွပ်စွဲသူ ကျွန်တော့်အမှုသည် မခင်ဝေလွင် ကိုယ်တိုင်ပင်လျှင် ကျွန်တော့်ထံ ရောက်မလာခဲ့။

ကျွန်တော့်ဟန်းဖုန်းနံပါတ် သူမထံ ရှိနေပါလျက် ဖုန်းလည်းမဆက်။

မည်သည့်အကြောင်းကြောင့်နည်း။ သို့လော - သို့လော ကျွန်တော် တွေးရတော့၏။

နို့တစ်စာတွင် ပါရှိသည့်အတိုင်း မောင်သန်းထွေး ကိုယ်တိုင်မခင်ဝေလွင်နှင့် ဆွေးနွေး ညှိနှိုင်း၍များ ဖြေရှင်းပြီး ကြပြီလား။ ပြေလည်သွား၍များ ကျွန်တော်ထံ အကြောင်း ကြားတော့ခြင်းလား၊ ဖြစ်နိုင်သည်။ ဤအတိုင်းပင် ဖြစ်ရ မည်ဟု ကျွန်တော်တစ်ထစ်ချ ယူဆထားလိုက်၏။

အမှန်တကယ်လည်း ကျွန်တော့်ယူဆချက် မှား ယွင်းမှု မရှိခဲ့။

တစ်လခန့်အကြာ ညနေခင်းတစ်ခု၌ အင်းစိန်ဈေး

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် သူမကို တွေ့လိုက်ရ၏။

သူမဘေးတွင် အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ မပိန်မပါးနှင့် ရုပ်ဖြူသော လူငယ်တစ်ယောက်ကို တွေ့ရသည်။

" ဒါ ကိုသန်းထွေးလေ အန်ကယ်၊ မနေ့ကပဲ သမီးတို့ မင်္ဂလာဆောင်ပြီးကြပြီ "

" ဒီလို တွေ့ရတာ ဝမ်းသာပါတယ်ကွယ် "

အလ္လာပ သလ္လာပ တစ်ခွန်းစ၊ နှစ်ခွန်းစပြောပြီး ကျွန်တော်တို့ လမ်းခွဲခဲ့ကြသည်။

သူတို့ချစ်သူနှစ်ဦး အဆင်ပြေသွားကြသည့်အတွက် ကျွန်တော် အမှန်ပင် ဝမ်းသာမိပါသည်။

သည်လို အဆင်ပြေအောင် ကျွန်တော်ရေးသည့် နို့တစ်စာ၏ စွမ်းအင်တန်ခိုးလည်း ပါသည်ကို ကျွန်တော် ဂုဏ်ယူမိလိုက်သေး၏။

ပတ်သက် စပ်ဆိုင်ခဲ့သော အခြေအနေများ၌ မောင်သန်းထွေး သူမအား လက်မထပ်၍ကိုမဖြစ်

လက်မထပ်လျှင် ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇

www.burmeseclassic.com

www.burmeseclassic.com


နှင့် သူမက တရားစွဲမည်၊ အမှုရင်ဆိုင်ကြရမည်။

သည်အချက်ကို ကျွန်တော့်နို့တစ်စာတွင် အတိ အလင်း ဖော်ပြကာ မီးမောင်းထိုးပြထားသည်။

သို့အတွက်ကြောင့်သာ ချစ်သူနှစ်ဦး ဤမျှ မြန်မြန် ဆန်ဆန် ပေါင်းသင်းကြရခြင်း ဖြစ်ပါသည်။

အသစ်တစ်ဖန် မွေးဖွားခဲ့သော အချစ်နှင့် ပတ်သက် သော ကိစ္စအဝဂတွေ မောင်သန်းထွေး ဘယ်လို ရှင်းထား ခဲ့သည်ကိုတော့ ကျွန်တော် မသိ။

သိလည်း မသိချင်၊ တွေးလည်း မတွေးချင်။

ကျွန်တော့်အမှုသည် မခင်ဝေလွင်တစ်ယောက် တရားဥပဒေ၏ အကာအကွယ် ရရှိရေးကိုသာ ကျွန်တော် တွေးရမည် ဖြစ်သည်။

ယခုတော့ ချစ်သူနှစ်ဦး လက်ထပ်သွားကြပြီ။

"အမှုပြီးပြီ၊ ကိစ္စပြတ်ပြီ"

ဟု ထိုအချိန်က ကျွန်တော် တွေးမိခဲ့သည်။

သို့သော် ထိုအတွေးက ကျွန်တော့်အတွေး၊ ကျွန် တော့် ထင်မြင်ချက်သာ ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက ယခုမှစရုံ ရှိသေးသည်ကို ရက်အနည်းငယ်ကြာမှ ကျွန်တော် သိလိုက်ရပါတော့သည်။

(လေး)

" အန်ကယ်ရေ ကိုသန်းထွေးတော့ ခြံခုန်သွားပြန်ပြီ"

ထိုနေ့က ကျွန်တော့်ရုံးသို့ မခင်ဝေလွင် ရောက်လာကာ ခရီးရောက်မဆိုက်ပင် ပြောသည်။

" သူ့ရုံးက ကောင်မလေးနဲ့ ပြန်ဆက်သွားတာလား"

" ဆက်တာလောက်ဆို တော်သေးတာပေါ့ အန်ကယ်၊ ခုဟာက ခိုးကို ခိုးပြေးသွားတာ"

ကျွန်တော် အံ့အားသင့်သွားမိ၏။

မခင်ဝေလွင်နှင့် လက်ထပ်ခဲ့သည်ကပင် ငါးရက်သာ ရှိသေး၏။

မောင်သန်းထွေးဘယ်အကွက်ကို ဆင်ပြီး အဘယ်ခွင်ကို ဖန်သနည်း။

www.burmeseclassic.com



တစ်ခဏအတွင်းမှာပင် အဖြေကိုရှာ၍ ရလိုက်၏။

တစ်ဆယ့်သုံးနှစ်တိတိ သိမ်းရည်းစားမကာ လင်မယားမကျ နေခဲ့သော မခင်ဝေလွင်ကို သူ ငြီးငွေ့စိတ်ပျက်ဟန်တူ၏။

ငြီးငွေ့ရသည့်အထဲ ပကာသနတွေ၊ ဂုဏ်မနေတွေနဲ့ တိုင်းတာလာတော့ ပို၍ စိတ်ပျက်သွား ဟန်တူ၏။

စိတ်၏ ထွက်ပေါက်ကို ရှာရင်းရုံးက ကောင်မလေး၏ ငြိတွယ်သွားဟန်တူ၏။ ကျွန်တော်၏ အတွေးမျှသာဖြစ်၍ မှန်/မမှန် မသိပါ။

သူတို့နှစ်ယောက် လက်ထပ်ဖို့ ကြံစဉ် မူလလက်ထောင်း အချစ်ဦး ကျွန်တော့်အမှုသည် မခင်ဝေလွင် သိသွားခြင်း ဖြစ်မည်။

ဤသို့ဖြင့် ကျွန်တော့်နှင့်တစ်စာသူထံ ရောက်သွားမည်။

သည်မှာတင် . . . သည်မှာတင် . . .

'မောင်သန်းထွေး၊ မခင်ဝေလွင်ကို လက်တော့လက်ထပ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စတိသဘော၊ တရားစွဲ၍ မရအောင် လက်ထပ်သည့် သဘော၊ သည်သဘော၊ သည်အကြံဲ ဖြစ်မည်။

ထို့ကြောင့်သာ လက်ထပ်ပြီး (၅) ရက်အကြာမှာ ရှုံးက ကောင်မလေးကို ထပ်ခိုးခဲ့သည်။ နောက်မိန်းမယူ သည်။

ယောက်ျားကောင်း မောင်းမတစ်ထောင်ဟု ဆို သည်။ မောင်သန်းထွေး အရွယ်ရောက်ပြီး လွတ်လပ်သော မိန်းမတစ်ယောက် ထပ်မံယူခြင်းအတွက် အရေးယူရမည့် ပုဒ်မမရှိသေး။

" သမီး ဘယ်လိုလုပ်ရင် ကောင်းမလဲ အန်တယ် "

" သူက နောက်မိန်းမတစ်ယောက် ထပ်ယူတာဆို တော့ ကြီးမားတဲ့ အိမ်ထောင်ရေး ဖောက်ပြန်ကျူးလွန်မှုပဲ၊ ဒါကြောင့် သမီးအနေနဲ့ သူ့ကို လင်ယောက်ျားအဖြစ်က ကွာရှင်းခွင့် လျှောက်ထားနိုင်တယ်၊ ပြီးတော့ သမီးလိုအပ် ရင် မယားစရိတ်နဲ့ နစ်နာကြေးတွေ တောင်းခံနိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဆုံးအဖြတ်ကတော့ တရားရုံးအပေါ် မှာပဲ မူတည်တယ်"

"သမီးလိုချင်တာ အဲဒါတွေမှ မဟုတ်ဘဲ၊ သူ့ကို သမီးဆီ ပြန်လာစေချင်တာပဲ အန်ကယ် "

ကျွန်တော် ခေါင်းကို ယမ်းခါပြသည်။

" မလွယ်ဘူးနဲ့ တူတယ် "

" သမီးပိုင်တဲ့ လက်ဝတ်လက်စားတွေ ယူသွားပါ တယ်ဆိုပြီး အမှုဖွင့်လိုက်ရင် မကောင်းဘူးလား"

" ခေါင်းအေးအေးထား စဉ်းစားပါဦးကွယ်၊ အန်ကယ်ကတော့ လိမ်ညာအမှုဆင်ပြီး ချောက်ချတဲ့ အလုပ်မျိုး မလုပ်ဘူးနော် သမီး "

နောက်ဆုံး သည်အတိုင်းပြတ်ပြတ် ပြောလိုက်ရ သည်။ မပြော၍လည်း မဖြစ်။

သူမကတော့ ငယ်ချစ်ဦးချစ်လင်ကို တစ်ဦးတည်း ပိုင်ဆိုင်ခွင့်ရရေးအတွက် အထက်လမ်း၊ အောက်လမ်း၊ ရရာ လမ်းတွေ လျှောက်တော့မည်။

အေးအေးဆေးဆေး နေနိုင်ပါလျက် ကိုယ့်ဖာသာ ကိုယ် ကဲကဲတက် ရှေ့နေလုပ်ချင်သူမို့ မုသာဝါဒအမှုသ



www.burmeseclassic.com

www.burmeseclassic.com


မပါချင်၊ အဝီစီလည်း သူ့အခါတော်ပေးအဖြစ် တစ်တွဲတည်း ပါမသွားချင်။

သို့အတွက်ကြောင့် ပြတ်ပြတ်သားသား ပြောရခြင်းဖြစ်သည်၊ သူမလည်း ကျွန်တော့်ကို နှုတ်ဆက်၍ လေးကန်ဖင့်နွဲ့သော ခြေလှမ်းတွေနဲ့ ပြန်သွားခဲ့သည်။

သို့သော် . . . သိပ်မကြာ . . .

သူမကို အင်းစိန်တရားရုံးမှာ ရုံဖန်ရံခါ ဆိုသလို တွေ့လာရ၏၊ ထိုအခါမျိုး၌ သူမဘေးတွင် တိုက်ပုံအနက်ရောင်ဝတ် ယောက်ျားတစ်ဦးပါလာတတ်၏။

အကျိုးဆောင်ရှေ့နေတစ်ဦး အကူအညီနဲ့ မောင်သန်းထွေးကို အသေရရ အရှင်ရရ ထပ်မံကြိုးပမ်းနေမှန်း ကျွန်တော် သဘောပေါက် လိုက်ပါသည်၊

ပြဿနာက ယခုမှ စခါစဖြစ်သည်၊

ဘယ်တော့မှ ရှင်းမည်မသိ။

ဘယ်လိုဘယ်ပုံ ပြီးဆုံးမည်လည်း ကျွန်တော် မသိ။

ကျွန်တော်သိသည်က 'တစ်ဆယ့်သုံးနှစ် ကြာတဲ့အထိ ရည်းစားဖြစ်လျှင် မုန်းပြီး ကွဲတတ်သည်' ဟူသော

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


ဥပဒေသတစ်ခုပင် ဖြစ်ပါသည်။

ထို့ကြောင့် ချစ်သူစုံတွဲများ မိမိတို့၏ ရည်းစားသက်တမ်းကို (၁၃) နှစ်ထိ မနေကြရန် မေတ္တာရည်၍ တိုက်တွန်းရုံမှတစ်ပါး ကျွန်တော့် အနေနဲ့ အခြား ဘာမျှတတ်နိုင်ပါမည်နည်းဟူ၍သာ။

စာဖတ်သူများအား

ထာဝရချစ်ခင်လေးစားလျက်

BURMESE CLASSIC

မောင်မြိုင်းညို (ချောင်းဦး)

◈◈◈

www.burmeseclassic.com